ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းသောဘဝသို့**

အပြစ်ကို အပြစ်ဟုသိ၊ အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကုန်သော၊ မှန်သော အယူရှိကုန်သော သူတို့သည် ကောင်းသောဘဝသို့ သွားကုန်၏။ (ဓမ္မပဒ-၃၁၉)

၁၃၇၈ ခုနှစ် နယုန်လဆန်း ၃ ရက် ဗုဒ္ဓဟူးနေ့ 8, Wednesday June 2016 (၈၅၈၆)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့် ဇနီးတို့အား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇွန် ၇**

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး နှင့် ဇနီးတို့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ (သတင်းစဉ်)

## မြန်မာနိုင်ငံသားများ သာမန်နိုင်ငံကူးလက်မှတ်ဖြင့် စင်ကာပူနိုင်ငံသို့ သွားရောက်ရာတွင် ဗီဇာလျှောက်ထားစရာမလိုဘဲ ရက်ပေါင်း ၃၀ နေထိုင်ခွင့်ရတော့မည်

**နေပြည်တော် ဇွန် ၇**

စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံး၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ဗီဇာကင်းလွတ်ရက်ပေါင်း ၃၀ နေထိုင်ခွင့် အပြန်အလှန်သဘောတူညီချက်ကို လဲလှယ်ခဲ့ကြသည်။

ထိုသဘောတူညီချက်အရ မြန်မာနိုင်ငံသားများ သာမန်နိုင်ငံကူးလက်မှတ် (Ordinary Passport) ဖြင့် စင်ကာပူနိုင်ငံသို့ သွားရောက်ကြရာတွင် ဗီဇာလျှောက်ထားစရာမလိုဘဲ ရက်ပေါင်း ၃၀ နေထိုင်ခွင့်ရရှိတော့မည်ဖြစ်သည်။

အလားတူ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ စင်ကာပူနိုင်ငံသားများအနေဖြင့်လည်း မြန်မာနိုင်ငံသို့ ဗီဇာလျှောက်ထားစရာ မလိုတော့ဘဲ လာရောက်နိုင်ပြီး ရက်ပေါင်း ၃၀ အထိ နေထိုင်ခွင့်ရရှိမည်ဖြစ်သည်။

သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ဗီဇာကင်းလွတ်ရက်ပေါင်း ၃၀ နေထိုင်ခွင့်ပြုခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ


## တိုင်းပြည်၏ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စက်ရုံ၊ အလုပ်ရုံများရှိ လုပ်သားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ စက်ရုံ၊ အလုပ်ရုံများ၌ လုပ်ကိုင်နေသော လုပ်သားများအနက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသောလုပ်သားဦးရေမှာ သုံးသိန်းကျော်ရှိသည်ဟုဆိုသည့်အတွက် အချိန်ယူဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါသည်။ နိုင်ငံအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းရပ်ကို စတင်အရေးယူဆောင်ရွက်လာခြင်းဖြစ်၍ ကြိုဆိုရမည့်ခြေလှမ်းသစ်ဖြစ်ပါသည်။ ခြေလှမ်းသစ်ဖြစ်၍ ကြိုဆိုကြောင်းညွှန်းဆိုဖော်ပြခြင်းဖြစ်သော်လည်း နိုင်ငံတစ်နိုင်ငံ၏ လိုအပ်ချက်ရှုထောင့်မှကြည့်ပါက အသက်ပြည့်ပြီး နိုင်ငံသားတိုင်းကို နိုင်ငံသားစိစစ်ရေးကတ်ပြား အပြည့်အဝထုတ်ပေးနိုင်ရန် လိုအပ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးချင်းအတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို မှတ်တမ်းတင်ထားသည့် အရေးအကြီးဆုံးသော သက်သေခံကတ်ပြားဖြစ်ပါသည်။ နိုင်ငံသားတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလုပ်ငန်းအရပ်ရပ်တို့၌ ဤနိုင်ငံသားစိစစ်ရေးကတ်ပြားသည် အခိုင်အမာဆုံးသော အထောက်အထားအဖြစ် ထပ်ဆင့်အခြေပြုရည်ညွှန်းရသည့် ကတ်ပြားဖြစ်ပါသည်။

မြန်မာနိုင်ငံက ကမ္ဘာ့နိုင်ငံများနှင့် ကဏ္ဍပေါင်းစုံ၌ ထိတွေ့ပူးပေါင်းဆောင်ရွက်မှုများ တစ်နေ့တခြား အရှိန်အဟုန်ရလျက်ရှိသော ပစ္စုပ္ပန်ကာလ၌ အသက်ပြည့်ပြီး နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးသည် ပို၍ပို၍အရေးပါလာသည်ဟု ယူဆပါသည်။ ကမ္ဘာ့နိုင်ငံများနှင့်ထိတွေ့ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြင့်မားလာခြင်းသည် တိုင်းပြည်အတွက် ကောင်းကျိုးများစွာ ဖန်တီးပေးနိုင်သော်လည်း တစ်ဖက်၌မူ အစွန်းရောက်အကြမ်းဖက်လှုပ်ရှားမှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုကိစ္စကဲ့သို့သော ပြဿနာများ ပိုမိုကြုံတွေ့လာနိုင်ပါသည်။ ဤကဲ့သို့သောပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံသားတို့၏ မှတ်တမ်းအချက်အလက်များ စနစ်တကျသိမ်းဆည်း၍ အချိန်တိုအတွင်း အလွယ်တကူကြည့်ရှုစစ်ဆေးနိုင်အောင်လည်း စီစဉ်ထားရှိရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုင်ရာအချက်အလက်အားလုံးအား ကွန်ပျူတာစနစ်သုံး သိမ်းဆည်းနိုင်ရန် အရေးတကြီးလိုအပ်လျက်ရှိပါသည်။ ၂၀၁၅ ရွေးကောက်ပွဲ၌ မဲဆန္ဒရှင်စာရင်း အလွဲအချော်များ များပြားခဲ့သည့်ဖြစ်စဉ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုင်ရာအချက်အလက်များကို ကွန်ပျူတာစနစ်သုံး မသိမ်းဆည်းနိုင်ခဲ့ခြင်းက အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ တနယ်တကျေးမှ လာရောက်အလုပ်လုပ်ကိုင်သော စက်ရုံ၊ အလုပ်ရုံ လုပ်သားများအား မဲဆန္ဒရှင်စာရင်း၌ အပြည့်အဝအချိန်မီထုတ်မပေးနိုင်ခဲ့ခြင်းသည်လည်း အထက်ပါအကြောင်းရင်းနှင့် ဆက်နွှယ်လျက်ရှိပါသည်။ ပါကစ္စတန်နိုင်ငံ၏ မဲဆန္ဒရှင်စာရင်းပြုစုပုံကို လေ့လာပါက နိုင်ငံလုံးဆိုင်ရာ မှတ်ပုံတင်အချက်အလက် အာဏာပိုင်အဖွဲ့ (The National Database Registeration Authority -NADRA) က မဲဆန္ဒရှင်များ၏ စာရင်းကို ပြည်သူတစ်ဦးချင်း၏ မှတ်ပုံတင်အချက်အလက်များနှင့် ဆက်စပ်ယှဉ်တွဲသိမ်းဆည်းထားပါသည်။ ဤကဲ့သို့ သိမ်းဆည်းရာ၌ မဲဆန္ဒရှင်တစ်ဦးချင်း၏ လက်ဗွေနှင့် ပျက်လုံးကဲ့သို့သော ဇီဝအချက်အလက်များအပါအဝင် ဒစ်ဂျစ်တယ်ဓာတ်ပုံများကိုပါ မှတ်တမ်းတင်သိမ်းဆည်းထားခြင်းဖြစ်ပါသည်။ ပါကစ္စတန်နိုင်ငံ၏ ဤစနစ်၌ နိုင်ငံသားတစ်ဦးချင်း၏ အမျိုးသားမှတ်ပုံတင်အမှတ်ကို ပင်မအခြေခံရည်ညွှန်းချက်အဖြစ် အသုံးပြုထားပါသည်။ သို့ဖြစ်ပါ၍ ကွန်ပျူတာစနစ်၌ နိုင်ငံသားတစ်ဦး၏အမျိုးသားမှတ်ပုံတင်အမှတ် ရိုက်ထည့်လိုက်ရုံမျှဖြင့် သက်ဆိုင်ရာနိုင်ငံသား၏ ပုဂ္ဂိုလ်ရေးအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သကဲ့သို့ မဲဆန္ဒရှင်စာရင်းမှန်၊ မမှန်ကိုလည်း စစ်ဆေးနိုင်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိနိုင်ရေး ဦးတည်ချက်နှင့်အတူ ကမ္ဘာကြီးနှင့် အဆက်မပြတ်ထိတွေ့ဆက်ဆံလျက်ရှိသော တိုင်းပြည်၏လိုအပ်ချက်အရပ်ရပ်ကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးကို ဦးစားပေးဆောင်ရွက်သင့်ပါသည်။ ဤသို့ဆောင်ရွက်ရာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုင်ရာ ကွန်ပျူတာစနစ်ထူထောင်ရေးကိုပါ ပူးတွဲဆောင်ရွက်နိုင်ပါက တိုင်းပြည်၏ ကိစ္စအရပ်ရပ်စီမံခန့်ခွဲရာတွင် ထိရောက်ထက်မြက်သော လက်နက်ကောင်းတစ်ရပ်ဖြစ်လာမည် ဖြစ်ပါသည်။ ။

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေရှည်ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးဆိုင်ရာများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များတွင် ပတ်ဝန်းကျင်ကောင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ဒေသခံပြည်သူလူထု၏ယုံကြည်မှုကိုရရှိနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**


## ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၆ ခုနှစ် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရဲအရာရှိများအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများအား ပြန့်ပွားစေရန်ရည်ရွယ်၍ ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၇ ရက်နံနက် ၉ နာရီက ရန်ကုန်မြို့ ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထိမ်းအမှတ်ပြတိုက်၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းတို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးဇော်ဝင်းတို့က လူ့အခွင့်အရေးဘာသာရပ်နှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးသဘောတရားများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်ဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပြဋ္ဌာန်းချက်ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ရဲလက်စွဲအား လူ့အခွင့်အရေးရှုထောင့်မှသုံးသပ်ခြင်း၊ ဥပဒေများထုတ်နုတ်၍ သုံးသပ်ခြင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အကြောင်းနှင့် တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်း သင်ခန်းစာများကို ဆွေးနွေးပို့ချသည်။ အမှတ်(၂)လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံး(ရန်ကုန်)မှ ရဲအရာရှိ ၅၀ တက်ရောက်ကြသည်။ သင်တန်းကို ဇွန် ၈ ရက်အထိ နှစ်ရက်ကြာကျင်းပမည်ဖြစ်သည်။

ယခု အလုပ်ရုံဆွေးနွေးပွဲသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ကို ၂၀၁၆ ခုနှစ် ဧပြီလအတွင်း အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး(စစ်တွေ)၌ ကျင်းပကြောင်း သိရသည်။ **(သတင်းစဉ်)**




### သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်လက္ခဏာများနှိုးဆော်ချက်

သွေးလွန်တုပ်ကွေး ရောဂါ အန္တရာယ်လက္ခဏာများမှာ-

- ကလေးများဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ကိုယ်လက်မအီမသာဖြစ်ခြင်း
- (၂)ရက်မှ (၃)ရက်အကြာတွင် ကလေးဖျားရာမှ(ကိုယ်ပူနေရာမှ) ရုတ်တရက်အဖျားကျကာ ခြေ၊ လက်များ အေးစက်လာခြင်း
- ကလေးမှိန်းနေခြင်း
- ခန္ဓာကိုယ်အနှံ့တွင် အနီစက်များ ထွက်လာခြင်း
- ဆက်တိုက်အန်ခြင်း၊ အန်သည့်အခါတွင် ကော်ဖီရောင်အဖတ်များပါခြင်း
- ဝမ်းဗိုက်အောင့်ခြင်းတို့ဖြစ်၍

ကလေးဖျားပြီး အထက်ပါလက္ခဏာများဖြစ်ပေါ်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ သွားရောက်၍ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ၁၉၉၉ ခုနှစ်က ချုပ်ဆိုခဲ့သော နှစ်နိုင်ငံအကြား အခွန်နှစ်ထပ် မဖြစ်စေရေးသဘောတူစာချုပ်ကို ခေတ်အခြေအနေနှင့်အညီ ပြန်လည်သုံးသပ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး၊ စင်ကာပူလေကြောင်းလိုင်းများ မြန်မာနိုင်ငံမြို့ကြီးများသို့ တိုးချဲ့ပျံသန်း ပို့ဆောင်ခြင်းအပါအဝင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-စင်ကာပူ သက်မွေးပညာသင်တန်းကျောင်း၌ ဝန်ဆောင်မှုနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တိုးမြှင့်ဖွင့်လှစ်သင်ကြားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံတကာမျက်နှာစာနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၌ အာဆီယံကိုယ်စား တက်ကြွစွာဦးဆောင်မှုပေးရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ရက်(၃၀) ဗီဇာကင်းလွတ်ခွင့်ဖြင့် အပြန်အလှန်သွားရောက်နိုင်ရေးသဘောတူညီချက်ကို ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာတို့က လဲလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**



# စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့် ဇနီးတို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

စင်ကာပူဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၇**

ပွင့်လင်းမြင်သာမှုသည် အဓိကကျကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး၌ပြုလုပ်သည့် ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အဆင်သင့်မဖြစ်သည့် အဖြေများမဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပြီး ထိုသို့ပြင်ဆင်ထားမည်ဆိုပါက မေးခွန်းတိုင်းကို ဖြေဆိုနိုင်မည်ဖြစ်ကြောင်း၊ ပြောရေးဆိုခွင့်ရှိသူများကို ဝန်ကြီးဌာနများတွင် ခန့်အပ်လုပ်ဆောင်ခြင်းသည် ဝတ္တရားအရ လုပ်ဆောင်သည်ဟု မသတ်မှတ်စေလိုကြောင်း၊ မီဒီယာသည် သူတို့အလုပ်ကို သူတို့လုပ်ဆောင်သလို မိမိတို့သည်လည်း မိမိတို့အလုပ်ကိုလုပ်ခြင်းဟု သတ်မှတ်စေလိုပါကြောင်း၊ ပြည်သူနှင့်ထိတွေ့ရန် မီဒီယာကို ကြားခံအသုံးပြုခြင်းဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် မိမိအလုပ်ကို ပိုမိုကောင်းမွန်စေရန် လေ့ကျင့်ပေးသည်ဟု သတ်မှတ်စေလိုကြောင်း၊ ယနေ့သည် စုပေါင်းလေ့ကျင့်ရသည့် အချိန်အခါဖြစ်ပါကြောင်း၊ ပြောရေးဆိုခွင့်ရှိသူအသီးသီးက မိမိဌာနနှင့်ပတ်သက်သည့် အကြောင်းခြင်းရာများကို ကြိုတင်ပြင်ဆင်ထားစေလိုကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်သတင်းစာပညာကျောင်းမှ ဒါရိုက်တာ ဦးရဲနိုင်မိုးက သတင်းထုတ်ပြန်ချက်ရေးသားခြင်း၊ သတင်းဖြေကြားခြင်း၊ သတင်း ရေးသားနည်း၊ အင်တာဗျူးဖြေဆိုခြင်း စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၈ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**




ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေးအလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်သတင်းစာပညာကျောင်းမှ ဒါရိုက်တာ ဦးရဲနိုင်မိုး ဆွေးနွေးစဉ်။ (သတင်းစဉ်)

# တရုတ်နှင့် ဥရောပဈေးကွက်သို့ အဝယ်လိုက်လာသဖြင့် ပြည်တွင်းဆန်ကြမ်း ဈေးအနည်းငယ် ပြန်တက်လာ

**ရန်ကုန် ဇွန် ၇**

ယခု ဇွန်လပထမပတ်အတွင်း ပြည်ပဆန်တင်ပို့မှု အနည်းငယ် မြင့်တက်လာသည့်အတွက် ပြည်တွင်း ဆန်ကြမ်းဈေးအနည်းငယ် ပြန်လည်မြင့်တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဘဏ္ဍာရေးမှူး ဦးအောင်မြင့်က ပြောသည်။

ယခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများအတွင်းက ဥရောပနှင့် အီးယူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ဆန်ဈေးကွက်တွင်၂၅ မှတ်တန်ဆန်ကြမ်း တစ်တန်လျှင် ဒေါ်လာ ၃၂၀ ဈေးနှုန်းရှိရာမှ လက်ရှိတွင် ၂၅ မှတ်တန် ဆန်ကြမ်းတစ်တန်လျှင် ဒေါ်လာ ၃၆၀ မှ ၃၇၀ အထိ ဈေးမြင့်တက်လာကြောင်း သိရသည်။

ဦးအောင်မြင့်က "အခုဒီရက်ပိုင်းမှာ တရုတ်ကလည်း နည်းနည်းပြန်ဝယ်လာတယ်။ ကမ္ဘာ့ဆန်ဈေးကလည်း ပြန်တက်လာတော့ ပြည်တွင်းဆန်ကြမ်းဈေးနည်းနည်း ပြန်တက်လာတယ်"ဟု ပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) ၏ နေ့စဉ် ဈေးကွက်လေ့လာချက်များအရ ဧပြီလအတွင်းက ပြည်တွင်းဆန်ဈေးကွက်တွင် ဆန်ချော အမျိုးအစားဖြစ်သည့် ပေါ်ဆန်းဆန်သစ်များ တစ်အိတ်လျှင် ကျပ် ၄၄၀၀၀၊ ၃၃၀၀၀ ဝန်းကျင်တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး ဆန်ကြမ်းအမျိုးအစားဖြစ်သည့် ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၂၃၀၀၀ မှ မတ်လအတွင်းက တစ်အိတ်လျှင် ကျပ် ၂၀၅၀၀ ခန့်သို့ ဈေးနှုန်းကျဆင်းသွားခဲ့ပြီး လက်ရှိတွင် ၂၀၅၀၀ မှ ၂၃၅၀၀ အထိ ဈေးအနည်းငယ် ပြန်လည်မြင့်တက်လာသည်ကို တွေ့ရသည်။

ဦးအောင်မြင့်က "တရုတ်အစိုးရက ဒီကပို့ကုန်တွေကို ဖမ်းဆီးတာရော၊ ဒေါ်လာဈေးကျဆင်းသွားတာရောကြောင့် ဒီနှစ်ဆန်တင်ပို့မှုကတော့ မနှစ်ကထက် တန်ချိန် သုံးသိန်းလောက် လျော့ကျသွားတယ်။ ပြီးခဲ့တဲ့ကြားထဲမှာလည်း အရောင်းအဝယ်သိပ်မရှိဘူး"ဟု ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့နေသည့် ဆန်အမျိုးအစားများမှာ ဇီယာ၊ ဧည့်မထ ဆန်အကျိုးအကြေဆန်ကွဲ ၂၅ မှတ်တန်များကို တင်ပို့နေခြင်းဖြစ်ပြီး လက်ရှိ ပြန်တွင်းဆန်ဈေးကွက်တွင် အဆိုပါဧည့်မထ ဆန်ကွဲ တစ်အိတ်လျှင် ၁၇၀၀၀ မှ ၁၇၅၀၀ ထိ ဈေးနှုန်းရှိကြောင်း AMIA ၏ ဈေးနှုန်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၈ သန်းတင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်းခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့သည့် ဆန် ၇၀ ရာခိုင်နှုန်းခန့်သည် တရုတ်သို့ မူဆယ်မှတစ်ဆင့် တင်ပို့နေခြင်းဖြစ်ပြီး အာဖရိက၊ ဥရောပနိုင်ငံများနှင့် အာဆီယံနိုင်ငံအချို့ကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် တင်ပို့နေခြင်းဖြစ်သည်။ **ဖြိုးလွင်အောင်(AMIA)**

## လျှပ်စစ်ဓာတ်တိုင်များလဲလှယ်

**ဟားခါး ဇွန် ၇**

ဟားခါးမြို့ပေါ်ရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် လျှပ်စစ်ဓာတ်တိုင်များ စိစစ်လဲလှယ်ခြင်းနှင့် လိုင်းပြောင်းခြင်းလုပ်ငန်းများကို ဇွန် ၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာ၌ ဟားခါးမြို့နယ် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လိုင်းတာဝန်ခံ ဦးလေအုပ်နှင့်ဝန်ထမ်းများက ယိမ်းယိုင်ပျက်စီးနေသော လျှပ်စစ်မီးတိုင်များအား လဲလှယ်ခြင်းနှင့် လိုင်းပြောင်းခြင်းလုပ်ငန်းများကို စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ဟီလာရီကလင်တန် ဒီမိုကရက်တစ်ပါတီသမ္မတလောင်းဖြစ်လာဖွယ်ရှိ

**ဝါရှင်တန် ဇွန် ၇**

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဟီလာရီကလင်တန်သည် ဇူလိုင်လတွင်ကျင်းပမည့် ဒီမိုကရက်တစ်ပါတီညီလာခံ ပါတီကိုယ်စားပြုသမ္မတလောင်း အဆိုပြုရွေးချယ်ပွဲတွင် အနိုင်ရနိုင်လောက်သည့် ကိုယ်စားလှယ် ထောက်ခံမဲအလုံအလောက်ရရှိခဲ့ပြီဟု အမေရိကန်သတင်းမီဒီယာများက ရေးသားဖော်ပြကြသည်။

ဇွန် ၇ ရက်တွင် အမေရိကန်ပြည်နယ် ခြောက်ခု၌ သမ္မတလောင်းရွေးချယ်ပွဲများ မကျင်းပမီ အေဘီစီသတင်းဌာနနှင့် အခြားသော အမေရိကန် သတင်းမီဒီယာများက အထက်ပါအတိုင်း ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ကလင်တန်သည် သမ္မတလောင်းရွေးချယ်ပွဲတွင် အနိုင်ရရှိရန်လိုအပ်သည့် ကိုယ်စားလှယ်ထောက်ခံမဲ ၂၃၈၃ မဲ ရရှိခဲ့ပြီဖြစ်ကြောင်းနှင့် ဒီမိုကရက်တစ်ပါတီ၏ ပထမဆုံး အမျိုးသမီးသမ္မတလောင်း ဖြစ်လာမည်ဟု သတင်းမီဒီယာများတွင် ရေးသားဖော်ပြကြသည်။

ဟီလာရီကလင်တန်သည် နိုဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ရီပတ်ဘလီကန် သမ္မတလောင်း ဖြစ်လာမည်ဟု မျှော်လင့်ရသည့် ဒေါ်နယ်ထရန့်နှင့် ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

**အင်န်အိတ်ချ်ကေ။**




# အာဖဂန်နစ္စတန်၌ တရားမဝင်ဓာတ်သတ္တုတူးဖော်မှုဝင်ငွေ သောင်းကျန်းသူများနှင့် စစ်ဘုရင်များထံရောက်ရှိသွား

**ကဘူး ဇွန် ၇**

အာဖဂန်နစ္စတန်နိုင်ငံ၏ အရေးအကြီးဆုံးဓာတ်သတ္တုများအနက် အချို့ကို တရားမဝင်တူးဖော်ထုတ်လုပ်မှုရှိနေပြီး ဥပဒေမဲ့ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ရရှိသောငွေကြေး၏ ဒေါ်လာသန်းပေါင်းများစွာသည် သောင်းကျန်းသူများနှင့် စစ်ဘုရင်များ၏လက်ဝယ်သို့ ရောက်ရှိသွားကြောင်း တာဝန်ရှိသူများက ဇွန် ၇ ရက်တွင် ပြောကြားကြသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ တောင်တန်းများ၌ အမေရိကန်ဒေါ်လာ တစ်ထရီလီယံမှ ဒေါ်လာ သုံးထရီလီယံတန်ဖိုးရှိ ဓာတ်သတ္တုသယံဇာတအရင်းအမြစ်များရှိနေသည်ဟု အမေရိကန်နှင့် အာဖဂန်အစိုးရအဖွဲ့များက ခန့်မှန်းကြသည်။

လက်ရှိအခြေအနေအရ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းမှရရှိသောဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းမှာ တာလီဘန်စစ်သွေးကြွအဖွဲ့ထံ ရောက်ရှိသွားကြောင်း ဂလိုဘယ်ဝစ်တနက်အမည်ရှိအဖွဲ့မှ သုတေသီ စတီဗင်ကာတာက ပြောကြားသည်။ အဆိုပါအဖွဲ့သည် သဘာဝအရင်းအမြစ်များ၊ အဂတိလိုက်စားမှုများနှင့် လက်နက်ကိုင်ပဋိပက္ခများ ဆက်နွယ်ပုံများကို စုံစမ်းလေ့လာနေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

ပြည်သူတို့အနေဖြင့် တရားမဝင်တူးဖော်ထုတ်လုပ်သော ကျောက်မျက်များနှင့် ဓာတ်သတ္တုများကို သုံးစွဲခြင်း သင့်၊ မသင့် အလေးအနက်စဉ်းစားသင့်ကြောင်း အဆိုပါအဖွဲ့က တိုက်တွန်းသည်။ **ရိုက်တာ။**

# မြောက်ကိုရီးယားနယ်စပ်တွင် ပြုလုပ်မည့်ကုန်စည်ပြပွဲ တရုတ်ရွှေ့ဆိုင်း

**ပေကျင်း ဇွန် ၇**

တရုတ်နိုင်ငံက မြောက်ကိုရီးယားနယ်စပ်၌ ဇွန် ၉ ရက်တွင် စတင်ကျင်းပမည့် တောင်ကိုရီးယားကုမ္ပဏီအများအပြားပါဝင်သော ကုန်စည်ပြပွဲကို ရက်ရွှေ့ဆိုင်းလိုက်သည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ဒန်ဒေါင်းမြို့တွင် ငါးရက်ကြာကျင်းပမည့် ယင်းကုန်စည်ပြပွဲကို တောင်ကိုရီးယားကုမ္ပဏီ ၁၀၀ ကျော် ပါဝင်ပြသရန် စီစဉ်ထားသည်။

သို့သော် ကုန်စည်ပြပွဲကျင်းပမည့်နေရာတွင်ရှိသော မီးသတ်ဆေးဘူးများတွင် လုံခြုံရေးပြဿနာများရှိနေသောကြောင့် ကုန်စည်ပြပွဲကို ရက်ရွှေ့ဆိုင်းရန် လွန်ခဲ့သည့် ဇွန် ၃ ရက်တွင် အကြောင်းကြားခဲ့သည်ဟုဆိုသည်။

အဆိုပါ အကြောင်းကြားမှုသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားနိုင်ငံ၏ အာဏာရပါတီ ဒုတိယဥက္ကဋ္ဌ ယီစုယောင်တို့ လွန်ခဲ့သည့် ဇွန် ၁ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုကို အလေးအနက်ထားကြောင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ရှီကျင့်ဖျင်က ယီစုယောင်ကို ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံကို စိတ်အနှောင့်အယှက်မပေးလိုသောကြောင့် တရုတ်နိုင်ငံက ကုန်စည်ပြပွဲကို ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ကြသည်။

**အင်န်အိတ်ချ်ကေ။**

# ချူကလီးယားအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်ရန် တရုတ်နှင့် ဂျပန်သဘောတူ

**ပေကျင်း ဇွန် ၇**

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးနှင့် ချူကလီးယားစက်ရုံများ အန္တရာယ်ကင်းရှင်းရေးကို ပိုမိုပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ ယင်းသဘောတူညီချက်ကို ဂျပန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး တာမာယို မာရူကာဝါနှင့် တရုတ်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဝန်ကြီး ချန်ကျင်းတို့ ပေကျင်းမြို့တွင် ဇွန် ၇ ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် ရရှိခဲ့ခြင်းဖြစ်သည်။**(ယာပုံ)**

ယခုဆွေးနွေးပွဲသည် တရုတ်နိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် မည်မျှအလေးထားကြောင်း ဂျပန်နိုင်ငံ နားလည်နိုင်မည်ဟု မျှော်လင့်ကြောင်း ချန်ကျင်းက ဆွေးနွေးပွဲအဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။ ပိုမိုပူးပေါင်းဆောင်ရွက်ရန်လည်း ဆန္ဒရှိကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။ နှစ်နိုင်ငံ ဝန်ကြီးများက အသေးစိတ်အကြောင်းအရာများကို တံခါးပိတ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ၏ ချူကလီးယားစက်ရုံများအန္တရာယ်ကင်းရှင်းရေး အတွေ့အကြုံများကို တရုတ်နိုင်ငံသို့ မျှဝေပေးသွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံမြို့ကြီးများကို လေထုညစ်ညမ်းမှုမှ ကာကွယ်ရန်အတွက် မူဝါဒနှင့် နည်းပညာများ ပူးပေါင်းဆောင်ရွက်သွားရန်လည်း သဘောတူညီခဲ့ကြောင်း ဂျပန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး တာမာယိုမာရူကာဝါက ပြောကြားသည်။

ဂျပန်သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးနှင့် တရုတ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဝန်ကြီးတို့သည် ဧပြီလအတွင်းကလည်း တောင်ကိုရီးယား သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး ယွန်ဆောင်ကျူနှင့်အတူ တိုကျိုမြို့တွင် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပခဲ့ကြသည်။

ချူကလီးယားလုံခြုံရေးနှင့် ဂျပန်နိုင်ငံ၏ ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်သင့်မှုဖြစ်ခဲ့သည့် အတွေ့အကြုံများကို တရုတ်နိုင်ငံဘက်က စိတ်ဝင်စားမှုရှိကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် တရုတ်-ဂျပန်ဆက်ဆံရေး တိုးတက်လာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း တာမာယိုမာရူကာဝါက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# ခြေလျင်တပ်ဖွဲ့များ၌ အသုံးပြုရန် စစ်သည်တင်သံချပ်ကာယာဉ်အများအပြား တောင်ကိုရီးယား ထုတ်လုပ်မည်

**ဆိုးလ် ဇွန် ၇**

တောင်ကိုရီးယားနိုင်ငံ ခြေလျင်တပ်ဖွဲ့များ၏စုစည်းမှုနှင့် စစ်ဆင်ရေးစွမ်းရည်တိုးတက်ကောင်းမွန်စေရေးအတွက် ပြည်တွင်းဖြစ် စစ်သည်တင်သံချပ်ကာယာဉ် အများအပြားကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား စစ်လက်နက်ဝယ်ယူရေးအေဂျင်စီက ဇွန် ၇ ရက်တွင် ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဘီးတပ်စစ်သည်တင်သံချပ်ကာယာဉ်များ ထုတ်လုပ်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် မေ ၉ ရက်တွင် ၎င်းသံချပ်ကာယာဉ်တစ်စီးအား အပြီးသတ်အောင်မြင်စွာ စမ်းသပ်မောင်းနှင်နိုင်ခဲ့သည်ဟု တောင်ကိုရီးယား ကာကွယ်ရေးလက်နက် အစီအစဉ်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။ စစ်သည်တင်သံချပ်ကာယာဉ်များ ထုတ်လုပ်ရေးစီမံချက်ကို ဟွန်းဒိုင်းရိုတမ် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီက တာဝန်ယူလုပ်ဆောင်မည်ဖြစ်သည်။ စစ်သည်တင်သံချပ်ကာယာဉ်သစ်များကို ယခုလအတွင်း စတင်ထုတ်လုပ်ရန်စီစဉ်ထားပြီး ၂၀၂၃ ခုနှစ်အရောက်တွင် အစင်းရေ ၆၀၀ အထိ ထုတ်လုပ်သွားမည်ဖြစ်ပြီး လာမည့်နှစ်မှစတင်ကာ တောင်ကိုရီးယားရှေ့တန်းတပ်ဖွဲ့များနှင့် နောက်တန်းစစ်ဒေသများတွင် ဖြန့်ကြက်ချထားမည်ဖြစ်သည်။

တောင်ကိုရီးယားခြေလျင်တပ်ဖွဲ့တွင် လက်ရှိ အသုံးပြုနေသည့် ကေ-၂၀၀နှင့်ကေ-၂၁ အမျိုးအစား စစ်သည်တင်သံချပ်ကာယာဉ်များသည် တစ်နာရီလျှင်အမြန်နှုန်း ၇၄ ကီလိုမီတာအထိသာ အမြင့်ဆုံးမောင်းနှင်နိုင်ပြီး အသစ်ထုတ်လုပ်မည့် ကေ-၈၀၈နှင့်ကေ-၈၀၆ အမျိုးအစားသံချပ်ကာယာဉ်များမှာ တစ်နာရီလျှင်အမြန်နှုန်း ကီလိုမီတာ ၁၀၀ အထိမောင်းနှင်နိုင်သည်။

ကေ-၈၀၈ အမျိုးအစားသံချပ်ကာယာဉ်သစ်သည် ခြေလျင်စစ်သည်များအား လျင်မြန်စွာသယ်ယူပို့ဆောင်ပေးနိုင်ပြီး တောင်ထူထပ်သည့် ရှေ့တန်းစစ်မြေပြင်ဒေသတွင် ကင်းထောက်တာဝန်များ ထမ်းဆောင်နိုင်ပြီး ကေ-၈၀၆အမျိုးအစားသံချပ်ကာယာဉ်မှာ လှုပ်ရှားတိုက်ခိုက်ရေးနှင့် ကင်းထောက်တာဝန်များ ထမ်းဆောင်နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း နှစ်ကာလကြာ ကျူးကျော်နေထိုင်ခဲ့သည့် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ ၅၁ ရွာ၏ ရွာမြေ၊ လယ်မြေ၊ သာသနာပိုင်၊ အများပိုင်မြေများအား သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၇**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကြိုးပိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလကြာ ကျူးကျော်အခြေချနေထိုင်ခဲ့သည့် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ ၅၁ ရွာ၏ ရွာမြေ၊ လယ်မြေ၊ သာသနာပိုင်၊ အများပိုင်မြေများအား သစ်တောနယ်မြေအဖြစ်မှပယ်ဖျက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သစ်တောနယ်မြေများအတွင်း နှစ်ကာလရှည်ကြာစွာ ကျူးကျော်အခြေချနေထိုင်သူများအတွက် ပထမအဆင့်အနေဖြင့် ပြည်ထဲရေးအမည်ပေါက် အိမ်ခြေ ၅၀ နှင့်အထက် ကျေးရွာများ၏ ရွာမြေ၊ လယ်မြေနှင့် သာသနာ၊ အများပိုင်မြေများ ပယ်ဖျက်ပေးနိုင်ရေးအတွက် အဖွဲ့စုံဖြင့် ကောက်ယူခဲ့သည့် စာရင်းများတင်ပြရန် နေပြည်တော်ကောင်စီက ဆုံးဖြတ်ထားပြီး ယင်းဆုံးဖြတ်ချက်အရ ပြည်ထဲရေးအမည်ပေါက် ၅၁ ရွာအတွက် ပထမအဆင့်ပယ်ဖျက်ခွင့် ရရှိရေးနှင့် စာရင်းကောက်ရန် ကျန်ရှိသည့်အိမ်ခြေ ၅၀ နှင့်အထက်ကျေးရွာများအတွက် ပူးပေါင်းအဖွဲ့ဖြင့် စာရင်းကောက်ယူရန်စီစဉ်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၏ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၃၀၀၀ ကျော်အား ဆင်စာကြိုးဝိုင်းနယ်မြေအတွင်းမှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အောင်သုခကျေးရွာသည် ပြည်ထဲရေးအမည်ပေါက် ၅၁ ရွာ စာရင်း



လယ်ဝေးမဲဆန္ဒနယ်မှ
ဦးမျိုးဇော်ဦး

တွင်ပါဝင်ကြောင်း၊ ပေါင်းလောင်း၊ အင်တိုင်းသာ၊ ရွှေပြည်သာကျေးရွာတို့မှာ စာရင်းကောက်ယူရန် ကျန်ရှိသည့်အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက်စာရင်းတွင် ပါဝင်ပြီး ကြို့ပင်သာကျေးရွာမှာ သစ်တောနယ်မြေအတွင်း ပါဝင်ခြင်း မရှိကြောင်း။

ပေါင်းလောင်း၊ အင်တိုင်းသာ၊ ရွှေပြည်သာအပါအဝင် ကျန်ရှိကျေးရွာများအား စာရင်းကောက်ယူပြီးပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စိစစ်ပယ်ဖျက်ပေးသွားမည်ဖြစ်ကြောင်း၊ ကြို့ပင်သာကျေးရွာမှာ သစ်တောနယ်မြေအတွင်း ပါဝင်ခြင်းမရှိသည့်အတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနကသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပြီးပါက ရွာမြေများ ဖွဲ့စည်းခြင်း၊ လယ်မြေများ လုပ်ကိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်းတို့အား သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ သနပ်ပင်မြို့နယ်ရှိ ကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးရေး ချေးငွေ အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန်နှင့် လျှပ်စစ်မီးလင်းရေး ကုန်ကျစရိတ်ထက်ဝက် ၅၀ ရာခိုင်နှုန်းကို ကျခံပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်း ဒေသများအားလုံး



ပြည်ထောင်စုဝန်ကြီး
ဦးဖေဇင်ထွန်း

လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရန် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်ကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းရေးဆွဲခဲ့ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မဟာဓာတ်အားလိုင်းမှတစ်ဆင့် တိုးချဲ့ဓာတ်အားပေးခြင်းကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မဟာဓာတ်အားလိုင်းပြင်ပစနစ်မှ ဓာတ်အားပေးခြင်းကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားမရရှိသေးသည့် ကျေးရွာများကို စီမံကိန်းအဆင့်လိုက် ဓာတ်အားရရှိရေး ဆောင်ရွက်နေရသဖြင့် ကိုယ့်အားကိုယ်ကိုးအစီအစဉ်ဖြင့် မီးလင်းရေးဆောင်ရွက်သည့် ကျေးရွာများအတွက် နည်းပညာဆိုင်ရာလိုအပ်ချက်များရှိပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# မြေလွတ်အတွင်း ခွင့်ပြုချက်မရှိဆောက်လုပ်ထားသော တဲအိမ်မီးရှို့သူများကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၆ ဖြင့် တရားစွဲဆို

**နေပြည်တော် ဇွန် ၇**

ကျူးကျော်နေထိုင်သူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် ဆောင်ရွက်လျက်ရှိသည့်အပြင် ကျူးကျော်တဲ မီးရှို့သူများ၏လုပ်ရပ်သည် တည်ဆဲဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သည့်အတွက် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ မေးခွန်းနှင့် စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် ဖြေကြားသည်။

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စု ဝါးဒတ်ကွင်းကျေးရွာအနီး မြေလွတ်မြေလပ်များတွင် တဲအိမ်ဖြင့် အိမ်ခြေ ၄၀၀ ခန့် အခြေချနေထိုင်သူများကို အကြမ်းဖက်ရိုက်နှက်နှင်ထုတ်ပြီး အိမ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ နစ်နာသူများအား ကုစားပေးရန်နှင့် တာဝန်ရှိသူများကို ဥပဒေအရ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းပါအချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရုံးအမိန့်အမှတ် (၂/၂၀၁၅)ကို ဖီဆန်လျက် ကျူးကျော်ဆောက်လုပ်နေထိုင်သူ ဦးဘိုဘိုအောင်ပါ ၁၁ ဦးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ ပြစ်မှုကြီးအမှတ်(၆၉၈/၂၀၁၅)အရလည်းကောင်း၊ ထပ်မံဆောင်ရွက်သူ ဦးမောင်ရွှေပါ ခြောက်ဦးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ ပြစ်မှုကြီးအမှတ် (၇၆၈/၂၀၁၅)အရလည်းကောင်း၊ ရပ်ကွက်ကျေးရွာ ငြိမ်ဝပ်ပိပြားရေးကိုပျက်ပြားစေပြီး ပြစ်မှုကျူးလွန်စေရန် ရည်ရွယ်ချက်ဖြင့် ဦးဆောင်ခဲ့သည့် ဦးမောင်ရွှေပါ ၄ ဦးကို ကျိုက်ထိုမြို့နယ်တရားရုံးမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ)အရ ရာဇဝတ်ကြီးအမှုအမှတ် (၇၈၃/၂၀၁၅) ဖြင့်လည်းကောင်း အသီးသီးစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရမှ စီမံခန့်ခွဲနိုင်သော မြေလွတ်အတွင်း ခွင့်ပြုချက်မရှိ ကျူးကျော်ဆောက်လုပ်ထားသော တဲအိမ်အလုံး ၇၀ အနက် အလုံး ၆၀ ခန့် မီးရှို့ဖျက်ဆီးသူများကို သိမ်ဇရပ်နယ်မြေရဲစခန်းက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၆ ဖြင့် တရားစွဲဆိုပြီး ဥပဒေအကြံပြုချက်များ တောင်းခံထားပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်
(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျိုက်ထိုမြို့နယ် တရားရုံးမှလည်း အမှုများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြန့်ကြာမှုမရှိအောင် မှန်မှန်နှင့် မြန်မြန်စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကျူးကျော်ဝင်ရောက်သူအများစုသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှဖြစ်ကြောင်း သိရှိရသည့်အတွက် ပြည်နယ်၊ တိုင်းဒေသကြီး နယ်မြေများကျော်လွန်၍ မြေကွက်ကျူးကျော်မှုများ ဆောင်ရွက်ခြင်းမပြုစေရေးအတွက် ဝေါမြို့နယ်နှင့် နီးစပ်ရာကျေးရွာများသို့ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးရန် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားထားပါကြောင်း၊ ဝါးဒတ်ကွင်းကျေးရွာ တိုးချဲ့ရွာမြေ ၉၂ ဒသမ ၁၇ ဧကကို ရွာမြေတိုးချဲ့ ခွင့်ပြုမိန့်ရရှိပါက မွန်ပြည်နယ်အစိုးရအနေဖြင့် မြေကွက်နေရာချထားရေးကော်မတီဖွဲ့စည်း၍ ရှင်းလင်းပြတ်သားသည့် မြေကွက်နေရာချထားရေး မူဝါဒများချမှတ်ပြီး ဒေသခံအိုးမဲ့အိမ်မဲ့များကို ဦးစားပေးအစီအစဉ်အရ ပွင့်လင်းမြင်သာစွာ စနစ်တကျနေရာချထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုး၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်သက်ဆိုင်သော နိုင်ငံဖြတ်ကျော်လုပ်ငန်းများတွင် ပိုမိုလျင်မြန်သွက်လက်စေရန် အစီအစဉ်ချမှတ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ နှင့် ရှိပါက မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သော နိုင်ငံဖြတ်ကျော် မှုခင်းများတွင် ပိုမိုလျင်မြန်သွက်လက်စေရန်အတွက် လူကုန်ကူးမှုသတင်းများကို အချိန်နှင့်တစ်ပြေးညီ ရရှိအောင်ဆောင်ရွက်ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ တားဆီးခြင်း၊ ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်း၊ လူကုန်ကူးခံရသူများ ကယ်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများကို သက်ဆိုင်ရာနယ်စပ်ဆက်ဆံရေးရုံးများမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့(အင်တာပို)နှင့်လည်းကောင်း၊ နှစ်နိုင်ငံရဲတပ်ဖွဲ့ချင်း ဆက်သွယ်၍လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာနိုင်ငံ၏ သံရုံးသို့ အကြောင်းကြား၍ သံတမန်နည်းလမ်းအရလည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် လျှပ်စစ်နည်းဥပဒေများ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများကို လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

အမျိုးသားလွှတ်တော် (၁၈)ရက်မြောက်နေ့ အစည်းအဝေးကို ဇွန် ၈ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဥပဒေဆိုင်ရာလုပ်ငန်းစဉ် လေ့လာသုံးသပ်ဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Stakeholders များအကြား ရွေးကောက်ပွဲဥပဒေဆိုင်ရာလုပ်ငန်းစဉ် လေ့လာသုံးသပ်ဆွေးနွေးပွဲကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အရပ်ဘက်လူမှုအဖွဲ့အစည်း(၆)ဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို အခန်းကဏ္ဍအလိုက်ခွဲခြား၍ အစုအဖွဲ့ (၄) ဖွဲ့ စုဖွဲ့ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ဆွေးနွေးခဲ့ကြပြီးနောက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ပါဝင်အားဖြည့်မှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အခြားနိုင်ငံများ၏ ရွေးကောက်ပွဲဥပဒေဆိုင်ရာလုပ်ငန်းစဉ်များအား လေ့လာခြင်း၊ နောင်လာမည့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲခြင်း လုပ်ငန်းစဉ်အတွက် အကြံပြုဆွေးနွေးခြင်း၊ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် လွှတ်တော်၊ ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့်အစီအစဉ်၊ သတင်းအချက်အလက်များမျှဝေရန် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ဒလဘန်းရေးတဲ့ ကဗျာဆရာကြီး မင်းသုဝဏ်ရဲ့ အတ္ထုပ္ပတ္တိ

**မောင်စွမ်းရည်**

ပြည်ပမှာ သမီး ဒေါက်တာခင်လက်ျာရေးတဲ့ ဖခင်ဗိုလ်လက်ျာရဲ့ အတ္ထုပ္ပတ္တိနဲ့ သမီးဒေါက်တာလှကျော်ဇောရေးတဲ့ ဖခင်ဗိုလ်ကျော်ဇောရဲ့အတ္ထုပ္ပတ္တိ၊ သမီး တင်ဇာမော်နိုင်ရေးတဲ့ ဖခင်ဒေါက်တာဘမော်ရဲ့ အတ္ထုပ္ပတ္တိတို့ကို ဖတ်ရတုန်းက ငါတို့ဆရာကြီးများဖြစ်တဲ့ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့ရဲ့ အတ္ထုပ္ပတ္တိစာအုပ်တွေကို ထွက်နိုးနိုးနဲ့ မျှော်လင့်စောင့်စားမိပါတယ်။ ဆရာကြီးတို့ရဲ့ သားသမီးတွေက စာသမားပဲ မဟုတ်လား။ သူတို့ ရေးကြလိမ့်မယ်ပေါ့။ ခုအခါ ဆရာကြီးဇော်ဂျီရဲ့ အတ္ထုပ္ပတ္တိမတွေ့ရသေးပေမယ့် ဆရာကြီးမင်းသုဝဏ်ရဲ့အတ္ထုပ္ပတ္တိကတော့ ထွက်လာပါပြီ။ ကျွန်တော်ကတော့ ပြည်ပမှာရောက်နေလို့ ဒုတိယအကြိမ်ထုတ်စာအုပ်ကိုတောင် ကြာမှဖတ်ရပါတယ်။ ၂၀၁၃ က ထုတ်တာပါ။ ခုဆိုရင် ၂၀၁၆ ရောက်ခဲ့ပါပြီ။ နောက်ကျပြီးဖတ်ရပေမယ့် အငမ်းမရ ပွေ့ပိုက်မိပါတယ်။

ရေးသူက ဒလဘန်းဆိုတော့ ဆရာကြီးမှာ သားနှစ်ယောက်အနက် အငယ်တစ်ယောက်က ရေးတာပေါ့။ သူ့ကို နိုင်ငံခြားမှာ ပညာသင်ပြီး တက္ကသိုလ်မှာ ဆရာလုပ်နေသူတစ်ဦးလို့သာသိထားပြီး အဆက်အသွယ်ပြတ်နေခဲ့ပါတယ်။ ခုတော့ ကျွန်တော်တို့ရဲ့ရှေ့မှာ သမ္မတကြီးအဖြစ်ဘွားခနဲပေါ်လာပါပကော။ စာအုပ်အမည်မှာ"အဘဘဝ-အဘအကြောင်း တစေ့တစောင်း"လို့ ဆိုထားလို့ အားမရပါ။ "တစေ့တစောင်း"သာမက အကျယ်အပြန့်ဖတ်ရဖို့ မျှော်နေခဲ့ရတာပါ။ နောက်ကျောဖုံးမှာ "မြင်ကွင်းကျယ်" လို့ ဖော်ပြထားပြန်ပါတယ်။ "တစေ့တစောင်း"ဆိုမှတော့ မြင်ကွင်းက ကျယ်နိုင်ဖွယ်မရှိပါ။ ကြော်ငြာသူရဲ့ လက်ချက်ပါ။

ဒီစာအုပ်ဟာ အထူးသဖြင့် "အဘ"နေ့စဉ်ရေးခဲ့တဲ့ မှတ်တမ်းများနဲ့ ပေးစာများကို အဓိကအခြေပြုထားတဲ့ အပြင် အနီးကပ်သားတစ်ဦးက ရေးတာဖြစ်လို့ ပိုပြီး အတွင်းကျကျသိရတာတွေပါရှိလို့ အထူးစိတ်ဝင်စားဖွယ်ရာကောင်းပါတယ်။ ဆရာကြီးရဲ့ ကိုယ်ရေး နေ့စဉ်မှတ်တမ်းမှာပါရှိတဲ့ လူပုဂ္ဂိုလ်တွေနဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေဟာ အတွင်းရေးလို့ ဆိုနိုင်တာတွေ ဖြစ်ပါတယ်။ နောက်ကျောဖုံးမှာ ရှေ့ဆုံးက စာရင်းပြထားချက်အရ ခေတ်စမ်းစာဆို ဆရာဇော်ဂျီကို တွေ့ရပါမယ်။ ဆရာဇော်ဂျီဟာ ဆရာကြီးမင်းသုဝဏ်နဲ့ ခေတ်စမ်းကဗျာခေတ်ကို ထူထောင်သူစာဆိုဖက်ဖြစ်ရုံမက ဆရာလည်းဖြစ်ပါတယ်။ တစ်သက်လုံး အတူတွဲသွားတဲ့ မိတ်ဆွေတွေလည်းဖြစ်ပါတယ်။ ဆရာဇော်ဂျီကွယ်လွန်တော့ ဆရာရဲ့ မိသားစုနဲ့ စာပေတပည့်များကို မြန်မာ့အသံက တွေ့ဆုံမေးမြန်းခန်းတစ်ခုလုပ်တဲ့အခါ ဆရာကြီးမင်းသုဝဏ်ရဲ့ အမည်လုံးဝရှောင်သွားရပါတယ်။ စစ်အာဏာရှင်ရဲ့ ငြိုငြင်တာခံရသူမို့ပါ။ အမေးခံရသူတွေကရော အသံလွှင့်ဌာနကမေးသူတွေကရော ရှောင်ပါတယ်။ ဒီတော့ ဆရာကြီးမင်းသုဝဏ်က ဆရာ့ဈာပနမှာ "ရာမအကြောင်းပြောတာ လက္ခဏမပါသလိုပါပဲ" လို့ မြည်တမ်းခဲ့ရှာတာလေးကို ဆရာ့အနီးမှာ အတူထိုင်(ရဲ)တဲ့ တပည့်များသာ ကြားလိုက်တာကို အခုကြုံမှပဲ သတင်းပါးလိုက်ရပါတယ်။

နောက်တစ်ဦး ဆက်လက်ဖော်ပြတာက သိပ္ပံမောင်ဝပါ။ ခေတ်စမ်းစာပေခေတ်ရဲ့ စကားပြေရှေ့ဆောင်သူဖြစ်ပါတယ်။ ခေတ်စမ်းခေတ်လို့ ဆိုလိုက်ရင်"ဇော်ဂျီ၊ မင်းသုဝဏ်၊ သိပ္ပံမောင်ဝ"လို့ဖော်ပြမှ ပြည့်စုံပါတယ်။ ဒါပေမယ့် 'ဝဏ်' နဲ့ 'ဝ'တို့က တက္ကသိုလ်မှာ မဆုံခဲ့ကြတာ သိရတော့ အံ့သြစရာပါ။ ဦးတင်ထွဋ်နဲ့ ဒေါက်တာလှဖေတို့ နှစ်ဦးကတော့ ဘိလပ်မိတ်ဆွေနှစ်ဦးဖြစ်ပါတယ်။ ရွှေညာမောင်က ရင်းနှီးတဲ့မိတ်ဆွေအဖြစ် ပိုပြီးအရေးပါပါတယ်လို့ဆိုရပါမယ်။ ရွှေညာမောင်(ခ)ဒါရိုက်တာဦးချင်းစိန်ဟာ ဒဂုန်မဂ္ဂဇင်းကြီးရဲ့ အယ်ဒီတာပါ။ သည့်နောက် ဆက်လက်ဖော်ပြတဲ့ ဇေယျ၊ ရွှေပြည်စိုး၊ ဒဂုန်တာရာ၊ လူထုဦးလှ၊ လူထုဒေါ်အမာတို့ကတော့ အရေးပါတဲ့ စာပေမိတ်ဆွေတွေဖြစ်ပါတယ်။ လူထုဦးလှက ကြီးပွားရေးဦးလှဘဝ(၁၉၃၃-၃၉ ခုနှစ်)များအတွင်း ကြီးပွားရေးမဂ္ဂဇင်းမှာ ခေတ်စမ်းစာပေကို တက္ကသိုလ် ပရဝဏ်က ပြင်ပစာပေစင်မြင့်သို့ ပွဲထုတ်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ သိပ္ပံမောင်ဝဆိုရင် ပြဇာတ်၊ ပေးစာစသဖြင့် ကလောင်နာမည်တစ်ဒါဇင်ထက်မနည်းသုံးစွဲပြီး ကြီးပွားရေးမဂ္ဂဇင်းမှာ ရေးခဲ့ပါတယ်။ ဆရာကြီး မင်းသုဝဏ်တို့တောင် သိပ္ပံမောင်ဝရဲ့ ကလောင်နာမည်တွေကို စုံအောင်မသိခဲ့ရပါဘူး။

နောက်ကျောဖုံးမှာပါတဲ့ လူပုဂ္ဂိုလ်စာရင်းက ကြော်ငြာအဖြစ် ထုတ်ဝေသူက စီစဉ်ဖော်ပြထားတဲ့ နာမည်စာရင်းနဲ့တူပါရဲ့။ ဆရာကြီးဦးလင်းနဲ့ ဆရာကြီး ဦးဖေမောင်တင်တို့ရဲ့ အမည်များကို နောက်ဆုံးမှ ဖော်ပြထားလေရဲ့။ တကယ်တော့ ဒီဆရာကြီးနှစ်ဦးက ဆရာမင်းသုဝဏ်ရဲ့ တက္ကသိုလ်ဆရာရင်းများဖြစ်ပါတယ်။ ဆရာကြီး ဦးဖေမောင်တင်ဆိုရင် ဆရာမင်းသုဝဏ်အမျိုးသားကျောင်းမှာ ဆရာလုပ်နေရာက တက္ကသိုလ်ဆက်တက်ဖို့ ပြန်ခေါ်လို့ ကျောင်းပြန်တက်တဲ့အပြင် နိုင်ငံခြားတက္ကသိုလ်များကိုပါ ဆက်လက်တက်ခွင့်ရပြီး ဘဝတစ်ကွေ့ ချိုးသွားခဲ့ရပါတယ်။ ဆရာကြီးဦးဖေမောင်တင်ရဲ့ အတ္ထုပ္ပတ္တိကို မလေးလုံက ရေးခဲ့ပြီးရှိပေမယ့် ဦးထင်ကျော်လို ပုဂ္ဂိုလ်က စာပေနှင့် ပညာရေးရှုထောင့်ကရေးရင် ပိုကောင်းမယ်ထင်ပါတယ်။ တက္ကသိုလ်က ကျောင်းထုတ်ခံရတဲ့ နိုင်ငံအကြီးအကဲတစ်ဦးက ဦးဖေမောင်တင်ကို"ခရစ်ယာန်ကြီး" ဆိုပြီး မေ့မှိန်ထားခဲ့ပါတယ်။ မြန်မာစာဌာနကဆိုရင် မြန်မာစာဌာနတည်ထောင်ခဲ့သူ ဦးဖေမောင်တင်ရဲ့ ရုပ်တုကို သူများက လှူတာတောင် လက်မခံရဲခဲ့ပါ။

ဆရာဒလဘန်းရဲ့ စာအုပ်ရှေ့ပိုင်းမှာ နိုင်ငံခြားသားတစ်ဦးဖြစ်တဲ့ ဆရာကြီးမစ္စတာဖာနီဗယ်ရဲ့ ဓာတ်ပုံကိုဖော်ပြထားပါတယ်။ ဆရာကြီးဖာနီဗယ်ဟာ ဗမာ့လွတ်လပ်ရေးကို အစောဆုံးတောင်းဆိုခဲ့သူဖြစ်တဲ့အပြင် မြန်မာလူငယ်တွေအတွက် နိုင်ငံခြားစာအုပ်ဆိုင်နဲ့ စာပေမဂ္ဂဇင်းထူထောင်ပြီး စာပေခေတ်တစ်ခေတ်ကို ဦးဖေမောင်တင်နဲ့တွဲပြီး မွေးထုတ်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ သမိုင်းသုတေသီ၊ ပုဂံကျောက်စာသုတေသီ၊ အင်္ဂလိပ်စာပါမောက္ခ မစ္စတာလု(စ်)၊ မြန်မာအဘိဓာန် စတင်ပြုစုသူ မစ္စတာစတီးဝပ်၊ မစ္စတာဒန်းတို့ အကြောင်းလည်းပါရှိပါတယ်။ ဒီလို မြန်မာချစ်သူ မြန်မာ့အကျိုးဆောင်ခဲ့သူတွေထဲက ဗမာပြည်မှာ ကျန်ရှိနေသူတွေကို ဦးနေဝင်းက နှင်ထုတ်ခဲ့ဖူးတာဟာ ကျေးဇူးမသိရာကျပါတယ်။ မစ္စတာဖာနီဗယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်တဲ့ ဗမာပြည်အတွက် စီးပွားရေးစီမံကိန်းဆွဲဖို့ ဖိတ်ခေါ်ခြင်းခံရသူဖြစ်တဲ့အပြင် သတိုးသီရိသုဓမ္မဘွဲ့ကို ချီးမြှင့်ခံရသူလည်း ဖြစ်ပါတယ်။ ဒီလိုပုဂ္ဂိုလ်ကြီးတွေအကြောင်းကိုလည်း ဆရာ ဒလဘန်းလိုပုဂ္ဂိုလ်မျိုးကပဲ တသီးတသန့်၊ တခမ်းတနား ရေးနိုင်မှာဖြစ်ပါတယ်။ ဆရာကြီး ဦးဖေမောင်တင်က"မြန်မာစာပေသမိုင်းဟာ ကျေးဇူးတရားနဲ့စခဲ့တယ်"လို့ ဂုဏ်ဖော်ပေးထားဖူးပါတယ်။ ရာဇကုမာရ်ကျောက်စာမှာ "ကွ္ဍညဇော" လို့ပါတယ်မဟုတ်လား။

အဲဒီစာအုပ်မှာ "အဘနှင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း"ဆိုတဲ့ ကဏ္ဍမျိုးမပါလာခဲ့တာကိုလည်း စာဖတ်သူများရင်ထဲမှာ "ဟာ"သွားမယ်ထင်ပါတယ်။ ဆရာကြီးမင်းသုဝဏ်ဟာ "ဆရာကြီးသခင်ကိုယ်တော်မှိုင်းသာ စာမဆိုခဲ့သော်"ဆိုတဲ့ ဆောင်းပါး(မုံရွာတင်ရွှေစုဆောင်းတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ လေးချိုး ၁၀၀ စာအုပ်အမှာစာ)နဲ့ သခင်ဋီကာ ဝေဖန်စာတို့ဟာ စာလောကရဲ့စံပြဝေဖန်စာတွေပါ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟာ မြန်မာကဗျာဆရာတွေရဲ့ ကဗျာဆရာကြီးအဖြစ် ကိုးကွယ်ခံရသူဖြစ်ပြီး ဆရာမင်းသုဝဏ်ဟာ ဆရာကြီးရဲ့ဈာပနကော်မတီမှာ ဆရာဇော်ဂျီ၊ လူထုမောင်နုံ၊ ရွှေညာမောင်တို့နဲ့အတူ ပါဝင်ခဲ့သူမဟုတ်လား။ ဆရာဇော်ဂျီကတော့ "ဇာတိမာန်စာဆို ဦးလွန်း" လို့ ရေးခဲ့ဖူးပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီစာအုပ်ဟာဖြင့် ဆရာ ဒလဘန်းရဲ့ ပါရဂူမြောက်လက်ရာအဖြစ်နဲ့ စာပေသမားများ လက်စွဲပြုရမယ့်စာအုပ်တစ်အုပ်ဖြစ်တယ်လို့ ဆိုရပါတယ်။ (နောက်ကျမှ ဖတ်ရပေမယ့်) စာပေလောကသားများကလည်း ဝမ်းမြောက်ဂုဏ်ယူစွာကြိုဆိုကြလိမ့်မယ်လို့ ယူဆပါတယ်။ ဒါကြောင့်လည်း ဒုတိယအကြိမ် ပြန်ရိုက်ရပြီး မကြာခင် တတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေပါဦးလို့ ပန်ကြားလိုက်ရပါတယ်။



# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေ ၂၁ ရက်မှ ၃၀ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မုံရွာနေဇာ | မြတ်ဗုဒ္ဓလက်ထက်က ထက်မြက်ထင်ပေါ်သမီးတော်များ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၂ | မောင်ခေတ်ထွန်း | ကလေးများအတွက် ဗဟုသုတ ဉာဏ်စမ်းပဟေဠိ | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃ | ဇော်ဝင်းကြူ(ပျဉ်းမနား) | အသေးစားစီးပွားရေးလုပ်ငန်းအတွက် သေနင်္ဗျူဟာ | ၃၅၀၀ိ/- | တူဒေး |
| ၄ | ထွန်းဖောင်ဒေးရှင်း | ပျူလူမျိုးနှင့် ပျူနိုင်ငံတော်စာတမ်း(၂) | ၉၀၀၀ိ/- | ထွန်းဖောင်ဒေးရှင်း |
| ၅ | ဝင်းငြိမ်း | ရွှေ(၇၀) | ၈၀၀၀ိ/- | ကံ့ကော်ဝတ်ရည် |
| ၆ | အောင်သူရ | တက်စ်နှင့်ဒဿန | ၆၀၀၀ိ/- | ဝါးလည်စာပေ |
| ၇ | လူထုစိန်ဝင်း | သင့်လုပ်ငန်းအောင်မြင်ရေးအတွက် နေ့စဉ်သုံးဆောင်ပုဒ်များ | ၁၅၀၀ိ/- | ကျော်မွေး |
| ၈ | မင်းသိခ် | ပတ္တမြားမိုး | ၃၅၀၀ိ/- | ဘုမ္မာဝတီ |
| ၉ | မိုးနတ်သျှင် | ဗမာ့စိတ်ထား | ၄၀၀၀ိ/- | ရတနာပုံ |
| ၁၀ | ငြိမ်းဝေကိုအောင် | မေ့မရနိုင်တဲ့နိုင်ဝင်းဆွေ | ၁၅၀၀ိ/- | ဆန်းစသော်တာ |
| ၁၁ | သုမောင် | ပြည်ပသွားလွမ်းစကား | ၁၃၀၀ိ/- | ရန်အောင်-၂ |
| ၁၂ | ဆရာရဲရင့်(မြန်မာစာ) | အောင်ပွဲဝင်စာစီစာကုံးများ | ၁၅၀၀ိ/- | အားမာန်သစ် |
| ၁၃ | ခင်မောင်တိုး(မိုးမိတ်) | ထူးချွန်ထက်မြက်ဆယ်ကျော်သက် | ၂၅၀၀ိ/- | ပင်ဝါးရုံ |
| ၁၄ | စကြာကောင်းစံ | အထူးခရီးသွားမှတ်တမ်း/အောင်မော်စံဆရာတော် (ကချင်ပြည်နယ်) | ၁၂၀၀ိ/- | မဇ္ဈိမ |
| ၁၅ | စေတနာလှိုင်(ရေစကြို) | သံသရာခရီးသည်များ | ၁၈၀၀ိ/- | ရန်အောင်-၁ |
| ၁၆ | မျိုးမာန် | ယဉ်ကျေးလိမ္မာကလေးတရားအမှတ်(၅) | ၁၅၀၀ိ/- | မြင့်မိုရ်မေမေ |
| ၁၇ | | မူလတန်းသင်္ချာစာအုပ် ၄-၃ | ၂၀၀၀ိ/- | မြင့်မိုရ်မေမေ |
| ၁၈ | | မူလတန်းသင်္ချာစာအုပ် ၄-၄ | ၂၀၀၀ိ/- | မြင့်မိုရ်မေမေ |
| ၁၉ | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ဒုတိယရွှေကျင်သာသနာပိုင်မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိသုဒ္ဓါစာရ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၂၀ | အောင်အေး (ရန်ကုန်တက္ကသိုလ်) | ရွှေတြိဂံနယ်မြေက ဘိန်းဘုရင်ခွန်ဆာခြေရာခံခြင်း | ၃၅၀၀ိ/- | လွင်ဦးစာပေ |
| ၂၁ | Myanmar Chayyar | 2016-2017 BANGKOK VERSION (မြန်မာ့ခြေရာခရီးသွားလမ်းညွှန်) | ၃၅၀၀ိ/- | မြန်မာ့ခြေရာ |
| ၂၂ | အောင်အေး (ရန်ကုန်တက္ကသိုလ်) | အကောင်းမြင်စိတ်ဖြင့် အလုပ်လုပ်ခြင်း | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၂၃ | ဝင်းဇင်(မြိတ်) | ခမ္မခရီးသည် | ၁၆၀၀ိ/- | သစ္စာအလင်း |
| ၂၄ | သဲထူး | ကျောရိုးမဲ့အထားအသိုဝတ္ထုတိုများ | ၃၀၀၀ိ/- | အိမ်မက်သစ် |
| ၂၅ | ဒီနိုဗိုလ်-မြန်မာပြန် | တရားသဖြင့် လုပ်ကြံကြသူများ | ၁၅၀၀ိ/- | နှစ်ကာလများ |
| ၂၆ | စိန်မွတ္တား | ထပ်ဆင့်အကယ်ဒမီစိန်မွတ္တားစာဟောဆရာရွှေဘိုစိန်နှင့် မြန်မာ့ဆိုင်းပညာလောကဆောင်းပါးများ | ၂၀၀၀ိ/- | စိတ်ကူးသစ် |
| ၂၇ | ထွန်းရီ (ရှေးဟောင်းသုတေသန) | A Variety of myanmar desings မြန်မာလက်ရာ | ၂၅၀၀ိ/- | စာနဒီစာအုပ်တိုက်ပုံစံပဒေသာ |
| ၂၈ | ကလောင်စုံ | ပွဲတင်သံခပ်တိုးတိုးနှင့် အခြားစာတမ်းများ | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၉ | အောင်ဇံ | လီနင် | ၅၀၀၀ိ/- | မြနန္ဒာ |
| ၃၀ | နိုင်ဦး | နှလုံးသားစည်းချက်တို့သယ်ဆောင်ရာ | ၂၅၀၀ိ/- | အိပ်မက်သစ် |
| ၃၁ | ရဲစတိုင်း | မပြုံးဘဲ ဝါလုံးကွဲဟာသများ | ၇၀၀ိ/- | စိတ်ကူးချိုချို |
| ၃၂ | မင်းသိခ် | ဘဝအသချော် | ၂၅၀၀ိ/- | ဘုမ္မာဝတီ |
| ၃၃ | ဟိန်းလတ် | နှစ်ဆယ်ရာစု | ၅၀၀၀ိ/- | Global Piecegroup |
| ၃၄ | နိုင်ဇော် | အသဝနီ နက္ခတ်အလင်း | ၂၀၀၀ိ/- | သီရိဝဍ္ဎ |
| ၃၅ | ငြိမ်းကျော် | ဝတ္ထုတိုပေါင်းချုပ် | ၈၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃၆ | ရာပြည့် | လူစွမ်းကောင်းမဟုတ်သော နေဗီဆီးလ် တပ်ဖွဲ့ဝင်တစ်ယောက် | ၃၀၀၀ိ/- | မဟာစာပေ |
| ၃၇ | မောင်သာစိုး | မြစ်တစ်စင်းရဲ့ခရီးကဗျာစုစည်းမှု | ၂၀၀၀ိ/- | ယဉ်မျိုး |
| ၃၈ | အန်တီချို | နေကောင်းကျန်းမာစွပ်ပြုတ်ဟင်းလျာ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၃၉ | အောင်နှင်း | အမုန်းများငြိမ်းစေသတည်းနှင့် ပညာတော်သင်ကာလနေ့ရက်များ | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၄၀ | မင်းဆက် | နေသွားလမ်းကြောင်းပေါ်က လူသားသမိုင်း | ၁၀၀၀ိ/- | နေမျိုး |
| ၄၁ | လူထုစိန်ဝင်း | လူငယ်နှင့်အချစ် | ၁၅၀၀ိ/- | ဇွန်ပွင့် |
| ၄၂ | နတ်မျုး | ပန်းအိပ်မက်လှေ ဝတ္ထုတိုစု | ၂၅၀၀ိ/- | ဝန်ချတောင် |
| ၄၃ | မောင်မောင်ထွန်းအောင် | အရက်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကျန်းမာရေးပြဿနာ | ၃၀၀၀ိ/- | ဟိန်းထက်စာပေ |
| ၄၄ | အရှင်ဇဝန | သံတိုင်ကြားက ရဟန်းတစ်ပါး၏ပန်းချီကားများ | ၂၅၀၀ိ/- | Global Piecegroup |
| ၄၅ | ကလောင်စုံ | အတွေးအမြင်အမှတ်(၂၈၈)၊ ၂၀၁၆၊ ဇွန် | ၂၀၀၀ိ/- | ဒေါင်းစာပေ |
| ၄၆ | ဇင်ဝေသော် | ကမ္ဘာ့နိယာမ | ၃၅၀၀ိ/- | ကမ်းလက်စာပေ |
| ၄၇ | ရဲတင့် | အာရအားပြိုင်ပွဲ (တရုတ်၊ ဂျပန်၊ အိန္ဒိယ) | ၂၅၀၀ိ/- | တူဒေး |
| ၄၈ | ကတ္တသိုလ်စိန်မြင့်ထွန်း | မူးယစ်အန္တရာယ်လူ့ရန်စွယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက် | ၂၅၀၀ိ/- | ရွက်စိမ်းစာပေ |
| ၄၉ | | ရှာဖွေစွန့်စားဇာနည်ဖွား | ၁၅၀၀ိ/- | The Key |

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အလှပြိုင်ပွဲ

**ဆူးငှက်**

၁၉၃၀ ခုနှစ်ဝန်းကျင်ကာလက မန္တလေးတွင် "မြို့မ" ဟူသော အပျော်တမ်းတူရိယာ အသင်းတစ်သင်း ပေါ်ပေါက်လာချိန်၌ မြို့မအသင်းသားများ အများစုနေထိုင်ရာ တရုတ်တန်းရပ်ကွက်နှင့် မလှမ်းမကမ်း (၃၁) လမ်း ပဒေသာပင်တန်း၌လည်း တီးဝိုင်းတစ်ဖွဲ့ရှိနေခဲ့သည်။ "မာဃ"ဟု အမည်တွင်၏။ တစ်ရပ်တည်းသားတွေမို့ ပါဝင်တီးမှုတ်သူတွေက ဟိုဝိုင်းသည်ဝိုင်း ဝင်ရောက်တီးမှုတ်ကြပေမယ့် ထိုနှစ်ဝိုင်းက ဂူတစ်ဂူတည်းမှ ခြင်္သေ့နှစ်ကောင်လို ဗိုလ်မထားဘဲ အပြိုင်အဆိုင်ဖြစ်နေကြသည်။ ထိုနှစ်ဝိုင်းမှ အသင်းသားများကလည်း တရုတ်တန်းနှင့် (၂၉) လမ်းထိပ်အနီးက "ဦးတော်" လက်ဖက်ရည်ဆိုင်မှာ ဆုံလျှင်ဆုံဖြစ်ကြသည်။ ထိုဆိုင်မှာ ဆရာကြီး ဦးရာဇာတ်၏ နေရှင်နယ်ကျောင်းသားများလည်း ထိုင်တတ်၏။ ထိုဆိုင်မှာ မြို့မ၊ မာဃစကားနိုင်လုကာ ငြင်းခုံကြသလို ဘားတန်းများမပါသော ပြောင်ချောလက်တံနှင့် ဘင်ဂျိုကို ကွမ်းသီးဖက်ဆေးလိပ်အတုတ်ကြီး လက်ကြားညှပ်ကာ သီချင်းတစ်ပုဒ် အပီအပြင်တီးပြနေသည့် ကိုဘညိန်းအနား ဝိုင်းကာ အံ့အားတသင့် နားထောင်ခဲ့ကြသည်လည်းရှိ၏။ မည်သို့ဆိုစေ ဂီတနှင့်ပတ်သက်လျှင်တော့ ထိုနှစ်သင်းက အတင်စီးမခံဘဲ ဆတ်ဆတ်ထိမခံ ပြိုင်မြဲပြိုင်ကြသည်။

ထိုစဉ်က နာမည်ကျော်စ သီချင်းရေးဆရာ နန်းတော်ရှေ့ဆရာတင်က မြို့မအတွက် သီချင်းများရေးသားပေးနေသောအခါ မာဃလူငယ်များက သူတို့အသင်းတိုက်သို့ နန်းတော်ရှေ့ဆရာတင်ကို ပင့်ဖိတ်ကာ ထမင်းစားပွဲဖြင့် ဧည့်ခံပြီး မာဃအတွက်လည်း သီချင်းရေးပေးဖို့ "အတင်းအကျပ်" တောင်းဆိုခဲ့ဖူးသည်ဆို၏။ ထိုသတင်းကြောင့် မင်းသမီးလေဘာတီမမြရင်ကလည်း မြို့မနှင့်ချည်း သီဆိုဖျော်ဖြေနေရာမှ မာဃနှင့် တစ်လှည့်တစ်ဖန် ပူးတွဲသီဆိုခဲ့ရပြန်သည်။ ထို့ကြောင့် မြို့မငြိမ်းက "ချောင်းကိုပစ်ခါ မြစ်ကိုရှာ၊ ရေသာများတော့သည်၊ ထွေရာများတော့သည်၊ ငါးမတွေ့နိုင်တဲ့၊ ဟသ်ာထက်ကဲ၊ ဝမ်းဘဲဘွဲ့ထူးချီ ခေါ်လောက်ပါပေသည် အစချီ "မန်ဒလီ" သီချင်းဖြင့် ခနဲ့လိုက်သည်။ ထိုစဉ်က မာဃနှင့် တွဲဖက်ရာတွင် မမြရင်၏ နာမည်ကြီးသီချင်းမှာ ကိုရွှေမောင်ရေးသားသော တစ်နာရီတည်း မောင်နဲ့ချစ်ပါရစေ သီချင်းဖြစ်သည်။ (လေဘာတီမမြရင် မြို့မနှင့် ပင်တိုင်တွဲနေစဉ်က မာဃမှာ ဩဘာသောင်းက ပင်တိုင်ဖြစ်သည်။)

မာဃကလည်း ဦးကျော်အေးကဲ့သို့ ပုဂ္ဂိုလ်မျိုး တည်ထောင်ပြီး ပစ္စည်းကောင်း၊လူကောင်းတွေနှင့်မို့ ဆတ်ဆတ်ထိမခံဘဲ တူရိယာဂုဏ်သတင်းနယ်၊ အသင်းမာဃ တူရိယာဂုဏ်သတင်းနယ်၊ အသင်းမာဃ ဒါမကသာပေတယ်။ မြို့ကျက်သရေ တက်နေဆောင်လို့ အပေါင်းပြောကြတယ်။ ထူးခြား၍ အမှန်ပင်တကယ် မာဃအဖွဲ့ သာပေတယ်ဟု ကလိပြန်၏။ မြို့မက ပြန်လည်၍ သူ့ထက်တစ်နှစ်ငယ်တဲ့ မာဃကို "ကျန်းခံတော်သာလွန်းလို့ မြို့မက မေတ္တာလည်းပို့သည်။ ဒီနှစ်မှ တွေ့ရ၊ ဟောဒီနှစ်မှ တွေ့ရ၊ မျက်နှာစုံညီ စုံစုံညီ၊ စုံစုံညီညီ"ဟူ၍ တုံ့ပြန်ပါသည်။



> ❝ ဒီမိုကရေစီဆိုတာ "အပြိုင်"ခေတ်ဖြစ်သည်။ ပြိုင်သည်ဆိုတာက အပုပ်ချပြိုင်ဖို့မဟုတ်၊ အကောက်ကျစ်ပြိုင်ဖို့မဟုတ်၊ အညစ်ပြိုင်ဖို့မဟုတ်၊ တိုင်းပြည်နှင့်လူမျိုးအတွက် ဘယ်လောက်လုပ်ပေးနိုင်သလဲဆိုတာ ပြိုင်ဖို့ဖြစ်သည်။ စေတနာနှင့်အလုပ် ပြိုင်ဖို့ဖြစ်သည်။ ဆိုလိုတာက "အလှပြိုင်"ကြဖို့ပဲ မဟုတ်ပါလား။ ❞

မြို့မ၊ မာဃတို့နည်းတူ နာမည်ကျော် အခြားအသင်းတစ်သင်းမှာ မင်္ဂလာဈေးရပ်မှ မင်္ဂလာညွှန့်အသင်းဖြစ်ပါသည်။ အရေးပိုင်မင်း ဦးစိန်ရိုး၏သား ကိုလှမင်း ဦးစီးသောအသင်းဟုဆို၏။ မြို့မနှင့် မာဃပြိုင်ပွဲတွင် မင်္ဂလာညွှန့်က ကြားနေခဲ့သည်။ နှစ်ဖက်ပြိုင်ဆိုင်မှု တင်းမာလာချိန်တွင် မင်္ဂလာညွှန့်က "အသင်းချင်းက ပြည်ပဟိုရ်၊ ညီအကိုလိုပေါ့။ (ချစ်သွေးအင်မတန် အလွန်ညီ) ------ --- "မြို့မ" က ချစ်သွေးညီ၊ "မာဃ"က ချစ်သွေးညီ" ဟူ၍ သီဆိုခဲ့သည်ဆို၏။

ဤသို့ဖြင့် ထိုခေတ်ထိုအခါက ကနဦးအနောက်တိုင်း လေမှုတ်တူရိယာပစ္စည်းများကို စတင်ကိုင်တွယ်ကာ တီးမှုတ်ကြသည့် တူရိယာအသင်းများ ထင်ပေါ်ကျော်ကြားလာကြသကဲ့သို့ လေမှုတ်တူရိယာသမားများကလည်း ဥပစာကောလိပ်ကျောင်းသား၊ ဆတ်ကျောင်းသားများနှင့်ပင် ပခုံးချင်းယှဉ်ကာ မျက်နှာပွင့်ခဲ့ကြသည်။ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်ခဲ့ကြသည်။ ထိုသို့ လူစွမ်းကောင်းလေမှုတ်တူရိယာသမားများကို မြို့ပရိသတ်က အဲယား (Air)သမားတွေဟု ကမ္ပည်းထိုး မော်ကွန်းတပ်ကြ၏။ "အဲယားသမား"တွေ၊ "အဲယားသမားတွေ" ဟု အရပ်သုံးခေါ်ဝေါ်လာခဲ့ကြသည်။

မြို့မ၊ မာဃတည်းဟူသော အဲယားသမားတွေ အချင်းချင်း ခနဲ့ကြ၊ ရိကြ၊ ထိုးကြ၊ နှက်ကြလေသောအခါ နဂိုကတည်းက ဟာသဉာဏ်ရှိသော မြို့မငြိမ်းက ထို"တိုက်ပွဲ"၊ ထို "ပြိုင်ပွဲ" ကို သီချင်းတစ်ပုဒ်ဖြင့် ခပ်သောသောကလေး ရေးစပ်ကာ အဆုံးသတ်ပေးလိုက်သည်။

သီချင်းနာမည်က "အလှပြိုင်ပွဲ" တဲ့။

ထိုသီချင်းတွင် အရပ်က အဲယားသမားဟု နှုတ်ကျိုးရေပန်းစားနေသောအသုံးအနှုန်းကို မြို့မငြိမ်းက ခပ်သောသောလေးဖြင့် "လေသမား" လေသမားချင်း ပြိုင်တယ် "လေကိုလေချင်း အပြင်းပြိုင်တယ်" ဟူ၍ ဆင့်ပွားတီထွင်သုံးစွဲခဲ့တော့သည်။ ထို့ပြင် ဂင်္ဂါငါးနှင့် ယမုံနာငါး အလှပြိုင်ရာတွင် ဒိုင်လူကြီး ဦးရွှေလိပ်က "သူကသာ အလှဆုံး၊ ဒါတောင်ရေမချိုးရသေးလို့" ဟု ကြားကဝင်၍ အသားယူသော ပုံပြင်ဖြင့် "ကြားလူ" ကိုလည်း ကလိလိုက်သေးသည်။ သီချင်းစာသားအား ဖတ်ကြည့်ကြပါကုန်။

### အလှပြိုင်ပွဲ

"လူမှန်ရင် တစ်တောင်လောက်နီး၊
ကြီးချင်ကြီး မကြီးချင်နေ၊
နိုင်လိုနိုင်၊ မနိုင်လို့ရှုံး။ ပြိုင်ဦးမယ်။ ကျုပ်အလှဆုံး"
"ရုပ်ချောသလား ကြွခဲ့ပါခင်ဗျား၊
အသွက်ဆုံးရုပ်၊ အဟုတ်ကိုမှန်လျှင်
အရုဏ်တော်တွင် ဆင်ဖြူတော်ဝင်၊ နှစ်ယောက်လောက်လိုချင်၊
ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်ပြီး ရုပ်လှသလားလို့ ဟန်မယ်မဟန်မယ်
ထင်တစ်လုံးနဲ့ ထူးတဲ့ရုပ်ဖြူးရယ်"
"ဂင်္ဂါငါးနဲ့ ယမုံနာငါးတို့ အလှပြိုင်ကြမလို့တဲ့
လေထွားရာဝယ်
အချင်းဖြစ်ပွားခိုက်၊ ခုံထားလိုက်ရာ၊
ဦးရွှေလိပ်က မိန့်ကြားသည်မှာ၊
ငါ့လို ဝိုင်းဝိုင်းစက်စက်၊ မင်းတို့ မတင့်တယ်၊
ရုပ်လှရာမှာ၊ မုချပါဗျာ၊ ကျုပ်ကသာတယ်။
ဒါတောင် ဦးရွှေလိပ်က ရေချိုးရသေးဘူးတဲ့ ခင်ဗျာ။
အနိုင်လို သဘောထား ပြောကြားလေတယ်။
ထွားတဲ့လေနှယ်။
ဒီလိုပဲ ထုံးရှိတယ်။ အနှိပ်သည် ငတိုးပြော . . .
သောတာမဟုတ်ဘူးနော်"
"လေကိုလေချင်း အပြင်းပြိုင်သော်၊
လေယာဉ်ပျံဟာလေ၊ သူအနိုင်ဆုံးပေါ့၊
ရိုးမတောင်တန်း၊ အချစ်စမ်းရာဝယ်၊
လေဆော်တာနဲ့ပဲ၊ မြေကိုချော်လို့ဒေါင်း၊
စူထက်စူ(လူစွမ်းကောင်း)၊ သူ့ထက်ကဲ၊ ရွှေပြည်စိုး၊
ညီပုလေး၊
ညီပုလေးယောင်ယောင်ယောင် . . . ယောင်ဆွဲ၊
တရုတ်ဇာတ်ထဲ အဟုတ်မှတ်နဲ့ ကျုပ်အလှလို့ပဲ
ထင်ထင်ထင် . . . ထင်တယ်" တဲ့။

မန္တလေးမီးသတ်ကြီးနားမှာ ယိုးဒယားဈေးဂတ်တဲရှိသည်။ ရှစ်မှတ်ဂတ်ဟုလည်း ခေါ်သည်။ "ရှစ်မှတ်ဂတ်"၏ရှေ့၌ ဝက်မစွပ်ဝန်ထောက်မင်းနှင့် သမီးခင်လတ်ကြီးတို့ကောင်းမှု ဝက်မစွပ်ဓမ္မာရုံရှိသည်။ နေရှင်နယ်ကျောင်းနှင့်က ဟိုဘက်ထောင့် သည်ဘက်ထောင့် ဖြစ်သည်။ တစ်နှစ်သောအခါ ထိုဓမ္မာရုံဘုရားပွဲ၌ မြို့မနှင့် မာဃတို့ အပြိုင်ငှားသည်။ နှစ်သင်းစလုံးကလည်း ထိုဓမ္မာရုံ၏ ဂေါစရဂါမ်နှင့် အနီးဆုံး၌ ရှိကြသည့်အသင်းများဖြစ်သည်။ နှစ်သင်းစလုံးကို စင်တစ်စင်တည်းယှဉ်ကာ တီးမှုတ်ကြစေခြင်းဖြစ်သည်။ မြို့မက စင်၏ ညာဘက်၊ မာဃကစင်၏ ဘယ်ဘက်ဖြစ်သည်။ ပွဲမစခင်က နှစ်ဖက်အသင်းသားများ လက်ဖက်ရည်ဆိုင်အတူထိုင်ကာ ရယ်ကြ၊ မောကြ၊ သောကြနှင့် ပျော်စရာကောင်းလှသည်။ ထိုပွဲတွင် မြို့မက အလှပြိုင်ပွဲကို သီဆိုတီးမှုတ်၏။

သို့သော် ဘယ်သူ့ဘယ်သူမှ ပြဿနာမရှိ။ ပွဲပြီးတော့လည်း တစ်ယောက်လည်ပင်း တစ်ယောက်ဖက်လို့ လက်ဖက်ရည်ဆိုင်အတူထိုင်ပြီး "သော"ကြသူချင်းချည်းဖြစ်ပါ၏။ ဒါက အရေးမကြီး၊ သူတို့ပြိုင်တာ "လူ" မဟုတ်၊ "ပစ္စည်း"မဟုတ်။ အနုပညာ "အလှပြိုင်ပွဲ"။

အခုလည်း ဒီမိုကရေစီဆိုတာ "အပြိုင်"ခေတ်ဖြစ်သည်။ ပြိုင်သည်ဆိုတာက အပုပ်ချပြိုင်ဖို့မဟုတ်၊ အကောက်ကျစ်ပြိုင်ဖို့မဟုတ်၊ အညစ်ပြိုင်ဖို့မဟုတ်၊ တိုင်းပြည်နှင့်လူမျိုးအတွက် ဘယ်လောက်လုပ်ပေးနိုင်သလဲဆိုတာ ပြိုင်ဖို့ဖြစ်သည်။ စေတနာနှင့်အလုပ် ပြိုင်ဖို့ဖြစ်သည်။ ဆိုလိုတာက "အလှပြိုင်" ကြဖို့ပဲ မဟုတ်ပါလား. . ။ ။



## ☆ နိုင်ငံတော်သမ္မတမှ

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် စင်ကာပူဝန်ကြီးချုပ်တို့သည် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ၁၉၉၉ ခုနှစ်က ချုပ်ဆိုခဲ့သော နှစ်နိုင်ငံအကြား အခွန်နှစ်ထပ်မဖြစ်စေရေးသဘောတူစာချုပ်ကို ခေတ်အခြေအနေနှင့်အညီ ပြန်လည်သုံးသပ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး၊ စင်ကာပူလေကြောင်းလိုင်းများ မြန်မာနိုင်ငံမြို့ကြီးများသို့ တိုးချဲ့ပျံသန်း ပို့ဆောင်ခြင်းအပါအဝင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-စင်ကာပူ သက်မွေးပညာသင်တန်းကျောင်း၌ ဝန်ဆောင်မှုနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တိုးမြှင့်ဖွင့်လှစ်သင်ကြားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသန့်စင်မောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် စင်ကာပူဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာလည်း တက်ရောက်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့် ဇနီးတို့အား သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ခရီးစဉ်သည် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးခိုင်မြဲတိုးတက်လျက်ရှိနေပုံကို ပီပီပြင်ပြင် ဖော်ကျူးလျက်ရှိပါကြောင်း၊ ယခုနှစ်သည် မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့်မြောက်သည့် နှစ်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံအသိုက်အဝန်း နှင့်အတူလက်တွဲကာ လုပ်ကိုင်လျက်ရှိကြကြောင်း၊ လွန်ခဲ့သည့် နှစ် ၅၀ ကြာကာလပတ်လုံး မိမိတို့နှစ်နိုင်ငံ အတူလက်တွဲခဲ့ကြခြင်းအတွက် အထူးပင်ကျေနပ်အားရ ဖြစ်မိပါကြောင်း။

စင်ကာပူနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုများအရသာမက မြန်မာနိုင်ငံရှိ လူငယ်များအား အသက်မွေးဝမ်းကျောင်းပညာလေ့ကျင့်ပေးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအရပါ အားပေးကူညီခြင်းပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးအသိုက်အဝန်းနှင့် မြန်မာလူငယ်များအတွက် အရေးပါသော ဆောင်ရွက်ချက်များပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အင်တိုက်အားတိုက်ဆက်လက်ထောက်ခံမှုပေးခြင်းနှင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ကူညီပံ့ပိုးပေးခြင်းအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်များ ချဲ့ထွင်နိုင်ရေးအတွက် မိမိတို့ ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပြည်သူများအကြား အစဉ်ထာဝရတည်တံ့ခိုင်မြဲသော ရင်းနှီးချစ်ကြည်မှုတိုးတက်စေရန် ဆုတောင်းပတ္ထနာပြုပါကြောင်း ပြောကြားသည်။

ထို့နောက်စင်ကာပူဝန်ကြီးချုပ်က မိမိသည် ၂၀၁၄ ခုနှစ်က အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ယခုတစ်ကြိမ်တွင် သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ လှိုက်လှဲပျူငှာစွာဖြင့် ဧည့်ဝတ်ကျေပွန်မှုတို့အတွက် ကျေးဇူးတင်ရှိပါကြောင်း။

အစိုးရအဖွဲ့သစ်နှင့် တွေ့ဆုံကာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်ကဏ္ဍသစ်များနှင့်ပတ်သက်၍ ဆွေးနွေးခွင့်ရရှိသည့်အတွက် ကျေနပ်အားရဖြစ်ရပါကြောင်း၊ ယခုနှစ်သည် မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေး၏ ရွှေရတုနှစ်ပတ်လည်အခါသမယ ကျရောက်သည့်နှစ်တစ်နှစ်ဖြစ်ပါကြောင်း။

နှစ်ပေါင်း ၂၀၀ ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်သည့်တိုင် နှစ်နိုင်ငံပြည်သူတို့မှာ ဆက်ဆံရေးအရ ခိုင်မြဲလျက်ရှိကြောင်း၊ ယနေ့ကာလတွင် စင်ကာပူရောက်မြန်မာပြည်သူ ၂၀၀၀၀၀ ခန့်ရှိနေပြီး မိမိတို့နိုင်ငံ လူ့အဖွဲ့အစည်းအတွင်း ကျောင်းသူကျောင်းသားများ၊ ပညာရှင်များ စသည့်နယ်ပယ်မျိုးစုံမှ ပုဂ္ဂိုလ်များအဖြစ် ပါဝင်လှုပ်ရှားလျက်ရှိကြောင်း။

နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်နေသူများအတွက် ရက် ၃၀ ကြာမြင့်သည်အထိ နေထိုင်ခွင့်ပေးရန် ဗီဇာစည်းမျဉ်း ကန့်သတ်ချက်များကို လျှော့ချပေးမည်ဖြစ်ကြောင်း၊ လေကြောင်းခရီးစဉ် ပျံသန်းမှုများနှင့် အပြန်အလှန် ချိတ်ဆက်မှု တိုးမြှင့်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံသည်မိမိတို့၏ မိတ်ဆွေကောင်း ဖြစ်သည်သာမက မိမိတို့အတွက် အရေးကြီးသော မိတ်ဖက်လည်းဖြစ်ကြောင်း၊ လွန်ခဲ့သော ဆယ်စုနှစ်တာကာလပတ်လုံး မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် မိမိတို့ အတူယှဉ်တွဲလျှောက်လှမ်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံအား အကူအညီပေးမှုကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ အစိုးရအဖွဲ့များအကြား အပြန်အလှန်ဖလှယ်ရေး အစီအစဉ်များကို နှစ်ရှည်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ စင်ကာပူနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်နှင့်အညီ မြန်မာအစိုးရတာဝန်ရှိသူ ၁၂၆၀၀ ကျော်သည် သင်တန်းများ တက်ရောက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံမှ အရပ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများမှ အကြီးအကဲအတော်များများမှာ စင်ကာပူရှိပြည်သူ့ရေးရာမူဝါဒတက္ကသိုလ်များ၏ ကျောင်းသားဟောင်းများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးတည်ဆောက်မှုတို့တွင် တိုးတက်အောင်မြင်မှုများကို တွေ့မြင်နေရသဖြင့် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ညစာစားပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးသည် နိုင်ငံတော်အစိုးရသစ်စတင် တာဝန်ယူစဉ်ကာလအတွင်း ပထမဆုံး ချစ်ကြည်ရေးခရီးအလည်အပတ်လာရောက်သည့် နိုင်ငံခေါင်းဆောင်တစ်ဦးဖြစ်သည်။

စင်ကာပူနိုင်ငံသည် ဗြိတိသျှ ကိုလိုနီလက်အောက်တွင် ကျရောက်လျက်ရှိနေသေးသည့် ၁၉၅၂ ခုနှစ် စက်တင်ဘာလကတည်းက မြန်မာနှင့် စင်ကာပူတို့အကြား ကောင်စစ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခဲ့ သည့် သမိုင်းအစဉ်အလာကောင်းများရှိခဲ့သည်။ ၁၉၆၁ ခုနှစ် ဧပြီ ၁၂ ရက်တွင် ကောင်စစ်ဝန်ချုပ်အဆင့်အထိ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

**စာမျက်နှာ ၉ သို့»»**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံး တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သောအဖွဲ့နှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီးတို့က စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

»» စာမျက်နှာ ၈ မှ

မလေးရှားမှခွဲထွက်ပြီး တရားဝင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ၁၉၆၅ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကြေညာနိုင်ခဲ့ပြီးနောက် စင်ကာပူသမ္မတနိုင်ငံအား မြန်မာနိုင်ငံက အသိအမှတ်ပြုကြောင်းကို ၁၉၆၅ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ထုတ်ပြန်နိုင်ခဲ့သည်။ ယင်းနောက် မြန်မာ-စင်ကာပူ သံအမတ်ကြီး အဆင့် ဆက်သွယ်ဆောင်ရွက်မှုကို ၁၉၆၆ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် စတင်ခဲ့သည်။

နှစ်နိုင်ငံအကြား သက်ဆိုင်ရာ မြို့တော်များ၌ သံအမတ်ကြီးများ ခန့်အပ်ရေးကို ၁၉၉၄ ခုနှစ် ဇူလိုင်တွင် နှစ်ဖက်သဘောတူဆောင်ရွက်ခဲ့ကြပြီး လက်ရှိတွင် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးငွေးအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးအဖြစ် မစ္စတာ ရောဘတ်ချာတို့က ထမ်းဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**



# မြေပုံမြို့ တောင်ပေါ် ဘင်္ဂါလီစခန်း၌ နိုင်ငံသားသက်သေခံကတ်ပြားများထုတ်ပေး

**မြေပုံ ဇွန် ၇**

မြေပုံမြို့ တောင်ပေါ်ရပ်ကွက် ဘင်္ဂါလီ IDP စခန်းတွင် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) ထုတ်ပေးခြင်းလုပ်ငန်းကို ဇွန် ၇ ရက် နံနက်ပိုင်းက ဘင်္ဂါလီ IDP ကယ်ဆယ်ရေးစခန်း ရှင်းလင်းဆောင်၌ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြောက်ဦးခရိုင်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း ဦးဆောင်ပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းမောင်နှင့်ဝန်ထမ်းများက ယာယီသက်သေခံကတ်ပြားအပ်နှံသူများကို နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်သည်။

အဆိုပါတောင်ပေါ် ဘင်္ဂါလီ IDP စခန်း၌ ယနေ့တွင် ယာယီသက်သေခံကတ်ပြားအပ်နှံပြီးသူများအား နိုင်ငံသားစိစစ်ခံရမည်သူ၏ သက်သေခံ



ကတ်ပြားထုတ်ပေးရန် စိစစ်ပြီးစီးမှုမှာ အမျိုးသား ၅၇ ဦး ၊ အမျိုးသမီး ၆၉ ဦး စုစုပေါင်း ၁၂၆ ဦးဖြစ်သည်။ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့် ဘင်္ဂါလီများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝင်းမင်းစိုး)**

**■ ကျောဖုံးမှ**

**မေး။ ။ပုဏ္ဏားကျွန်းမြို့နယ်မှာ လုပ်ငန်းဆောင်ရွက်မှု အခက်အခဲ ဖြစ်ပေါ်နေတာနဲ့ ပတ်သက်ပြီး နည်းနည်းလောက်ထပ်မံရှင်းပြပေးပါ။**

**ဖြေ။** ။ပုဏ္ဏားကျွန်းမြို့နယ်မှာ လုပ်ငန်းဆောင်ရွက်တဲ့အခါ လူမျိုး၊ ဘာသာမပါလို့ဆိုပြီး ကောက်ယူရရှိခြင်းမရှိသေးပါဘူး။ သူတို့နေရာက IDP Camp မဟုတ်ပါဘူး။ သီးခြားနေထိုင်တဲ့ရွာလေးတစ်ရွာဖြစ်ပါတယ်။ နောက်တစ်ခုက သူတို့ကိုလွှမ်းမိုးထားတဲ့ ဘာသာရေးတွေ၊ ရပ်မိရပ်ဖတွေကလည်း ဂယက်န အခြေအမြစ်ကို ပြောဆိုနိုင်ခြင်းမရှိပါဘူး။ ပညာအခြေခံနည်းတာလည်း ပါကောင်းပါပါလိမ့်မယ်။

**မေး။ ။အခုလို ဆောင်ရွက်တဲ့နေရာမှာ ကုန်ကျစရိတ်ကို ဘယ်လိုကျခံရပါသလဲ။**

**ဖြေ။** ။အဲဒီမှာ ပုံစံဖြည့်တာ၊ ရေးသားတာတွေကို ကျွန်တော်တို့ လဝကက အဓိကဆောင်ရွက်ပေးပါတယ်။ ဓာတ်ပုံရိုက်တာ၊ ဓာတ်ပုံထုတ်တာတွေကို ကျောက်ဖြူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အခမဲ့ကူညီပေးပါတယ်။ မြေပုံမြို့မှာတော့ မိမိအစီအစဉ်နဲ့ဓာတ်ပုံရိုက်ပါတယ်။

**မေး။ ။နိုင်ငံသားစိစစ်မှုခံယူမယ့်လုပ်ငန်းစဉ်ကို သိချင်ပါတယ်။**

**ဖြေ။** ။ပထမအဆင့်အနေနဲ့ နိုင်ငံသားစိစစ်ခံရမယ့်သူရဲ့ သက်သေခံကတ်ပေးမယ်။ ဒုတိယအဆင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့က သေသေချာချာရှင်းပြပေမယ့် သူတို့က ညှိနှိုင်းဦးမယ်၊ ပြန်စဉ်းစားဦးမယ်လို့ပြောပါတယ်။ အတွေးအခေါ်ပိုင်းလိုတယ်လို့ သုံးသပ်ပါတယ်။

ကျောက်ဖြူနဲ့ မြေပုံမှာလည်း လူမျိုး၊ ဘာသာ ကောက်ယူခြင်းမရှိပါဘူး။ အားလုံးနိုင်ငံသားဖြစ်တာကိုပဲ အဓိကထားဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီမြို့နှစ်မြို့ကို အဆင်ပြေအောင် ဆောင်ရွက်သွားမယ်ဆိုရင် ပုဏ္ဏားကျွန်းမှာလည်း အဆင်ပြေသွားမယ်လို့ထင်ပါတယ်။

အဲဒီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ခြင်းကို လျာထားရက်ခုနစ်ရက် သတ်မှတ်ထားပါတယ်။ လုပ်ငန်းစဉ်ကို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနဲ့ ချိန်ထိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမေက နိုင်ငံသားဖြစ်ပြီး အဖေက နိုင်ငံသားဖြစ်တယ်ဆိုရင် မွေးလာတဲ့ကလေးသည် နိုင်ငံသားဖြစ်ပါမယ်။ အဖေက နိုင်ငံသားပြုခွင့်ရသူဖြစ်တယ်၊ အမေက နိုင်ငံသားပြုခွင့်ရသူဆိုရင် မွေးလာတဲ့ကလေးဟာ နိုင်ငံသားဖြစ်ချင်မှဖြစ်ပါမယ်။ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီဆောင်ရွက်မှာဖြစ်ပါတယ်။

**❒ ရှေးဟောင်းအမွေအနှစ်မှ**

ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကျွမ်းကျင်ပညာရှင်များကို ဦးဆောင်စေ၍ ဒေသခံများနှင့် သက်ဆိုင်ရာ NGO အဖွဲ့အစည်းများအား ပွင့်လင်းမြင်သာစွာတင်ပြသိရှိခွင့်ရရှိရေး၊ ဒေသတွင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ ကျူးကျော်သိမ်းဆည်းခံမြေနေရာများ (အများပိုင်မြေ၊ အများပိုင်လမ်းနယ်၊ လယ်ယာမြေ)အား ဥပဒေနှင့်အညီ ပြန်လည်စိစစ်ဆောင်ရွက်ပေးရေး၊ ဧရာဝတီမြစ်ကမ်းတစ်လျှောက် တာဖို့ကျူးကျော်ဘောင်ခတ်ထားသောနေရာများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရေး စသည့်အချက်များ ပါဝင်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် လှုံ့ဆော်ရေးအစီအစဉ်ကို သက်ဆိုင်ရာမှခွင့်ပြုထားသည့်အတိုင်း ဇူလိုင် ၇ ရက် နံနက် ၈ နာရီတွင် ပုဂံမြို့ဟောင်းရှိ သရပါတံခါးမှစတင်၍ ညောင်ဦးမှ ပုဂံမြို့ဟောင်းသွားလမ်းအတိုင်း စီတန်းလှည့်လည်ခဲ့ပြီး လမ်းတစ်လျှောက်ရှိ လက်ဖက်ရည်ဆိုင်များ၊ ညောင်ဦးမြို့ မဏိစည်သူဈေးအနီးတို့တွင် ယင်းတို့ ဦးတည်ဆောင်ရွက်ချက်နှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သဘောတူသည့်ပြည်သူများကို လက်မှတ်ရေးထိုးစေခြင်းများဆောင်ရွက်ခဲ့ကြသည်။ ထိုမှတစ်ဆင့် အဖွဲ့သည် ညောင်ဦးမှ လေယာဉ်ကွင်းလမ်းဆုံ၊ လေယာဉ်ကွင်းလမ်းဆုံမှ ပုဂံမြို့သစ်သို့ စီတန်းလှည့်လည်သွားရောက်ခဲ့ကြပြီး ပုဂံမြို့သစ်မှ မြင်းကပါကျေးရွာ မနူဟာဘုရား၌ နံနက် ၁၀ နာရီတွင် လှုံ့ဆော်ရေးဆောင်ရွက်ခြင်း အစီအစဉ်ပြီးဆုံးခဲ့ကြောင်း သိရ သည်။

ယင်းအဖွဲ့မှ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အမွေအနှစ်များနှင့် ဧရာဝတီမြစ် ထိန်းသိမ်းခြင်းဆိုင်ရာသဘောတူလက်မှတ်ထိုး လှုံ့ဆော်ရေး အစီအစဉ် Campaign စီမံချက်ကာလကို ၄၅ ရက်သတ်မှတ်ထားရှိပြီး ပြည်သူများ၏ သဘောတူထောက်ခံချက်လက်မှတ်များကို စုဆောင်းနိုင်ရန် ဒေသတွင်း နီးစပ်ရာ နေရာအသီးသီးတွင် လက်မှတ်ထိုးရန်စာအုပ်များ ထားရှိပေးသွားမည်ဖြစ်ကြောင်း၊ စီမံချက်ကာလပြည့်ပါက လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများထံ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ကျောက်ဖြူမြို့ ကျောက်တစ်လုံးဘင်္ဂါလီကယ်ဆယ်ရေးစခန်း၌ နိုင်ငံသားသက်သေခံကတ်ပြားများပြုလုပ်

**ကျောက်ဖြူ ဇွန် ၇**

ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကဦးစီး၍၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဆိုင်ရာဥပဒေအရ နိုင်ငံသားစိစစ်ခံရမည့်သူများ၏ သက်သေခံကတ်ပြား (Indentity Card for National Verification,NVC)များ ပြုလုပ်ပေးခြင်းကို ဇွန် ၇ ရက် နံနက် ၉နာရီမှ ညနေ၅နာရီထိ ကျောက်ဖြူမြို့နယ် ဂုံးချွိန်ကျေးရွာအနီး ကျောက်တစ်လုံးဘင်္ဂါလီကယ်ဆယ်ရေးစခန်း၌စိစစ်ပြုလုပ်ပေးသည်။

စစ်တွေမြို့ ပြည်နယ်(လဝက) မှ ဒု-ညွှန်မှူးဦးသန်းထိုက် ဦးစီးကာ လဝက ဝန်ထမ်း ၁၂ ဦး၊ ကျောက်ဖြူမြို့နယ်ထွေ/အုပ် အမှတ်(၁)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး မြတ်မင်းထွေးဦးစီးကာ ရဲတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးစခန်း၏ အတွင်းစည်း/အပြင်စည်းတို့ကို လုံခြုံရေးပြုလုပ်ပေးခဲ့သည်။

ယနေ့တွင် ကျောက်တစ်လုံးဘင်္ဂါလီကယ်ဆယ်ရေးစခန်း၌ နိုင်ငံသားစိစစ်ခံရမည့်သူများ၏ သက်သေခံကတ်ပြား (NVC) များပြုလုပ်ပေးခဲ့ရာ ဘင်္ဂါလီလူမျိုး ဦးကျော်ကျော်(ဘ) မိုဟာမက်ဆလင်ပါ အမျိုးသား ၄၁ ဦး၊ ဒေါ်လွင်လွင်ထွန်း(ဘ) တူးတူးပါ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၉၂ ဦးတို့ကို NVC ကတ်ပြားများ စိစစ်ပြုလုပ်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့်ဘင်္ဂါလီလူမျိုးများကိုဇွန် ၈ရက် နံနက်ပိုင်းတွင် ဆက်လက် စိစစ်ပြုလုပ်ပေးသွားမည်ဟု သိရသည်။

**(စောမိုးကျော်)**

# ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ ဝန်ထမ်း ၃၀၀ ခန့် ဆန္ဒဖော်ထုတ်

**စဉ့်ကိုင် ဇွန် ၇**

စဉ့်ကိုင်မြို့နယ် ပလိပ်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ(ပလိပ်) ပန်ဒါကုမ္ပဏီတွင် မျိုးမောင်မောင်ထက်ဦးဆောင်၍ စက်ရုံဝန်ထမ်း ၃၀၀ ခန့် ဆန္ဒဖော်ထုတ်လျက်ရှိရာ ဇွန် ၅ ရက် ညနေ ၇ နာရီခွဲအချိန်တွင် ဝင်းထွန်းညွှန့်ပါ လေးဦးသည် နေပြည်တော်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရန် အမြန်လမ်းအတိုင်း ထွက်ခွာသွားကြရာ ကျန်အလုပ်သမားများက ဆက်လက်ဆန္ဒဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ဇွန် ၆ ရက်တွင်လည်း အလုပ်သမား ၃၀၀ ခန့်ဆက်လက်ဆန္ဒဖော်ထုတ်လျက်ရှိရာ နံနက် ၉ နာရီခွဲတွင် စဉ့်ကိုင်မြို့နယ် NLD ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ပလိပ်ကျေးရွာ NLD ဥက္ကဋ္ဌနှင့်အဖွဲ့တို့ လာရောက်တွေ့ဆုံပြီး မွန်းလွဲ ၂ နာရီခန့်တွင် ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် မွန်းလွဲ ၃ နာရီမှ ၄ နာရီခွဲခန့်ထိ စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အလုပ်သမားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ကြွယ်၊ အလုပ်ရုံညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဦးကြွားနှင့် ဦးမင်းမင်းဝင်း၊ တိုင်းဦးစီးမှူး ဦးထိန်ဝင်းဦးနှင့် တာဝန်ရှိသူများသည် ဒေါ်တင်တင်ရွှေပါ ၁၀ ဦး တို့အား တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် အလုပ်သမားများ တောင်းဆိုသည့် အချက် (၅)ချက်နှင့် ပတ်သက်၍ အလုပ်ရှင်က လိုက်လျောမပေးနိုင်ကြောင်း၊ အလုပ်သမားဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကို ခံယူပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပြီး ညနေ ၅ နာရီတွင် အသီးသီးပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# ရန်ကုန်သူ ရန်ကုန်သားများ ရန်ကုန်ကိုပြန်ရပြီဆိုသည့်အသိကို မြန်မာ - ပြင်သစ် ချစ်ကြည်ရေးအနုပညာပွဲတော်မှရရှိမည်ဟု ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ပြောကြား



**ရန်ကုန် ဇွန် ၇**

နိုဝင်ဘာလတွင်ကျင်းပမည့် မြန်မာ-ပြင်သစ် နှစ်နိုင်ငံ အနုပညာပေါင်းစပ်ချစ်ကြည်ရေး (၅၅) နှစ်မြောက် အထိမ်းအမှတ်ပွဲတော်တွင် ပြင်သစ်-မြန်မာချစ်ကြည်ရေး အပြင် ရန်ကုန်မြို့နေပြည်သူများအနေဖြင့် မိမိတို့ ရန်ကုန်ကို ရန်ကုန်သူ ရန်ကုန်သားများပြန်ရပြီဆိုသည့် (message) ကိုပါ တစ်ပါတည်းရရှိစေမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုးက ကြေးမုံသတင်းစာသို့ ပြောသည်။

"ဒီပွဲတော်ကနေ ပထမကစည်းကမ်းရှိဖို့။ နောက်တစ်ခုက ရန်ကုန်ကိုပြန်ရပြီ ဘယ်လိုတည်ဆောက်မလဲ။ နောက်တစ်ခုက ပြင်သစ်-မြန်မာချစ်ကြည်ရေး အဲဒီသုံးခုကို ဖော်ဆောင်မယ်။ ရန်ကုန်ကို ဘယ်လိုပုံစံမျိုးပြန်ရမှာလဲဆိုတော့ ဒီမြို့ကို ငါတို့ပြန်ရပြီဆိုတာ ငါတို့မြို့ဖြစ်တဲ့အတွက်ကြောင့် ငါတို့နေတဲ့မြို့ကို ဘယ်လိုကောင်းမွန်အောင် ပြန်လုပ်ရမလဲ၊ အဲဒီမှာ အမှိုက်ကို စည်းကမ်းမဲ့ မပစ်ရတော့ဘူး။ ကိုယ်နေထိုင်တဲ့ နေရာသန့်ရှင်းဖို့ ကွမ်း၊တံတွေးမထွေးဖို့ ဒီလို message တွေပေးမယ်။ နောက်အကြီးမားဆုံးရရှိမယ့် message က လူသားချင်းစာနာတဲ့စိတ်ဓာတ်တွေ မွေးဖွားပေးဖို့ လူသားချင်း အယုတ်အလတ် အမြတ်မရွေး စာနာတတ်ဖို့ အဲဒီလို message တွေပါမယ်" ဟု ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုးက ပြောသည်။

ခေတ်စနစ်၏အခြေအနေအရ စီးပွားရေးအဆင်မပြေမှုနှင့် အခြားသော မွန်းကျပ်မှုများကြောင့် ပြည်သူများအနေဖြင့် လူသားချင်းစာနာစိတ်များပျောက်ကွယ်သွားမည်ကိုလည်း စိုးရိမ်သည့်အတွက် ယခုကျင်းပမည့် ပွဲတော်တွင် လူသားချင်း အယုတ်အလတ်အမြတ်မရွေး စာနာနားလည်တတ်သည့် စိတ်ဓာတ်များ ပေါ်ထွန်းလာစေရန် အသိပညာပေးမှုများလည်း အဆိုပါပွဲတော်တွင် ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

ထိုသို့ ပွဲတော်ကျင်းပခြင်း နောက်ဆက်တွဲ အကျိုးရလဒ်အနေဖြင့် မြန်မာပြည်၏ ပြောင်းလဲနေသော အခြေအနေများကို စတင်အသိပေးရာရောက်မည်ဖြစ်သည့်အပြင် ပြည်တွင်းရှိပြည်သူလူထုများအား စည်းကမ်းရှိလာစေရန် အသိပညာပေးမှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာဆက်ဆံရေးမူဝါဒအရ နှစ်နိုင်ငံယဉ်ကျေးမှုများ ဖလှယ်ခြင်းအားဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာမည်ဖြစ်ကြောင်း ကရင်တိုင်းရင်းသားရေးရာဝန်ကြီးက ပြောသည်။

"ပြင်သစ်က ဓာတ်ပုံပညာရှင်တွေ လာမှာဖြစ်တဲ့အတွက် ရန်ကုန်မြို့ရဲ့ အလှတွေကို ဓာတ်ပုံရိုက်ပြီး ကမ္ဘာကိုဖြန့်ပြီးသားဖြစ်မယ်။ မြန်မာသည် ပွင့်လင်းသွားပြီ။ ရန်ကုန်သည် အဆင်သင့်ဖြစ်ပြီဆိုတဲ့ ပုံစံမျိုး။ ပြည်သူကိုလည်း လှုံ့ဆော်မယ်။ အစားအစာနဲ့ပတ်သက်ပြီးနိုင်ငံခြားသားခရီးသွားတွေ ဘေးဥပဒ်မဖြစ်ဖို့အတွက် အဆင်ပြေအောင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြင်ဆင်နေပါပြီ" ဟု ကရင်တိုင်းရင်းသားရေးရာဝန်ကြီးက ဆက်ပြောသည်။

နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၅ရက်အထိ ကျင်းပမည့် အဆိုပါ ပွဲတော်ကို "မင်္ဂလာပါ" ဟု အမည်ပေးထားပြီး ပြင်သစ်နိုင်ငံမှ ဂီတပညာရှင်များ၊ဂရက်ဖစ်တီအနုပညာရှင်များ၊ နယ်ပယ်အသီးသီးမှ အနုပညာရှင်များနှင့် မြန်မာနိုင်ငံမှ အနုပညာရှင်များ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ ထို့ပြင် ပြင်သစ်နိုင်ငံမှ နာမည်ကျော် အနုပညာရှင်များက အမြင့် ၁၅ မီတာ၊ အမြင့်ပေ ၅၀ နီးပါးရှိသည့် ရုပ်တုကြီး နှစ်ခုတည်ဆောက်ကာ ပွဲတော်ကာလအတွင်း ထိုရုပ်တုများဖြင့် မြို့အတွင်း လှည့်လည်ပြသဖျော်ဖြေသွားမည်ဖြစ်သည်။ ရုပ်တုများတည်ဆောက်နေစဉ်ကာလတွင်လည်း ပြည်သူများအနေဖြင့် လာရောက်လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-သီသီမင်း**

**KG တန်း ပန်းရောင်စုံ**

❖ ဝင်းဝင်းဝါ နေခြည်ဆမ်းပါတဲ့
ညင်းညင်းသာ လေပြည်ဖျန်းလေတော့
KG တန်း ပန်းရောင်စုံ၊
❖ ဝေစည်ကာ ပျော်စရာကောင်းပါဘိ
KG မှာ ဖော်သဟာအပေါင်းတွေနဲ့
ကျောင်းတော်ရိပ်မြုံ၊
❖ အများတကာ ခုံမင်တဲ့
ကစားစရာ တပုံတပင်ပေါ့
အစုံအလင် ပန်းချီကားတွေက
တန်းစီထား ကြည့်မကုန်
ကြည့်ရုံနဲ့ စွဲလမ်း။
❖ ကိုယ်ခန္ဓာသန်မာထွားစေမယ့်
ကိုယ်လက်တွေ လှုပ်ကာရှားမှာပေါ့
ကစားရာ အပြေးပါလို့
တေးကဗျာ သီဆိုမြူးပါဘိ
ကြည်နူးဖွယ် သံသာသာနဲ့
ဉာဏ်ရည်ဖြာ အသိနိုးတယ်
ဖွံ့ဖြိုးသန်စွမ်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ရက်ပေါင်း ၆၀ ကျင်းပသည့် မန္တလေးမြို့မှ ဝါဆိုခြင်းအလှခတ်ပွဲ

**မန္တလေး ဇွန် ၇**

(၈၈)ကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲတော်ကို တစ်နိုင်ငံလုံးမှ ခြင်းအသင်းပေါင်း ၁၈၀၀ ဖြင့် မန္တလေးမြို့ ဘုရားကြီးမြောက်ဘက်မုခ် အနီးတွင် ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှ စတင်၍ ရက်ပေါင်း ၆၀ တိတိ ကျင်းပလျက်ရှိရာ ပြည်တွင်းဝါသနာရှင်များသာမက နိုင်ငံတကာမှ ဧည့်သည်နိုင်ငံခြားသားများလည်း ဝင်ရောက်ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

မြန်မာခြင်းလုံး အားကစားဝါသနာရှင်များက မဟာမြတ်မုနိဘုရားကြီးအား နှစ်စဉ်ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ဝါဆိုသင်္ကန်းနှင့်အတူ မိမိတို့တတ်ကျွမ်းသည့် ခြင်းအလှခတ်ပညာဖြင့် ပူဇော်ခဲ့ရာ ခေတ်ကာလကြာမြင့်လာသည်နှင့်အမျှ ဝါသနာရှင်အသင်းဝင်များလည်း တဖြည်းဖြည်း များပြားလာခဲ့ကြောင်း ဝါဆိုခြင်းအလှခတ်ပွဲတော်ကျင်းပရေး ကော်မတီ အတွင်းရေးမှူး ဦးကျော်သိန်းကပြောသည်။

"မြန်မာ့ရိုးရာယဉ်ကျေးမှု ကိုယ်ပိုင်အားကစားနည်းတစ်ခုကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းရင်း မျိုးဆက်သစ်အားကစားသမားတွေကိုလည်းမွေးထုတ်ပြီး နှစ်စဉ်မပျက် ဘုရားကြီးကို ဒီအားကစားနည်းနဲ့ လှူဒါန်းပူဇော်မှုပြုကြမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ကျင်းပခဲ့ပါတယ်။ ကမ္ဘာမှာမြန်မာနိုင်ငံမှာသာရှိတဲ့ ဒီအားကစားနည်းကို ဘုရားကြီးကိုရောက်လာကြတဲ့ နိုင်ငံတကာဧည့်သည်တွေကလည်းမြင်တွေ့ပြီး လာရောက်လေ့လာကြည့်ရှုကြပါတယ်။ အဲဒီထဲကမှ ဒီအားကစားနည်းကိုနှစ်သက်ပြီး အမေရိကန်၊ ထိုင်းနဲ့ ဂျပန်နိုင်ငံက ဝါသနာရှင်တွေလည်း ဒီအချိန်ဆို နှစ်စဉ်လာရောက်ပြီး ကိုယ်တိုင်ဝင်ရောက်ခတ်ကစားနေကြပါပြီ"ဟု ၎င်းကပြောသည်။

အဆိုပါခြင်းအလှခတ်ပွဲတော်သို့ လာရောက် လေ့လာကြည့်ရှုကြသူများနှင့် ကိုယ်တိုင်ဝင်ရောက် ပါဝင်ခတ်ကစားကြသည့် နိုင်ငံတကာဧည့်သည်များကလည်း မြန်မာတို့၏ ခြင်းလုံးအားကစားနည်းကို တွေ့မြင်ရသူအဖို့ ရင်ဖိုစရာအလွန်ကောင်းသည့်အပြင် တစ်ဦးနှင့်တစ်ဦး စည်းလုံးချစ်ခင်မှုကိုဖြစ်စေပြီး အားကစားသမားတစ်ဦးချင်းစီ၏ စိတ်ထားကိုလည်း ထုတ်ဖော်ပေးနိုင်သည့် ကစားနည်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။


"ဒီကစားနည်းကို စိတ်ဝင်စားလို့ ကျွန်တော်ကိုယ်တိုင် ပါဝင်ကစားတဲ့အခါမှာ အလွန်ပျော်ရွှင်ရပါတယ်။ ကျွန်တော့်ကို သူစိမ်းတစ်ယောက်လို့မသတ်မှတ်ဘဲ နွေးထွေးစွာကြိုဆိုပြီး ရင်းနှီးအားပေးကာ ခတ်ကစားကြပါတယ်။ ဒီအားကစားနည်းကြောင့် မြန်မာလူမျိုးတွေကို ကျွန်တော်ချစ်ခင်လာခဲ့ပါတယ်။ ဒါကြောင့် ဒီအားကစားနည်းကို မြန်မာတွေသာမက ကျွန်တော်တို့ကလည်း မပျောက်ပျက်အောင် ထိန်းသိမ်းချင်ပါတယ်"ဟု ခြင်းအလှခတ်ပွဲတော်တွင် ကိုယ်တိုင်ပါဝင်ခတ်ကစားသူ အမေရိကန်နိုင်ငံသား ဂျိန်းစ်က ပြောသည်။

ဝါဆိုခြင်းအလှခတ်ပွဲတော်ကြီးတွင် ပါဝင်ခတ်ကစားကြသည့် ဝါသနာရှင်များနှင့် ကြည့်ရှုသူပရိသတ်များ ပိုမိုတက်ကြွလာစေရန်အတွက် ခြင်းအလှခတ်ပွဲတော်ကို ဆိုင်းဝိုင်းနှင့်အတူတွဲဖက်၍ ကျင်းပပေးသည့်အပြင် ကစားသမားများ၊ တီးခတ်ပေးသူများနှင့် ကြည့်ရှုသူများ၏ စိတ်ခံစားမှုရသများကို ပိုမိုအသက်ဝင်လှုပ်ရှားလာစေရန်အတွက် သရုပ်ဖော်ဟောပြောပေးသူကိုလည်းထည့်သွင်းပေးထားခြင်းဖြင့် ပြည့်စုံကောင်းမွန်သောခြင်းလုံးပွဲတော်ကြီးအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

အဆိုပါ ခြင်းအလှခတ်ပွဲတော်ကြီးကို ကဆုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်ကျော် ၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၁ နာရီခွဲတိုင်အောင် ပွဲစဉ်ပေါင်း ၃၀ ကို တစ်ပွဲလျှင်နာရီဝက်နှုန်းသတ်မှတ်၍ ကျင်းပပေးလျက်ရှိပြီး ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ဘုရားကြီးအား ဝါဆိုရွှေသင်္ကန်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းလျက်ရှိသည့်အပြင် အသက်(၇၅)နှစ်အထက် ခြင်းလုံးပညာရှင်ကြီးများကိုလည်း နှစ်စဉ်ဝါဆိုလပြည့်နေ့တိုင်း သက်ကြီးပူဇော်ပွဲ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ခါးရိုးစောင်းနှင့် ခါးကုန်းရောဂါရှင်များအား အခမဲ့ခွဲစိတ်ကုသ

**မန္တလေး ဇွန် ၇**

မန္တလေးမြို့ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ခါးရိုးရောဂါဝေဒနာရှင်များအား ဇွန် ၆ ရက် နံနက်ပိုင်းမှစတင်ကာ ခွဲစိတ်ကုသပေးလျက်ရှိသည်။

အဆိုပါ ခွဲစိတ်မှုကို အမေရိကန်နိုင်ငံ Buterfly Foundation မှ ခါးရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာကင်မ်ဦးဆောင်သော ခွဲစိတ်အထူးကုဆရာဝန်လေးဦးနှင့် သူနာပြုနှစ်ဦးပါဝင်သည့်အဖွဲ့နှင့် မန္တလေးအရိုးရောဂါအထူးကုဆေးရုံကြီးမှ ခါးရိုးအထူးကုဆရာဝန်များဖြစ်သော ဒေါက်တာဇော်မင်းဟန်၊ ဒေါက်တာအောင်မျိုး ဦးဆောင်သည့် ခွဲစိတ်အထူးကုဆရာဝန်ခြောက်ဦးတို့ ပူးပေါင်းကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

ခွဲစိတ်ကုသမှုကို ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ပြီး ခါးရိုးစောင်းခြင်းနှင့် ခါးကုန်းသောရောဂါဝေဒနာရှင် ၂၀ အား ခွဲစိတ်ကုသပေးရန် စီစဉ်ထားကြောင်း အဆိုပါဆေးရုံမှ သိရသည်။ ခွဲစိတ်ကုသခံယူသည့် လူနာများ၏ နောက်ဆက်တွဲကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မန္တလေးအရိုးရောဂါအထူးကုဆေးရုံကြီးမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယခုကုသမှုအတွက် အခမဲ့ဖြစ်ကာ လိုအပ်သောဆေးဝါးများအတွက် စရိတ်မျှပေးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"ခါးရိုးစောင်းဝေဒနာ၊ ခါးကုန်းဝေဒနာတွေကို ဝဋ်နာကံနာလို့ ကျွန်တော်တို့နိုင်ငံမှာ သဘောထားကြပြီး သေတပန်သက်တဆုံး ဒီဘဝနဲ့ပဲ နေသွားကြရတယ်"ဟု မန္တလေး အရိုးရောဂါအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်က ပြောသည်။

Buterfly Foundation မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာကင်မ်သည် ၎င်း၏ အစ်ကိုအရင်းဖြစ်သူ ခါးရိုးရောဂါခံစားနေရမှုအား ကုသပေးနိုင်ရန် ကြိုးစားရာမှ ယခုကဲ့သို့ ဆရာဝန်ကြီးဖြစ်လာကာ တတိယနိုင်ငံများရှိ ခါးရိုးရောဂါဝေဒနာရှင်များအား အခမဲ့လိုက်လံ ကုသပေးလျက်ရှိသကဲ့သို့ ခွဲစိတ်မှုနည်းပညာများကိုလည်း မျှဝေပေးနေသူဖြစ်သည်။ အဆိုပါခွဲစိတ်အဖွဲ့သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက ပထမအကြိမ်အဖြစ် မန္တလေးအရိုးရောဂါအထူးကုဆေးရုံကြီး၌ လူနာ ၁၂ ဦးအား ခါးရိုးရောဂါများ ခွဲစိတ်ကုသပေးခဲ့ရာ ရာနှုန်းပြည့်အောင်မြင်ခဲ့ကြောင်း သိရသည်။

**(တင်မောင်၊ အေးမြ)**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် လသာမြို့နယ် ရေစီးရေလာကောင်းမွန်ရေးလုပ်ဆောင်နေမှု ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇွန် ၇**

ရန်ကုန်မြို့ လသာမြို့နယ် လသာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ လသာမြို့နယ် ရေစီးရေလာကောင်းမွန်ရေး လုပ်ဆောင်နေသည့် လုပ်ငန်းခွင်သို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များသည် ဇွန် ၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရောက်ရှိလာပြီး လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေး အကြံပြု ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူပါလာသော ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး က လုပ်ငန်းခွင်အတွင်း အလုပ်လုပ်နေသော အလုပ်သမားများအား လည်ရှည်ဖိနပ်၊ လက်အိတ်၊ နှာခေါင်းစည်းများ ဝတ်ဆင်၍ အလုပ်လုပ်ရန်ပြောကြားသည်။ ယခုကတည်းက လုပ်ငန်းခွင်သုံး အကာအကွယ်ပစ္စည်းများ ပြည့်စုံစွာ ဝတ်ဆင်လုပ်ဆောင်ရန် အထူးလိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရန် ကြိုတင်ကာကွယ်ခြင်းများ အလေ့အကျင့်ထွန်းကားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

လက်တွေ့လုပ်ငန်းခွင်တွင် လုပ်ဆောင်နေသော လုပ်သားအများစုအနေဖြင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ဆောင်နေသည့် ကန်ထရိုက်မှ ယင်းလုပ်ငန်းခွင်သုံး ပစ္စည်းများ ထုတ်ပေးသော်လည်း အလေ့အကျင့်မရှိခြင်း၊ လုပ်ငန်းခွင်လုပ်ကိုင်ရာတွင် လုပ်ငန်းမတွင်ကျယ်ခြင်းကြောင့် မဝတ်ဆင်ကြခြင်းဖြစ်သည်ဟု ယင်းလုပ်ငန်းများကို ကြီးကြပ်လုပ်ဆောင်သူ ကိုမျိုးထံမှ သိရသည်။

လသာမြို့နယ် လသာလမ်းအထက်ခြမ်းတွင် ရေမြောင်းများ ဆယ်ယူရှင်းလင်းရာမှ ထွက်ရှိသော မြောင်းချေးများ၊ အညစ်အကြေးများကို ဥကန်ယာဉ်ငယ်ပေါ်သို့ တိုက်ရိုက်တင်နေသည်ကို မြင်တွေ့ရသည်။ ဆယ်ယူပြီးဖြစ်သော လသာလမ်း(အထက်လမ်း)၏ အနောက်ဘက်တန်း ရေမြောင်းများတွင် ရေစီးရေလာကောင်းမွန်နေသည်ကို မြင်တွေ့ရသည်ဟု ယင်းလမ်းအတွင်း နေထိုင်သူတစ်ဦးကဆိုသည်။

ဆယ်ယူရှင်းလင်းခြင်းမပြုရသေးသော လသာလမ်း (အထက်လမ်း) အရှေ့ဘက်ကမ်းရှိ ရေမြောင်းတွင်မူ ရေစီးဆင်းမှုမရှိဘဲ မြောင်းအတွင်းရေများ အနက်တစ်ပေကျော်ရှိနေသည်ကို မြင်တွေ့ရသည်။ ဇွန် ၆ ရက် ညနေပိုင်းတွင် ဆယ်ယူရှင်းလင်းရန်ရှိသည်ဟု သိရသည်။

လသာမြို့နယ်အတွင်း ကန်ထရိုက်စနစ်ဖြင့် ရေမြောင်းများဆယ်ယူရှင်းလင်းသကဲ့သို့ အနော်ရထာလမ်းမဘေး ရန်ကုန်ဆေးရုံကြီးအုတ်နံရံတစ်လျှောက်ရှိ ရေမြောင်းများကို မြို့တော်စည်ပင်လမ်းတံတားအဖွဲ့က ဆယ်ယူရှင်းလင်းနေသည်ကို တွေ့မြင်ရသည်ဟု လသာမြို့နယ်နေ ကိုစိုးလင်းက ဆိုသည်။

**(မောင်စေအောင်)**

# ကုန်သွယ်မှုအထူးအခွင့်အရေးများပေးအပ်ရန် အမေရိကန်ကုန်သည်များအသင်းက အမေရိကန်-မြန်မာ စီးပွားရေးမူဝါဒဆိုင်ရာကြော်ငြာစာတင်ပြ



**ရန်ကုန် ဇွန် ၇**

အမေရိကန်-မြန်မာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အနာဂတ်အလားအလာကောင်းများအတွက် ဇွန် ၆ ရက်က ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးတွင် ပြုလုပ်ခဲ့သည့် US- Myanmar Economic Relations : The Next Phase ကွန်ဖရင့်တွင် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန်နှင့် အခွန်ကင်းလွတ်ခွင့်များအပါအဝင် ကုန်သွယ်မှုအထူးအခွင့်အရေးများပေးအပ်ရန်အတွက် အမေရိကန်ကုန်သည်များအသင်းက အမေရိကန်-မြန်မာ စီးပွားရေးမူဝါဒဆိုင်ရာ ကြော်ငြာစာ (White Paper) တင်ပြခဲ့သည်။

အမေရိကန် ကုန်သည်များအသင်း အရှေ့တောင်အာရှ ညွှန်ကြားရေးမှူး Mr. John Goyer က အသင်း၏ အမေရိကန်-မြန်မာ စီးပွားရေးမူဝါဒဆိုင်ရာ ကြော်ငြာစာ (White Paper) ကို တင်ပြခဲ့ခြင်းဖြစ်ပြီး ယင်းကြော်ငြာစာတွင် အမေရိကန်နိုင်ငံ၏ International Economic Emergency Powers Act အရ မြန်မာနိုင်ငံအပေါ် ပြဋ္ဌာန်းထားသည့် အရေးယူပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရန် အကြံပြုထားပြီး အခွန်သက်သာခွင့်အပါအဝင် ကုန်သွယ်မှုအထူးအခွင့်အရေးများပေးအပ်ရန်နှင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုအပြင် နည်းပညာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး ကူညီထောက်ပံ့မှုများ ပေးအပ်ရန်အတွက်ပါ တိုက်တွန်းနှိုးဆော်ထားသည်ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။

"မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေကို ကုန်သွယ်မှုအထူးအခွင့်အရေးတွေ (GSP) ပေးတာပါ။ အခွန်သက်သာခွင့်ပေးတာပါ။ အခွန်အတုတ်လျှော့ပေါ့ခွင့် အရင်တုန်းကရခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ထွက်ကုန်တွေဟာ တခြားနိုင်ငံက ဝင်လာတဲ့ထွက်ကုန်တွေနဲ့ ယှဉ်ပြိုင်ပြီး ရောင်းလို့ရတဲ့အတွက် ဒါကို အမေရိကန်အစိုးရကလည်း ပြန်ပေးချင်တဲ့ဆန္ဒရှိပါတယ်။ အမေရိကန် ကုန်သည်များ အသင်းကလည်း ပူးပေါင်းပြီးတော့ ဒါလေးတွေကို လျှော့ပေါ့ဖို့ လုပ်နေပါတယ်။ နိုင်ငံတော်ကလည်း ဒါကို အခွင့်အရေးရတော့ အခြေခံလူတန်းစားတွေအတွက်လည်း ဘဝကိုမြှင့်တင်ပေးနိုင်ပါတယ်။ လယ်ယာထွက်ကုန်တွေလည်း အားလုံးက အမေရိကန်နိုင်ငံကို တင်ပို့ရောင်းချနိုင်မယ်ဆိုတဲ့ ရည်မှန်းချက်ပါ။ ရဖို့လည်း အလားအလာများပါတယ်"ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

ယင်းသို့ GSP ရရှိခဲ့ပါကလည်း မြန်မာနိုင်ငံအနေဖြင့် ထုတ်ကုန်ကဏ္ဍတွင် အရည်အသွေးပြည့်မီရန်နှင့် စံချိန်စံညွှန်းနှင့် ညီညွတ်မှုရှိစေရန်အတွက် ကြိုတင်ပြင်ဆင်ထားရန်လည်း လိုအပ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

"GSP ကို လာအိုက အခုမှရမှာ။ မြန်မာနိုင်ငံက ရခဲ့ပြီးသား။ ပြန်ရဖို့လုပ်နေတာ။ GSP က အများကြီးပဲ။ ထုတ်ကုန်အမယ်ပေါင်း ၅၀၀၀ လောက်ရှိတယ်။ ဒီက များများထွက်နိုင်လေ သူတို့ကို တင်ပို့နိုင်လေပဲ။ အစစအရာရာ လယ်လုပ်သူတွေရော၊ ထုတ်လုပ်သူတွေရော၊ ထုတ်လုပ်မှုကဏ္ဍမှာပါ တက်သွားမှာပါ။ တော်တော်ကို သိသိသာသာရတဲ့ အထူးအခွင့်အရေးပါ။ စံချိန်စံညွှန်းအပိုင်းမှာတော့ ကိုယ့်နိုင်ငံအနေနဲ့ ထိန်းသွားဖို့၊ အရည်အသွေးကို ထိန်းဖို့လိုပါတယ်" ဟု ဒေါက်တာမောင်မောင်လေးက ပြောသည်။

ယင်းသို့ အမေရိကန်- မြန်မာ စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများကို ပြီးခဲ့သည့် အစိုးရလက်ထက် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီတွင်လည်း ပြုလုပ်ခဲ့ပြီး အစိုးရအပြောင်းအလဲ စတင်ချိန်တွင် ဆက်လက်ဆောင်ရွက်သွားမည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။ ယခုအစိုးရလက်ထက်တွင် ဒုတိယအကြိမ်မြောက် ဆွေးနွေးခြင်းဖြစ်ပြီး အပြောင်းအလဲများ စတင်လုပ်ဆောင်ခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်းနှင့် အစိုးရနှစ်ခုကြား ဆွေးနွေးမှုများတွင် တဖြည်းဖြည်းတိုးတက်မှုများ ရှိလာသည်ဟုသိရပြီး နိုင်ငံရေးအရ တိုးတက်လာသလို စီးပွားရေးအရလည်း ယှဉ်ပြိုင်တိုးတက်ရန်လိုအပ်သည်ဟု ဒေါက်တာမောင်မောင်လေးက ပြောသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် ဒေသတွင်း သိသိသာသာပြောင်းလဲတိုးတက်လာသော မြန်မာနိုင်ငံအတွက် အမေရိကန် ကုန်သည်များအသင်းအနေဖြင့် အားပေးထောက်ပံ့မှုများကို ပြုလုပ်ရန် လိုလားလျက်ရှိပြီး အမေရိကန် ကုန်သည်များအသင်းသည် ကမ္ဘာပေါ်တွင်လည်း အကြီးမားဆုံးနှင့် အမေရိကန်အစိုးရကို တွန်းအားပေးပြောဆိုနိုင်သော အင်အားရှိကြောင်း ဒေါက်တာမောင်မောင်လေးက သုံးသပ်ပြောကြားသည်။ **(ဆုနှင်းလှဲ့)**



# ဗဟိုအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

**ပုသိမ် ဇွန် ၇**

၂၀၁၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ဗဟိုအဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ဇွန် ၆ ရက် နံနက်ပိုင်းက ပုသိမ်မြို့ အထက (ခွဲ) အလက(၁) ပညာမဉ္ဇူခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မူးယစ်ကင်းစင်တို့ဘဝသွင် အစဉ်ဖွံ့ဖြိုးကြိုးပမ်းစို့၊ စီးပွားကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှအလွန်လှပ၊ တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့၊ လူတိုင်းကိုယ်စီ ရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး မူးယစ်ဆေးရှောင်ပါမနှေး ခေါင်းစဉ်များဖြင့် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကာတွန်းပြိုင်ပွဲကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကျင်းပရာသို့ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ အတွင်းရေးမှူး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးချုပ် အောင်နိုင်သူ၊ တိုင်းပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**






# Transformers ဇာတ်ကားသစ် စတင်ရိုက်ကူးလျက်ရှိပြီး ၂၀၁၇ တွင် ရုံတင်ပြသမည်

Transformers သိပ္ပံအက်ရှင်ဇာတ်လမ်းတွဲ၏ ဇာတ်လမ်းသစ်အဖြစ် Transformers: The Last Knight ကို မေ ၂၅ ရက်က စတင်ကာ ကျူးဘားနိုင်ငံ မြို့တော် ဟာဗန်နာတွင် စတင်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ယင်းဇာတ်ကားသည် Transformers ဇာတ်လမ်းတွဲ၏ ပဉ္စမမြောက် live-action ဇာတ်ကားတစ်ကားဖြစ်ပြီး ၂၀၁၄ ခုနှစ်က ထွက်ရှိခဲ့သည့် Transformers: Age of Extinction ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားလည်းဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၁၇ ခုနှစ် ဇွန် ၂၃ ရက်တွင် အမေရိကန်နိုင်ငံရှိ RealD 3D, IMAX 3D နှင့် 2D ရုပ်ရှင်ရုံတို့တွင် စတင်ပြသသွားရန် စီစဉ်ထားကြောင်းသိရသည်။

ထို့အပြင် ယင်းဇာတ်ကားသစ်သည် Transformers ဇာတ်လမ်းတွဲများ၏ ပင်တိုင်ဖန်တီးရှင် ဒါရိုက်တာမိုက်ကယ်ဘေး၏ နောက်ဆုံးဇာတ်ကားတစ်ကားဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

Transformers: The Last Knight ဇာတ်ကားသစ်တွင် ပင်တိုင်မင်းသား မာ့ခ်ဝဲလ်ဘတ်ခ်နှင့် သရုပ်ဆောင်အချို့လည်း ပြန်လည်ပါဝင်လာကြမည်ဖြစ်ကြောင်း သိရသည်။

Transformers သိပ္ပံဇာတ်ကား၏ ဒုတိယမြောက်ဇာတ်ကားဖြစ်သည့် Revenge of the Fallen ကို ၂၀၀၉ ခုနှစ်ကလည်းကောင်း၊ တတိယမြောက်ဇာတ်ကား Dark of the Moon ကို ၂၀၁၁ ခုနှစ်ကလည်းကောင်း၊ စတုတ္ထမြောက်ဇာတ်ကား Age of Extinction ကို ၂၀၁၄ ခုနှစ်ကလည်းကောင်း ဖြန့်ချိပြသခဲ့ပြီး ယခုအခါ ပဉ္စမမြောက်ဇာတ်ကားကို ရိုက်ကူးလျက်ရှိကာ Transformers 6 ကို ၂၀၁၈ ခုနှစ်တွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Transformers ဇာတ်ကားများအားလုံးသည် ဝေဖန်သူများ၏ အပြုသဘောမဆောင်သည့် တုံ့ပြန်ချက်များကိုသာ လက်ခံရရှိခဲ့သော်လည်း ယနေ့ထက်တိုင် ရုံဝင်ငွေအားကောင်းလျက်ရှိပြီး ဟောလိဝုဒ်ရုပ်ရှင်လောကတွင် အောင်မြင်နေဆဲဇာတ်ကားများဖြစ်ကြောင်း သိရသည်။




# Miss USA 2016

## သရဖူရရှိဆွတ်ခူးခဲ့သည့် Deshauna Barber

၂၀၁၆ ခုနှစ်၏ Miss USA ရွေးချယ်ပွဲကို ဇွန် ၅ ရက်က အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လတ်စ်ဗီးဂတ်စ်မြို့၌ ကျင်းပခဲ့ရာ District of Columbia အလှမယ် Deshauna Barber က Miss USA 2016 သရဖူကို ရရှိဆွတ်ခူးခဲ့သည်။

Barber အနေဖြင့် Miss Universe 2016 ပြိုင်ပွဲတွင် အမေရိကန်နိုင်ငံကိုယ်စားပြု အလှမယ်တစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် 1st Runner-Up ဆုကို Miss Hawaii USA ကလည်းကောင်း၊ 2nd Runner-Up ဆုကို Miss Georgia USA ကလည်းကောင်း အသီးသီးရရှိခဲ့ကြောင်းသိရသည်။

# အပြည်ပြည်ဆိုင်ရာကလေးများနေ့တွင် တရုတ်နိုင်ငံ၌ ကလေးကြိုက်ဇာတ်ကားများ ရုံဝင်ငွေအားကောင်းခဲ့

အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ဟု သတ်မှတ်ထားသည့် ဇွန် ၁ ရက်တွင် တရုတ်နိုင်ငံရှိ ရုပ်ရှင်ရုံများ၌ ယခင်နှစ်များထက် ရုံဝင်ငွေ ငါးရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပြီး တရုတ်ယွမ် ၁၄၇ သန်း (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ သန်း) ကျော်ရရှိခဲ့ကြောင်း သိရသည်။

ကလေးကြိုက် ဇာတ်ကားတစ်ကားဖြစ်သည့် အန်းဂရီးဘတ်ဂိမ်းကို အခြေခံရိုက်ကူးထားသည့် The Angry Birds Movie ကို မေ ၂၀ ရက်တွင် တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် စတင်ပြသခဲ့ရာ ရုပ်ရှင်ချစ်ပရိသတ်များ၏ ရွေးချယ်မှုအများဆုံးခံရသည့် ဇာတ်ကားတစ်ကားဖြစ်ပြီး ဝင်ငွေ ယွမ် ၆၃ ဒသမ ၇ သန်းကျော်ရရှိခဲ့ကြောင်း တရုတ်ရုပ်ရှင်သတင်းများတွင်ဖော်ပြထားသည်။

ဆက်လက်ပြီး ကလေးများ ဒုတိယအကြိုက်အများဆုံး အဖြစ် Alice Through the Looking Glass ဇာတ်ကားနှင့် တတိယအကြိုက်အများဆုံးမှာ Captain America: Civil War ဇာတ်ကားတို့ဖြစ်ကြသည်။

တရုတ်နိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ကလေးများနေ့၌ ရုပ်ရှင်ရုံများ၏ ရုံဝင်ငွေများမှာ နှစ်စဉ်သိသိသာသာ တိုးတက်လာလျက်ရှိရာ ၂၀၁၄ ခုနှစ်က ယွမ် ၁၈၄ သန်း၊ ၂၀၁၅ ခုနှစ်က ယွမ်သန်း ၁၄၀အထိ ရရှိခဲ့ကြောင်း သိရသည်။

ကလေးငယ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ၁၉၅၀ ခုနှစ်ကတည်းက ဇွန် ၁ ရက်ကို အပြည်ပြည်ဆိုင်ရာ ကလေးများနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်းသိရသည်။




**တရုတ်နိုင်ငံတွင် The Angry Birds Movie ဇာတ်ကား စတင်ပြသပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်များနှင့်ကလေးငယ်များက အန်းဂရီးဘတ်ဂိမ်းကစားနေကြစဉ်။**

**မျိုးစန္ဒာမောင်–စုစည်းသည်**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၈- ၆ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆:၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -ပြည်သူ့နီတိ "အတုမြင်အတတ်သင်"
- ၆:၂၀ အပျိုတော်အက
- ၆:၃၀ ကာတွန်းအစီအစဉ် "Paprika" (အပိုင်း-၃)
- ၇:၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၁၄)
- ၇:၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၆၂)
- ၈:၃၀ MRTV Entertainment Music
- ၈:၄၀ ဗိုလ်ကလေးတင့်အောင် (အပိုင်း-၄)
- ၉:၁၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉:၂၀ ဧရာဝတီလင်းပိုင် (အပိုင်း-၂)
- ၉:၃၀ တေးဂီတအစီအစဉ်
- ၉:၄၀ တောင်ပြုံးနတ်ပွဲ (အပိုင်း-၂)
- ၁၀:၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်သော ပို၍ချစ်သော"

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅:၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၄၀ "ဘယ်သူဟောကြားအကောင်းဆုံးတရား" တရားတော် (ဆရာတော်ဒေါက်တာ အရှင်ပညိဿရာဘိဝံသ (ဓမ္မဒူတ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၆)
- ၇:၃၀ MRTV-4 သတင်း
- ၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Grand Opening Ceremony of Mitsuiwa-Ace Engineering Co.,Ltd)
- ၈:၀၀ "မင်္ဂလာပါ" The Morning Show
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၃)
- ၁၀:၁၅ ခေတ်သစ်ပျိုမေ
- ၁၁:၁၅ ဟင်းချက်ရအောင်
- ၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၁၁)
- ၁၂:၃၅ အနုပညာမိုးကောင်းကင်
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၄၀)
- ၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၆)
- ၅:၀၀ ခေတ်သစ်ပျိုမေ
- ၆:၁၀ Health Fix
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၇)
- ၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၄၁)
- ၈:၀၀ MRTV-4 သတင်း
- ၈:၂၀ ရသစုံညွှန်းတမ်းများ
- ၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၄)
- ၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၁၂)
- ၉:၅၅ အနုပညာမိုးကောင်းကင်
- ၁၀:၁၅ Let's Talk
- ၁၀:၅၀ MRTV-4 Stage
- ၁၁:၂၀ World of Knowledge (Seconds from Disaster: Norway Massacre)
- ၀၁:၀၅ ခေတ်သစ်ပျိုမေ
- ၀၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၄)
- ၀၂:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၁၂)
- ၀၃:၄၀ MRTV-4 Stage

## mitv

- 07:27 Myanmar Social & Charitable Association (Ep-2) (Jivitadana Hospital)
- 07:52 Ngapali Beach: Fishing Villages
- 08:26 National Literary Icon & Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode-3) National Literary Icon in His Old Age
- 08:53 Kyaikhteeyoe: Bamboo Guns
- 09:26 He can do it
- 09:38 The Caves
- 09:53 Dengue Fever
- 10:26 Shrinking Footprints
- 10:51 Cultural Shows: Composer Ma Mya Lay
- 07:26 Travelogue: "Anyar Myay" or Upcountry (Part- I)
- 07:49 Today Myanmar: Drone & RC Plane Technology
- 08:26 The Rising Glory Of Myanmar Arts
- 08:54 Trishaw Man

ယူရို ၂၀၁၆ မိတ်ဆက်

# အင်္ဂလန်နဲ့ ဝေလထိပ်တိုက်ဆုံနေတဲ့ အုပ်စု(ခ)

**အင်္ဂလန်**

အင်္ဂလန်ဟာ ဒီယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ခြေစစ်ပွဲဝင်ရာမှာ ခြေစွမ်းအပြနိုင်ဆုံးအသင်း အဖြစ် သတ်မှတ်လို့ရမှာဖြစ်ပါတယ်။ ခြေစစ်ပွဲအတွင်း ၁၀ ပွဲယှဉ်ပြိုင်ကစားခဲ့ရာမှာ အင်္ဂလန်ဟာ ပွဲတိုင်းအနိုင်ရခဲ့သလို တိုက်စစ်က ၃၁ ဂိုးအထိသွင်းပြီး ခံစစ်ကလည်း သုံးဂိုးသာ ပေးခဲ့ရတာကိုကြည့်ရင် အင်္ဂလန်ရဲ့ စွမ်းဆောင်နိုင်ရည်ဟာ အထက်မြက်ဆုံး အဆင့်မှာရှိတယ်လို့ ဆိုနိုင်ပါတယ်။

အထူးသဖြင့် အင်္ဂလန်ဟာ ရှိုင်းဟော့ဂ်ဆန်လက်ထက်မှာ လူငယ်ကစားသမားအများ အပြားနေရာရခဲ့တယ်။ အဲရစ်ဒိုင်ယာ၊ ဒယ်လီအယ်လီ၊ ဂျွန်စတုန်း၊ ဘာကလေ၊ ဟယ်ရီကိန်းစတဲ့ လူငယ်ကစားသမားတွေဟာလည်း ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ ခြေစွမ်းပြသနိုင်ခဲ့ကြသလို အင်္ဂလန်အသင်းမှာလည်း ခြေစွမ်းပြနေခဲ့သူတွေဖြစ်ပါတယ်။ အထူးသဖြင့် လက်ရှိအင်္ဂလန်ရဲ့စုဖွဲ့မှုဟာ လူငယ်ကစားသမားအများအပြားကို ရွန်းနီ၊ မီလ်နာ၊ ကာဟေးလ်တို့လို အတွေ့အကြုံရှိဝါရင့်ကစားသမားတွေနဲ့ ပေါင်းဖက်ထားလို့အသင်းလိုက်ဟန်ချက်အကောင်းဆုံး အနေအထားမှာလည်း ရှိနေပါတယ်။

အင်္ဂလန်အနေနဲ့ ဒယ်လီအယ်လီ၊ အဲရစ်ဒိုင်ယာ၊ ဘာကလေစတဲ့ လူငယ်ကစားသမားတွေကို အခြေခံတဲ့ကွင်းလယ်ဟာ ကစားအားနဲ့ ပံ့ပိုးမှုကောင်းမွန်မှုရှိသလို ဟယ်ရီကိန်း၊ ဂျေမီဗာဒီတို့လို ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ခြေစွမ်းပြသဂိုးတွေသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးတွေရှိနေပြန်တာကြောင့်လည်း အင်္ဂလန်ရဲ့ ကွင်းလယ်နဲ့ တိုက်စစ်အားဟာ ပြိုင်ဘက်တိုင်းအတွက် သတိပြုစရာဖြစ်နေပါတယ်။ ဒ့ါအပြင် ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ခြေစွမ်းပြသခဲ့ကြတဲ့ ဂျွန်စတုန်း၊ ဒန်နီရို့စ်တို့လို ခံစစ်မှူးတွေနဲ့ တည်ဆောက်ထားတဲ့ အင်္ဂလန်ရဲ့ခံစစ်ပိုင်းကလည်း မာကျောမှုရှိတာကြောင့် ခြေစစ်ပွဲအတွင်း ၁၀ ပွဲမှာ နှစ်ပွဲသာ ဂိုးပေးခဲ့ရတဲ့အထိ ကျစ်လျစ်ခဲ့ပါတယ်။

ဒါကြောင့်လည်း လူငယ်ကစားသမားတွေနဲ့အတူ တိုးတက်ပြောင်းလဲလာတဲ့ အင်္ဂလန်ဟာ ဒီအုပ်စု(ခ)မှာ အုပ်စုဗိုလ်စွဲဖို့ ရေပန်းအစားဆုံးဖြစ်နေခြင်းလည်း ဖြစ်ပါတယ်။

**ရုရှား**

ရုရှားဟာ ခြေစစ်ပွဲအတွင်း ဆွီဒင်၊ ဩစတြီးယား၊ မွန်တီနီဂရိုးတို့လို ခြေစွမ်းကွာဟမှုကျဉ်းမြောင်းတဲ့အသင်းကောင်းတွေကို ရင်ဆိုင်ခဲ့ရပေမယ့် အုပ်စုဒုတိယနေရာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ခြေစစ်ပွဲအုပ်စုတွင်းမှာ တိုက်စစ်က ၂၀ ဂိုးသွင်းယူနိုင်ခဲ့သလို ခံစစ်ကလည်း ငါးဂိုးသာ ဂိုးပေးခဲ့ရတာကို ကြည့်ရင် ရုရှားရဲ့ခြေစွမ်းခြေစဟာ ထက်မြက်မှုအပြည့်ရှိတယ်ဆိုတာ ထင်ရှားပါတယ်။ အထူးသဖြင့် ခြေစစ်ပွဲတွေအတွင်းမှာ ဇင်းနစ်တိုက်စစ်မှူး ဒီဇူဘာဟာ ခြေစွမ်းပြသနိုင်ခဲ့ပြီး ခြေစစ်ပွဲအတွင်းမှာ အသင်းအတွက်ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သလို ဇင်းနစ်တိုက်စစ်မှူး တစ်ဦးဖြစ်တဲ့ ကိုကိုရင်ဟာလည်း ခြေစစ်ပွဲအတွင်း သုံးဂိုးသွင်းယူကာ အဆိုပါဇင်းနစ်တိုက်စစ်အတွဲအဖက်ဖြစ်တဲ့ ဒီဇူဘာနဲ့ ကိုကိုရင်တို့ တိုက်စစ်အတွဲဟာ အခုအုပ်စုတွင်းမှာလည်း ပြိုင်ဘက်တိုင်းကို အကောင်းဆုံး ခြိမ်းခြောက်နိုင်မယ့်အနေအထားမှာ ရှိနေပါတယ်။ ဒ့ါအပြင် ရုရှားဟာ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိသလို စီအက်စ်ကေအေကွင်းလယ်ကစားသမား ရှီယိုကော့ဗ်၊ လိုကိုမိုးတစ်ကွင်းလယ် ကစားသမား ဆာမီဒေါ့ဗ်၊ ဇူးရစ်တိုက်စစ်မှူး ခါဇာကော့ဗ်၊ စီအက်စ်ကေအေ ခံစစ်မှူး ဘီရီဇူစကီး၊ ဇင်းနစ်ခံစစ်မှူး ဇိုင်ကော့ဗ်တို့လို ကစားသမားတွေလည်းရှိနေသလို ယူရို ၂၀၁၆ ခြေစစ်ပွဲတွေအပြီး ကစားခဲ့တဲ့ခြေစမ်းပွဲတွေအတွင်းမှာလည်း ပြင်သစ်ကို ရှုံးနိမ့်ခဲ့ရပေမယ့် ပေါ်တူဂီလို အသင်းကြီးတစ်သင်းကို အနိုင်ယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းထက်မြက်ခဲ့တာကြောင့် ဒီအုပ်စုတွင်းမှာ ရုရှားဟာလည်း နောက်တစ်ဆင့်ကို တက်ရောက်နိုင်မယ့် အရည်အသွေးမျိုးရှိနေတဲ့အသင်းဖြစ်ပါတယ်။

**ဝေလ**

ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ ပထမဆုံးအကြိမ်အဖြစ် ခြေစစ်ပွဲအောင်မြင်လာခဲ့တဲ့ ဝေလဟာ ယူရိုပြိုင်ပွဲရဲ့ မျက်နှာသစ်အသင်း တစ်သင်းဖြစ်နေပေမယ့်လည်း လျှော့တွက်ဖို့ခက်ခဲတဲ့အသင်းဖြစ်ပါတယ်။

ဝေလဟာ ဘေးလ်၊ ဂျိုးအလန်၊ ရမ်ဆေး၊ ဘင်ဒေးဗီးလ်တို့လို ကစားသမားကောင်းတွေကို လက်ရှိအချိန်မှာ ပိုင်ဆိုင်ထားသလို အက်ရှ်လေဝီလျံ၊ နေးလ်တေလာ၊ အန်ဒီကင်းစ်တို့လို ပြီးဆုံးခဲ့တဲ့ ၂၀၁၅-၁၆ ဘောလုံးရာသီမှာ ခြေစွမ်းပြသနိုင်ခဲ့တဲ့ ကစားသမားတွေကိုလည်း ပိုင်ဆိုင်ထားပါတယ်။ တိုက်စစ်မှာ ဘေးလ်ဟာ ကမ္ဘာ့အဆင့်ထိုးစစ်မှူး တစ်ဦးအဖြစ် ရပ်တည်နေနိုင်သူဖြစ်သလို ခြေစစ်ပွဲအတွင်းမှာလည်း ခုနစ်ဂိုးအထိ အသင်းအတွက် သွင်းယူပေးခဲ့သူဖြစ်ပါတယ်။ ဝေလအနေနဲ့ ခြေစစ်ပွဲအတွင်းမှာ စုစုပေါင်း ၁၁ ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး အဆိုပါ ၁၁ ဂိုး အနက်က ခုနစ်ဂိုးကို ဘေးလ်တစ်ဦးတည်းက သွင်းယူခဲ့တာဖြစ်တဲ့အတွက် တိုက်စစ်ပိုင်းဟာ ဘေးလ်အပေါ် မှီခိုလွန်းအားကြီးနေတယ်လို့ သုံးသပ်လို့ရနိုင်ပေမယ့် ခြေစစ်ပွဲ ၁၀ ပွဲမှာ ခုနစ်ပွဲတိတိ ဂိုးမပေးရအောင် ထိန်းချုပ်နိုင်ခဲ့တဲ့ နေးတေလာ၊ ဂျိမ်းစ်ကောလင်း၊ အက်ရှ်လေဝီလျံ၊ ဂျိမ်းစ်ချက်စတာတို့ရဲ့ ခံစစ်ပိုင်းကတော့ ဒီအုပ်စုတွင်းမှာ ပြိုင်ဘက်တိုင်းရဲ့ တိုက်စစ်ကို အခက်တွေ့စေမယ့် ခံစစ်ဖြစ်နေပါတယ်။

ဒါကြောင့်လည်း ဝေလဟာ ခံစစ်အင်အားနဲ့အတူ တန်ပြန်တိုက်စစ်တွေကို အကောင်းဆုံးပုံဖော်နိုင်ကာ ဘေးလ်ရဲ့အဆုံးသတ်အား အန်ဒီကင်းစ်၊ ရမ်ဆေး၊ ဂျိုးအလန်တို့ရဲ့ကွင်းလယ်က ဖန်တီးနိုင်မှုအားတွေနဲ့အတူ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေအပြီး ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာလည်း ဟော်လန်၊ မြောက်အိုင်ယာလန်တို့လို အသင်းကောင်းတွေကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီအုပ်စု(ခ) အတွင်းမှာ ဝေလဟာမျက်နှာသစ်အသင်း တစ်သင်း ဖြစ်နေပေမယ့်လည်း လျှော့တွက်ဖို့ ခက်ခဲတဲ့အသင်းဖြစ်နေပါတယ်။

**ဆလိုဗက်ကီးယား**

ဝေလနည်းတူ ဆလိုဗက်ကီးယားဟာလည်း ယူရိုပြိုင်ပွဲရဲ့ မျက်နှာသစ်အသင်းဖြစ်နေပြီး ပထမဦးဆုံးအကြိမ်အဖြစ် ခြေစစ်ပွဲအောင်မြင်လာတဲ့အသင်းဖြစ်နေပါတယ်။ ဆလိုဗက်ကီးယားမှာ နီမက်ဇ်၊ ဟမ်ဆစ်၊ စကာတယ်တို့လို ကစားသမား ကောင်းတွေရှိနေပြီး ခြေစစ်ပွဲအတွင်းမှာလည်း ခြေစွမ်းပြသနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။

အထူးသဖြင့် ဆလိုဗက်ကီးယားဟာ ခြေစစ်ပွဲအတွင်းမှာ စပိန်၊ ယူကရိန်းတို့လို အသင်းကောင်းတွေနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပေမယ့်လည်း အုပ်စုတွင်းမှာ ဒုတိယနေရာနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်ခဲ့တာ ဖြစ်သလို အဆိုပါခြေစစ်ပွဲတွေအတွင်းမှာ ဆလိုဗက်ကီးယားဟာ စပိန်လိုအသင်းမျိုးကိုတောင် အိမ်ကွင်းမှာ အနိုင်ကစားပြခဲ့ပါတယ်။ ဒ့ါအပြင် ဆလိုဗက်ကီးယားဟာ ခြေစစ်ပွဲအတွင်း အရှုံးနှစ်ပွဲသာရှိခဲ့တဲ့အသင်း ဖြစ်ပါတယ်။

အသင်းအတွက် ဟမ်ဆစ်၊ နီမက်ဇ်တို့ ခြေစွမ်းပြသခဲ့ကြပြီး အဆိုပါကစားသမား နှစ်ဦးပေါင်းဟာ ရှစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာကြောင့်လည်း ဆလိုဗက်ကီးယားရဲ့ တိုက်စစ်ပိုင်းဟာ ခြေစစ်ပွဲအတွင်းမှာ ထက်မြက်မှုရှိခဲ့တာလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ဆလိုဗက်ကီးယားဟာ ယူရိုခြေစစ်ပွဲတွေအပြီး ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာလည်း ဆွစ်ဇာလန်၊ အိုက်စလန်တို့ကို အနိုင်မရခဲ့သလို အိုင်ယာလန်လို အသင်းကောင်းကိုလည်း အဝေးကွင်းမှာ သရေကစားနိုင်ခဲ့ပါတယ်။ ဆလိုဗက်ကီးယားရဲ့ ခံစစ်ပိုင်းကတော့ အားနည်းမှုအချို့ရှိနေသလို အဆိုပါခံစစ်အားကြောင့်ပဲ ဒီအုပ်စုတွင်းမှာ ဆလိုဗက်ကီးယားဟာ အုပ်စုကို ကျော်ဖြတ်နိုင်မှုအနေအထားအရ အားအနည်းဆုံးအဖြစ် သတ်မှတ်ခြင်းခံထားရတာလည်းဖြစ်ပါတယ်။

■ ရှိုင်းမင်းမင်း ■

# သုံးနှစ်ဆက်ယူရိုချန်ပီယံဖြစ်လာဖို့ မျှော်လင့်နေတဲ့ စပိန်

***စပိန်အသင်းဟာ အခုပြင်သစ်မြေမှာ ကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဆုဖလားဆွတ်ခူးပြီး သုံးနှစ်ဆက် ယူရိုချန်ပီယံဖြစ်ဖို့ မျှော်လင့်ထားတယ်လို့ စပိန်အသင်းနည်းပြ ဒယ်လ်ဘော့စကေးက ဆိုခဲ့ပါတယ်။ နည်းပြဒယ်လ်ဘော့စကေးရဲ့ စပိန်အသင်းအနေနဲ့ ယူရို ၂၀၀၈ ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့သလို ယူရို ၂၀၁၂ ပြိုင်ပွဲမှာလည်း ဗိုလ်စွဲထားခဲ့တဲ့ အသင်းတစ်သင်းပါ။ အဲဒီအပြင် ၂၀၁၀ ကမ္ဘာ့ဖလားမှာတောင် ကမ္ဘာ့ဖလားချန်ပီယံအဖြစ်နဲ့ ရပ်တည်နိုင်ခဲ့တာကြောင့် နည်းပြဒယ်လ်ဘော့စကေးဟာ ယူရိုပြိုင်ပွဲမှာရော ကမ္ဘာ့ဖလားမှာပါ ဆုဖလားတွေ ရယူနိုင်ခဲ့တဲ့ ပထမဆုံးနည်းပြဖြစ်လာခဲ့ပါတယ်။***

အဲဒီလိုအောင်မြင်မှုတွေ ရရှိခဲ့ပေမယ့် ဘရာဇီးမြေမှာ ကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ရလဒ်ပိုင်းက အတော်လေးဆိုးရွားခဲ့ပါတယ်။ အဲဒီ ၂၀၁၄ ကမ္ဘာ့ဖလားကနေ သင်ခန်းစာယူထားပြီးဖြစ်တယ်လို့ ဒယ်လ်ဘော့စကေးကဆိုခဲ့ပြီး အခုယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဗိုလ်စွဲပြီး သုံးနှစ်ဆက်ယူရိုချန်ပီယံဖြစ်ခွင့်ရဖို့ မျှော်လင့်နေတာလည်း ဖြစ်တယ်။

ဒါပေမယ့် ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းနဲ့ အိမ်ရှင်အဖြစ် ကစားရမယ့် ပြင်သစ်အသင်းတို့ကလည်း ကစားသမားအင်အားတောင့်တင်းမှုရှိနေတာကြောင့် စပိန်အသင်းအတွက်တော့ အဓိကပြိုင်ဘက်တွေဖြစ်လာမယ်လို့ မျှော်လင့်ထားပါတယ်။ ဒါပေမယ့် နည်းပြဒယ်လ်ဘော့စကေးကတော့ အဲဒီနှစ်သင်းအပြင် အင်္ဂလန်၊ ဘယ်လ်ဂျီယံ၊ ခရိုအေးရှားနဲ့ ပိုလန်တို့ကိုလည်း မေ့ထားလို့ မရဘူးလို့ဆိုခဲ့ပါတယ်။




စပိန်အသင်းဟာ ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၃ ရက်မှာ ချက်အသင်းနဲ့ ကစားရမှာဖြစ်ပြီး ဇွန် ၁၇ ရက်မှာတော့ တူရကီအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဇွန် ၂၁ ရက်မှာတော့ ခရိုအေးရှားအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ အဲဒီမှာ အုပ်စုတွင်းပြိုင်ဘက်တွေထဲက ခရိုအေးရှားအသင်းဟာ စပိန်အသင်းအတွက် အဓိကပြိုင်ဘက်ဖြစ်လာဖွယ်ရှိနေပါတယ်။

နည်းပြဒယ်လ်ဘော့စကေးအနေနဲ့ ယူရိုပြိုင်ပွဲဝင် ကစားသမား ၂၃ ဦးကို ရွေးချယ်ထားတယ်ဆိုပေမယ့် ဂိုးသမားနေရာမှာ ရွေးချယ်ထားတဲ့အထဲက ဒီဂီယာနဲ့ ကာဆီးလက်စ်ကို အဖွင့်ပွဲမှာ ဘယ်ဂိုးသမားကို သုံးရမယ်ဆိုတာကိုတောင် တိကျတဲ့ဆုံးဖြတ်ချက်မချရသေးပါဘူး။

ကာဆီးလက်စ်ကတော့ တောင်ကိုရီးယားကို ခြောက်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တဲ့ပွဲဟာ စပိန်အတွက် နောက်ဆုံးကစားခဲ့တဲ့ပွဲပါ။ ဒါပေမယ့် ယူရိုပွဲ အတွေ့အကြုံရင့်ကျက်မှုကတော့ အပြည့်ရှိပါတယ်။ ကာဆီးလက်စ်ဟာ ယူရို ၂၀၀၈ မှာ ဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သလို ယူရို ၂၀၁၂ ပြိုင်ပွဲမှာပါ စပိန်အသင်းနဲ့အတူ ဆုဖလားရယူနိုင်ခဲ့တာ ဖြစ်တယ်။ စပိန်အသင်းအတွက်လည်း ပွဲပေါင်း ၁၆၇ ပွဲအထိ ကစားပေးထားနိုင်ခဲ့ပါတယ်။

ဒီဂီယာကတော့ ယူရိုအတွေ့အကြုံမရှိသေးတဲ့ ဂိုးသမားတစ်ဦးဖြစ်ပြီး အခု ယူရို ၂၀၁၆ ပြိုင်ပွဲရောက်မှသာ အရွေးချယ်ခံခဲ့ရတာဖြစ်တယ်။ ဒါပေမယ့် ပရိသတ်အားပေးမှုနဲ့ ယုံကြည်မှုကတော့ လက်ရှိမှာ ဒီဂီယာဘက်ကို အလေးသာနေပါတယ်။ ဒါကြောင့် နည်းပြဒယ်လ်ဘော့စကေးအနေနဲ့ ဆုံးဖြတ်ရခက်ခဲနေတဲ့အနေအထားတစ်ရပ်ကို ရောက်ရှိခဲ့တာပါ။

အခုယူရိုပြိုင်ပွဲအတွက် ရွေးချယ်ထားခဲ့တဲ့ကစားသမားတွေထဲမှာ ပွဲအများဆုံးကစားပေးခဲ့တာကတော့ ကာဆီးလက်စ်ဖြစ်ပြီး ရာမို့စ်က ၁၃၁ ပွဲ၊ အင်နီယေစတာက ၁၀၇ ပွဲ၊ ဖာဘရီဂတ်စ်က ၁၀၄ ပွဲနဲ့ ပက်ဒရိုက ၅၇ ပွဲကစားပေးထားပါတယ်။ အဲဒီကစားသမားတွေအပြင် ယူရို ၂၀၁၂ မှာဖလားရယူပေးနိုင်ခဲ့တဲ့ ကစားသမားတွေဖြစ်တဲ့ ဂျရတ်ပီကေး၊ ဂျူအန်ဖရန်၊ ဂျော်ဒီအယ်လ်ဘာ၊ ဒေးဗစ်ဆေးလ်ဗား စတဲ့ကစားသမားတွေကိုလည်း ပြန်လည်ခေါ်ယူခဲ့တာတွေ့ရပါတယ်။

အဲဒီလိုကစားသမားပိုင်းအရ အတွေ့အကြုံရင့်ကျက်ပြီး တောင့်တင်းမှုရှိတဲ့အပြင် ယူရိုပွဲနဲ့ ကံစပ်နေတာကြောင့် နည်းပြဒယ်လ်ဘော့စကေးအနေနဲ့ သုံးနှစ်ဆက် ယူရိုဖလားချန်ပီယံဖြစ်ခွင့်အိပ်မက်ကို အကောင်အထည်ဖော်ဖို့ ဆန္ဒရှိနေတာဖြစ်တယ်။ ဒါပေမယ့် ဒယ်လ်ဘော့စကေးရဲ့ မျှော်လင့်ချက် ပြည့်ဝလာမည်လားဆိုတာကတော့ စောင့်ကြည့်ရမယ့်အနေအထားပါ။ **(ငွေကြယ်)**

## ချယ်လ်ဆီးမှာပဲ ဆက်ရှိနေချင်တဲ့ ဟာဇက်

ချယ်လ်ဆီးအသင်းကြယ်ပွင့် ဟာဇက်အား ပီအက်စ်ဂျီအသင်းမှ မြင့်မားသည့် လုပ်ခလစာဖြင့် ကမ်းလှမ်းနေသော်လည်း ချယ်လ်ဆီးအသင်းအတွက်သာ ဆက်လက်ကစားပေးရန်လိုလားကြောင်း ဟာဇက်ကဆိုသည်။ ဟာဇက်မှာ ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပြသမှုမရှိသောကြောင့် ချယ်လ်ဆီးဘုတ်အဖွဲ့ဝင်များက မြင့်မားသည့် လုပ်ခလစာရရှိလျှင် ထုတ်ရောင်းရန် စီစဉ်ထားကြသည်။

ဟာဇက်က နည်းပြသစ် ကွန်တီလက်အောက်တွင် သူ၏ အကောင်းဆုံးပုံစံအား ပြန်လည်ရရှိရန် ကြိုးစားသွားမည်ဖြစ်သဖြင့် ပီအက်စ်ဂျီ၏ ကမ်းလှမ်းမှုအား ငြင်းပယ်ကာ ချယ်လ်ဆီးအသင်းတွင်သာ ဆက်နေရန် ဆုံးဖြတ်ထားသည်။ ဟာဇက်အား ပီအက်စ်ဂျီအသင်းမှ တောက်လျှောက်ခေါ်ယူရန် ချိတ်ဆက်နေသော်လည်း ပီအက်စ်ဂျီသို့ပြောင်းရွှေ့ရန် စိတ်ဝင်စားခြင်းမရှိကြောင်း တယ်လီစပိုစ်သို့ ဖွင့်ဟခဲ့သည်။ **(မေလွဲသင်း)**

ယူရို ၂၀၁၆ မိတ်ဆက်

# ဂျာမနီနဲ့ ပိုလန်ပြန်လည်ဆုံတွေ့နေတဲ့ အုပ်စု(ဂ)

**ဂျာမနီ**

နည်းပြဂျိုအာချင်လို့ရဲ့ ဂျာမနီအသင်းဟာ ဒီနောက်ပိုင်းခေတ်အတွင်း ဘောလုံးလောကမှာ အောင်မြင်မှုအများအပြားရရှိထားတဲ့ အသင်းလည်းဖြစ်ပါတယ်။ ဂျာမနီဟာ ဂျိုအာချင်းလိုလက်ထက်မှာ ၂၀၀၈ ယူရိုပြိုင်ပွဲအတွင်း ဒုတိယရရှိခဲ့သလို ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း တတိယဆုရရှိခဲ့ကာ ၂၀၁၂ ခုနှစ် ယူရိုပြိုင်ပွဲအတွင်းမှာလည်း အကြိုဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့တဲ့အပြင် ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားတုန်းကလည်း ချန်ပီယံဆုကိုပါ ဆွတ်ခူးရရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။

ဒါကြောင့်လည်း ဒီတစ်ကြိမ်ယူရိုပြိုင်ပွဲမှာ ဂျာမနီဟာ ဗိုလ်စွဲဖို့အထိ ရေပန်းစားနေသလို ဒီအုပ်စုတွင်းမှာလည်း အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့အတွက် ရေပန်းအစားဆုံးအသင်းအဖြစ် တည်ရှိနေပါတယ်။ ဂျာမနီအနေနဲ့ ခြေစစ်ပွဲတွေအတွင်းမှာ အစောပိုင်းပွဲစဉ်တွေအနက် အနည်းငယ်ရုန်းကန်ခဲ့ရပြီး ပိုလန်ကို ရှုံးနိမ့်ခဲ့ရသလို အိုင်ယာလန်နဲ့လည်း သရေကျခဲ့ပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတောက်လျှောက် ပြသနိုင်ခဲ့ကာ အုပ်စုပထမနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

အထူးသဖြင့်ဂျာမနီဟာ ဒီနောက်ပိုင်းဘောလုံးလောကအတွင်း ကစားသမားမျိုးဆက် အတောင့်တင်းဆုံးအသင်းအဖြစ် ရပ်တည်နေနိုင်သလို တစ်ဦးချင်းခြေစွမ်းပိုင်းထက်မြက်တဲ့ ကစားသမားအများအပြားကိုလည်း ပိုင်ဆိုင်ထားတဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် ဂျာမနီဟာ ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ခြေစွမ်းပြပါဝင်နိုင်ခဲ့တဲ့ ကစားသမားစုဖွဲ့မှုကိုလည်း ယခုအချိန်မှာကြီးကြီးမားမား အပြောင်းအလဲမရှိသေးပါဘူး။ ဂျာမနီရဲ့ တိုက်စစ်မှာ ဝါရင့်တိုက်စစ်မှူး ကလိုဆေးအနားယူသွားခဲ့ပေမယ့်လည်း ခြေစစ်ပွဲအတွင်း ကိုးဂိုးအထိ သွင်းယူပေးနိုင်ခဲ့ကာ ခြေစွမ်းပြသနိုင်ခဲ့တဲ့မူလာဟာ တိုက်စစ်ကိုအကောင်းဆုံးဦးဆောင်ပေးနိုင်တဲ့ ကစားသမားအဖြစ် ရပ်တည်နေသလို ဂေါ့ဇီလို အရည်အသွေးရှိတဲ့တိုက်စစ်မှူးကိုလည်း ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့်လည်း ဂျာမနီရဲ့ တိုက်စစ်ပိုင်းအားနည်းသွားခြင်းမရှိခဲ့သလို ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက လွဲချော်ခဲ့ရတဲ့ ဂန်ဒိုဂန်လိုကစားသမားကောင်းတွေလည်း ပြန်လည်ပါဝင်လာနိုင်တာကြောင့် ဂျာမနီရဲ့ကစားသမားအင်အားပိုင်းဟာ ကမ္ဘာ့ဖလားတုန်းကထက်တောင် ပိုမိုတောင့်တင်းလာမယ့်အခြေအနေမှာရှိနေပါတယ်။ အထူးသဖြင့် အသင်းခေါင်းဆောင် စတိုင်ဂါ၊ အိုဇေးလ်၊ ခီဒီယာ၊ အန်ဒရီရာလီ၊ တိုနီခရူးစ်၊ ဒရက်ဇ်လာတို့လို ကစားသမားကောင်းတွေလည်း ရှိနေပြန်တာကြောင့် ဂျာမနီရဲ့ကွင်းလယ်စုဖွဲ့မှုဟာလည်း တောင့်တင်းခိုင်မာနေဆဲဖြစ်ပါတယ်။ ခံစစ်ပိုင်းမှာဆိုရင်လည်း ဘိုတန်၊ ဟမ်မဲလ်တို့လို ခံစစ်မှူးကောင်းတွေ ရှိနေပြန်တာကြောင့် ဂျာမနီဟာ ရှေ့၊ လယ်၊ နောက် ပြီးပြည့်စုံမှုရှိတဲ့ အသင်းတစ်သင်းအဖြစ် တည်ရှိနေပါတယ်။

ဒါကြောင့်လည်း ဂျာမနီဟာ ဗိုလ်စွဲဖို့အထိ ရေပန်းစားနေခဲ့တာဖြစ်သလို တစ်ဦးချင်းစွမ်းရည်ထက်မြက်ခြင်း၊ အသင်းလိုက်ညီညွတ်မျှတတဲ့ကစားဟန်ကို ပိုင်ဆိုင်ထားခြင်း၊ ထက်မြက်တဲ့ နည်းပြဆရာရှိနေခြင်းတို့ကြောင့် ဒီအုပ်စုတွင်းမှာ အုပ်စုပထမနေရာ ရရှိဖို့က သေချာသလောက်ရှိနေတဲ့ အသင်းဖြစ်ပါတယ်။

**ပိုလန်**

ယူရိုပြိုင်ပွဲကို သုံးကြိမ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တဲ့ ပိုလန်ဟာလည်း ဒီအုပ်စုတွင်းမှာ လျှော့တွက်ဖို့ ခက်ခဲပါတယ်။ ပိုလန်အနေနဲ့ပြီးခဲ့တဲ့ ၂၀၀၈၊ ၂၀၁၂ တို့မှာ အုပ်စုအဆင့်ကနေ ထွက်ခဲ့ရတာဖြစ်ပေမယ့်လည်း ဒီပြိုင်ပွဲမှာတော့ အုပ်စုအဆင့်ကိုကျော်ဖြတ်ဖို့ အခွင့်အရေးရှိနေတယ်လို့လည်း သုံးသပ်ထားကြပါတယ်။

ပိုလန်ဟာ ကစားသမားအင်အားပိုင်းတောင့်တင်းမှုရှိတဲ့ အသင်းတစ်သင်းလည်းဖြစ်နေပြီး လီဝမ်ဒေါစကီးလို ကမ္ဘာ့အဆင့်တိုက်စစ်မှူးတစ်ဦးကို ပိုင်ဆိုင်ထားတဲ့အပြင် အေဂျက်စ်မှာ ခြေစွမ်းပြနေတဲ့ မီလစ်လို လူငယ်တိုက်စစ်မှူးကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဒါ့အပြင် ဘလက်ဇီကောစကီး၊ ဂရိုဆစ်စကီး၊ ကိုင်ချိုဝီလ်ရာတို့လို ကစားသမားကောင်းတွေလည်းရှိနေကာ ပိုလန်ဟာ အသင်းလိုက်ကစားပုံလည်း ကောင်းမွန်လွန်းတာကြောင့် ဒီအုပ်စုအတွင်းမှာ အုပ်စုတက်ဖို့ မျှော်လင့်ထားနိုင်တဲ့အဆင့်မှာ ရှိနေပါတယ်။ အထူးသဖြင့် ပိုလန်ကစားသမားတွေဟာ ဂျာမနီအခြေစိုက် ကစားသမားတွေ များပြားတာကြောင့် ဂျာမနီရဲ့ ကစားဟန်နဲ့ အကျွမ်းတဝင်ရှိနေကြခြင်းက ဂျာမနီနဲ့ပွဲစဉ်အတွက် အခွင့်အရေးတစ်ရပ်ဖြစ်နေသလို ဂျာမနီအသင်းဆီက အမှတ်ခွဲယူနိုင်ခွင့်ရှိနေကာ အဆိုပါအခွင့်အရေးကပဲ ကျန်နှစ်သင်းထက် ပိုလန်ကို အုပ်စုတက်ဖို့ ပိုမိုအခွင့်သာစေတယ်လို့ ယူဆကြပါတယ်။

ပိုလန်ရဲ့ အဓိကအားသာချက်ကတော့ လီဝမ်ဒေါစကီးနဲ့ မီလစ်တို့တိုက်စစ်အတွဲဟာ တွဲဖက်မိနေပြီး ခြေစစ်ပွဲအတွင်း နှစ်ဦးပေါင်း ၁၉ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့အချက်ပဲဖြစ်ပါတယ်။

**ယူကရိန်း**

ယူကရိန်းမှာ နာမည်ကြီးကစားသမားရှားပါးပေမယ့်လည်း တိုင်မိုချောင့်၊ ယာမိုလန်ကို၊ စတီဖင်န်ကိုတို့ဟာ ခြေစွမ်းပိုင်းကောင်းမွန်တဲ့ကစားသမားတွေဟာ ဖြစ်ကြပါတယ်။ ဒါကြောင့်လည်း ယူကရိန်းဟာ ခြေစစ်ပွဲအတွင်း စပိန်၊ ဆလိုဗက်ကီးယားတို့လို အသင်းတွေနဲ့ရင်ဆိုင်ခဲ့ရပေမယ့် အုပ်စုတတိယနေရာရရှိကာ အဆုံးအဖြတ်ခြေစစ်ပွဲမှာလည်း အသင်းကောင်းတစ်သင်းဖြစ်တဲ့ ဆလိုဗေးနီးယားကိုအနိုင်ယူပြီး ခြေစစ်ပွဲအောင်မြင်လာခဲ့တာ ဖြစ်ပါတယ်။ ယူကရိန်းဟာ အသင်းလိုက်ကစားပုံကောင်းမွန်ပြီး ခြေစစ်ပွဲအတွင်းမှာ ကမ္ဘာ့ထိပ်တန်းအသင်းဖြစ်တဲ့ စပိန်ကိုတောင် အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ပြီး နှစ်ပွဲစလုံး တစ်ဂိုးတည်းနဲ့သာ ကပ်ရှုံးခဲ့ရသလို အုပ်စုဒုတိယရရှိခဲ့တဲ့ ဆလိုဗက်ကီးယားကိုလည်း အဝေးကွင်းမှာ သရေထိန်းကစားနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့်လည်း အသင်းလိုက်ကစားပုံကောင်းမွန်ခြင်း၊ ယာမိုလန်ကို၊ ကိုနိုယန်ကာ၊ စတီဖင်န်ကို၊ တိုင်မိုချောင့်တို့လို ကစားသမားကောင်းတွေ ပါဝင်နေခြင်းတို့ကြောင့် ယူကရိန်းကလည်း အနိမ့်ဆုံးအုပ်စုတတိယနေရာကို မျှော်လင့်နိုင်ခြေရှိနေပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ အခွင့်အရေးရှိနေတယ်လို့ ယူဆကြတာဖြစ်ပါတယ်။

**မြောက်အိုင်ယာလန်**

မြောက်အိုင်ယာလန်အသင်းကတော့ ဒီအုပ်စုတွင်းမှာ ယူရိုအတွေ့အကြုံအနနယ်ဆုံးဖြစ်သလို အုပ်စုတက်ရေး အခွင့်အရေး အမှေးမှိန်ဆုံးအသင်းလို့လည်း ဆိုရမှာဖြစ်ပါတယ်။ မြောက်အိုင်ယာလန်မှာ မက်အူလေ၊ ဂျွန်နီအီဗန်စ်၊ မက်နိုင်ယာ၊ ချက်ကက်စ်၊ စတီဗင်ဒါဗီးလ်တို့လို ပရီမီယာလိဂ်အခြေစိုက်ကစားသမားတွေ ပါဝင်နေပေမယ့် အဆိုပါ ကစားသမားတွေကိုယ်တိုင်ကိုက သာမန်အဆင့်ကစားသမားတွေဖြစ်ကြပါတယ်။ ခြေစစ်ပွဲအတွင်းမှာ အသင်းအတွက် ဂိုးအများဆုံးသွင်းပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး လာဖာတီဆိုရင်တောင်မှ ဘာမင်ဂမ်မှာ အငှားနဲ့သာ ကစားနေခဲ့ရပြီး အဆိုပါဘာမင်ဂမ်မှာလည်း ပုံမှန်နေရာတစ်နေရာကို ရယူနိုင်ခြင်းမရှိသေးတာကို ကြည့်ရင် မြောက်အိုင်ယာလန်ရဲ့ ကစားသမားအင်အားနည်းပါးမှုကို သုံးသပ်နိုင်မှာလည်း ဖြစ်ပါတယ်။

မြောက်အိုင်ယာလန်အနေနဲ့ အဆိုပါကစားသမားအင်အားပိုင်း သာမန်အဆင့်သာရှိပေမယ့်လည်း ရိုမေးနီးယား၊ ဟန်ဂေရီတို့လို အသင်းကောင်းတွေကို ကျော်ဖြတ်ကာ အုပ်စုပထမနဲ့ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်လာခဲ့တာကိုကြည့်ရင် အသင်းလိုက်စုဖွဲ့မှုအားကောင်းမွန်မှုကို မြင်သာပေမယ့်လည်း တကယ့်အရေးပါတဲ့ပွဲတွေမှာ ပွဲကိုအဆုံးအဖြတ်ပေးနိုင်တဲ့ ကစားသမားရှားပါးမှုဟာ မြောက်အိုင်ယာလန်ကို အုပ်စုကျော်လွှန်နိုင်ရေးအတွက် အခက်အခဲတစ်ရပ်ဖြစ်စေနိုင်တယ်လို့ သုံးသပ်ခဲ့ကြတာဖြစ်ပါတယ်။

■ ရှိုင်းမင်းမင်း ■

**မင်္ဂလာပါ**

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
စျေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**အမည်ပြောင်း**

(အဖ) ဦးညီထွေး[၉/စကန(နိုင်)၀၂၇၈၁၀]၏သား ရမည်းသင်းမြို့၊ အထက(၅)မြို့မ၊ န၀မတန်း(ခ)မှ မောင်သဲသဲအား မောင်ဖြိုးမင်းကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့နယ်၊ မြို့လှရွာ၊ အမှတ်-၆၊ အထက၊ အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မောင်ဆန်းကျော်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဝင်း[၉/ရမသ(နိုင်)၀၂၄၉၉၅] ဖြစ်ပါသည်။

အားကစားမြှင့်တင်
စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ပြန်ကြားရေးဝန်ကြီးဌာန
## ဝန်ကြီးရုံး
## ရုံးသုံးစက်ကိရိယာပစ္စည်း (၄)မျိုး ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအတွက် ရုံးသုံးစက်ကိရိယာပစ္စည်း (၄)မျိုးကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Computer | 29 Sets |
| ၂။ | Laser Printer(A4) | 10 Nos |
| ၃။ | Laser Colour Printer(A4) | 2 Nos |
| ၄။ | Fax Machine | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၆ ရက်နေ့မှ ၂၂-၆-၂၀၁၆ ရက်နေ့အထိ နေ့စဉ်(၀၉:၃၀) နာရီမှ (၁၆:၃၀) နာရီအတွင်း ရုံးအမှတ် (၇) နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၆ ရက် (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၃၂၈၊ ၀၆၇-၄၁၂၃၂၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံများထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၀၊ ၀၆၇-၄၁၂၃၂၈

# ကျေးဇူးတင်လွှာ

၂၀၁၆-ခုနှစ် ဧပြီလအတွင်း အထက်မြန်မာပြည်ဒေသများတွင် ရာသီဥတုဖောက်ပြန်၍ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးများပစ်ခြင်း၊ မိုးသီးများကြွေကျခြင်းနှင့် သစ်ပင်များပြိုကျခြင်းဖြစ်ပွားခဲ့ရာ ၎င်းသဘာဝဘေးအန္တရာယ်များကြောင့် တောင်သူလယ်သမားများ၏ လယ်ယာသုံးနိုင်းနွားများ ရုတ်တရက်သေဆုံးခဲ့ရသည့်အတွက် မိမိတို့အနေဖြင့် ကြီးစွာသော ဝမ်းနည်းမှု၊ စိတ်ဆင်းရဲဒုက္ခကို တွေ့ကြုံ ခံစားခဲ့ကြရပါသည်။

မိမိတို့ တောင်သူဦးကြီးများအတွက် နိုင်းနွားများသည် မနက်အာရုဏ်တက်ချိန်မှ စတင်၍ နေ့စဉ် လုပ်ငန်းခွင်တွင် မရှိမဖြစ်လိုအပ်သော တန်ဖိုးထားရာ လုပ်အားများဖြစ်ပြီး၊ လယ်ယာသုံးနိုင်းနွားများမရှိလျှင် ထမင်းအိုးကွဲရမည် ဖြစ်သည့်အချိန်တွင် မိမိတို့တောင်သူဦးကြီးများအား လုပ်ငန်းခွင် ပြန်လည်ထူထောင်နိုင်ရန်အတွက် **"ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ ဆုံးရှုံးသွားသည့် လယ်ယာသုံးနိုင်းနွားတစ်ကောင်လျှင် ငွေကျပ်(၁၀)သိန်းနှုန်းဖြင့် နီးစပ်ရာ ကမ္ဘောဇဘဏ်ခွဲများမှတဆင့် ကျေးရွာ၊ ကျေးလက်နေအိမ်အရောက် ချက်ချင်း အလျင်အမြန် ကူညီထောက်ပံ့ပေးမှု ဖြစ်ပါသောကြောင့် ကျေးဇူးတင် ဝမ်းမြောက်သာစွာ ခေါ်၍ ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

အထက်မြန်မာပြည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်
မကွေးတိုင်းဒေသကြီးတို့ရှိ ကျေးရွာများမှ ကျေးလက်နေ တောင်သူဦးကြီးများ

## ဇီးကျွန်းကျေးရွာ၌အခြေခံပညာရေးဦးစီးဌာနက မူလတန်းလွန်ကျောင်းအသိအမှတ်ပြုဖွင့်လှစ်

**မကွေး ဇွန် ၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့၏အရှေ့တောင်ဘက် ၉ မိုင်ခန့်ရှိ ဇီးကျွန်းအုပ်စု ဇီးကျွန်းကျေးရွာတွင် ၂၀၁၆-၁၇ ပညာသင်နှစ်မှစတင်ပြီး ပညာရေးဦးစီးဌာနက အသိအမှတ်ပြု မူလတန်းလွန်ကျောင်း ဖွင့်လှစ်ပြီးစီးပြီဖြစ်သဖြင့် စတုတ္ထတန်းအောင်မြင်သည့် ဆင်းရဲနွမ်းပါးကျောင်းသား၊ ကျောင်းသူများ ဆက်လက် ပညာသင်ကြားရန် အခက်အခဲမရှိ ပညာသင်ကြားခွင့်ရရှိကြောင်း သိရသည်။

အဆိုပါ အခြေခံပညာမူလွန်ကျောင်းကို အခြေခံပညာဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ မကွေးမြို့နယ် ပညာရေးဦးစီးဌာနမှုလက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က ဇွန် ၂ ရက်တွင် မကြီးကန်အုပ်စု ကျောင်းအုပ်ဆရာမကြီးကိုးဦး ကျေးရွာအုပ်ချုပ်ရေးမှူး ကျေးရွာရပ်မိရပ်ဖများ ကျောင်းသား၊ ကျောင်းသူ မိဘများဖြင့်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းဇီးကျွန်းကျေးရွာ၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ မူလတန်းအောင်အဆင့်ထိသာ ပညာသင်ကြရပြီး ပဉ္စမတန်းတက်ရောက် ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူလေးများမှာ ရွှေကျင်၊ ပုထိုး၊ မကြီးကန်ကျေးရွာများသို့ သွားရောက်ပညာသင်ကြရကြောင်း ရာသီဥတုပွင့်လင်းချိန်များတွင် မိဘများစိုးရိမ်ကြောင့် ကြမှုမဖြစ်သော်လည်း မိုးသည်းထန်စွာ ရွာသွန်းချိန်များတွင် တောင်များမှကျသော ရိုးကျရေကိုကြောက်ရသဖြင့် မိဘများစိုးရိမ်ကြောင့်ကြမှုဖြစ်ကြရကြောင်း၊ ဆင်းရဲနွမ်းပါးကလေးငယ်များ ဆက်လက် ပညာသင်ကြားရန် အခက်အခဲဖြစ်ကြရကြောင်း ဇီးကျွန်းကျေးရွာမှ ကျောင်းအုပ်ဆရာမကြီးထံမှ သိရသည်။

"ယခုလက်ရှိ KG တန်းကနေ ပဉ္စမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၇၀ ခန့် စတင်ပညာသင်ကြားနေပြီ။ ကျောင်းအုပ်ဆရာမကြီးတစ်ယောက်၊ ဆရာ၊ ဆရာမလေးယောက်၊ အထွေထွေလုပ်သားတစ်ယောက်နဲ့ ပညာသင်ပေးနေတယ်။ ယခုနှစ် အခြေခံ မူလတန်းလွန်း စတင်ဖွင့်တာဆိုတော့ ပဉ္စမတန်းကစပြီး ပညာသင်ပေးတယ်။ လာမယ့်နှစ်မှာ ဆဋ္ဌမတန်းစသည့်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့်သင်ပေးသွားမယ်" ဟု ကျောင်းအုပ်ဆရာမကြီးဒေါ်ဥမ္မာကြည်က ပြောပြသည်။

နိုင်ငံတော်အသိအမှတ်ပြု ကလေးများပညာသင်ကြားခွင့်ရရှိရန် မူလတန်းအဆင့်မှ အလယ်တန်းအဆင့်အထိ အနှစ်နှစ်အလလက မျှော်လင့်မိကြောင်း၊ မိမိတို့ရပ်ရွာတွင် ခုနစ်တန်းအောင်သည်အထိ ပညာသင်ကြားခွင့်ရရှိမည်ဖြစ်သဖြင့် ဆင်းရဲနွမ်းပါး ကျောင်းသား၊ ကျောင်းသူများလည်း အဆင်ပြေချောမွေ့စွာ စာသင်ကြားရမည်ဖြစ်၍ အတိုင်းမသိ ဝမ်းသာမိကြောင်း ဒေသခံများက ပြောသည်။

**ခွဲထက်ရှင်**

## ရှမ်းမြောက် အဝေးပြေးလမ်းပိုင်း ယာဉ်ဖြတ်သန်းခများအား စမတ်ကတ်ဖြင့် စတင်ပေးချေအသုံးပြုမှု အဆင်ပြေနေ



**လားရှိုး ဇွန် ၇**

မန္တလေး၊ ကျောက်မဲ၊ လားရှိုး၊ မူဆယ်လမ်းပိုင်း၌ ယာဉ်များ လမ်းပိတ်ဆို့မှုကို လျှော့ချစေရန်နှင့် ယာဉ်မောင်းသူများ တိုးဂိတ်များ၌ အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရန် မလိုဘဲ အချိန်အနည်းငယ်ဖြင့် ယာဉ်များသွားလာမှုကို အဆင်ပြေချောမွေ့စေရေးအတွက် ယာဉ်ဖြတ်သန်းခများကို စမတ်ကတ်ဖြင့် အသုံးပြုနိုင်ရန်အတွက် (Oriental Highway Co,ltd ) အိုရီရမ်ဟိုင်းဝေးကုမ္ပဏီက ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဇွန် ၁ ရက်ကစတင် အသုံးပြုလျက်ရှိနေပြီး ကားနံပါတ် တစ်ခုလျှင် စမတ်ကတ်နံပတ်တစ်ခုဖြင့် ယာဉ်အမျိုးအစားအလိုက် ဆောင်ရွက်ပေးလျက်ရှိနေပြီး စမတ်ကတ်တစ်ခုလျှင်ကားတစ်စီးသာ အသုံးပြုရမည်ဖြစ်ပြီး ကျောက်မဲတိုးဂိတ်၊ လားရှိုးမြို့ရှောင်လမ်း တိုးဂိတ်၊ ကျောက်ချောတိုးဂိတ်၊ မိုင်းယုတိုးဂိတ်များတွင် စမတ်ကတ်တစ်ခုအတွင်းသို့ ငွေကျပ် ၁၀၀၀၀ နှင့် အထက် မိမိစိတ်ကြိုက်ထည့်သွင်း အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကဒ်တစ်ကတ်၏တန်ဖိုးမှာ သုံးဒေါ်လာဝန်းကျင် ကျသင့်သော်လည်း ယခုအချိန်တွင် ကတ်တန်ဖိုးကိုပေးချေရန်မလိုသေးဘဲ အခမဲ့အသုံးပြုနိုင်ပြီဖြစ်သည်။ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်များ၏ လမ်းပိုင်းအလိုက် ယာဉ်ဖြတ်သန်းခများ ကောက်ခံရာတွင် ငွေအကြွေခက်ခဲခြင်းများကြောင့် အခက်အခဲပြသနာများ မကြာခဏဖြစ်ပေါ်နေမှုများကို အဆင်ပြေတိကျမှန်ကန်စွာ ကောက်ခံနိုင်ရေးအတွက်နှင့် တိုးဂိတ်များတွင် ယာဉ်များ အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေရမှုများကို အဆင်ပြေစေရန်အတွက် ရည်ရွယ်ဆောင်ရွက်အသုံးပြုရကြောင်း (Oriental Highway Co,ltd ) ၏စီမံကိန်းဒါရိုက်တာဦးတင်ကိုကိုထံမှ သိရသည်။

**ဟန်ဌေး(လားရှိုး)**

## ဘေးတောင်နားရွက်နှင့် မြေထိန်းနံရံပျက်စီးနေသည့်တံတားငယ် ပြုပြင်ပေးရန်မျှော်လင့်



**ပုဗ္ဗသီရိ ဇွန် ၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နှင့်ပုဗ္ဗသီရိမြို့ဆက်သွယ်ထားသည့် သံကူကွန်ကရစ် ကားလမ်းပေါ်ရှိ (Box Curvelt ) တံတားငယ်တစ်ခုတွင် ဘေးတောင်နားရွက်နှင့် မြေထိန်းနံရံများ ပျက်စီးနေကြောင်း သိရသည်။

"ဒီလမ်းတံတားက ဘေးတောင်နားရွက်နှင့်မြေထိန်းနံရံများပျက်စီးနေတဲ့အတွက် ကားနှင့်ဆိုင်ကယ်များ ဖြတ်သန်းသွားလာရာတွင် အန္တရာယ်များပါတယ်။ ပြန်လည်ပြုပြင်မယ်ဆိုရင်တောင် မိုးအလယ်မရောက်ခင် အမြန်ပြုပြင်နိုင်မှ အဆင်ပြေမှာပါ။ မိုးရွာတဲ့အခါ ရေစီးနဲ့ အောက်ခံမြေများပါသွားပြီး သံကူကွန်ကရစ်လမ်း ကျိုးပဲ့ပျက်စီးနိုင်ပါတယ်။ အခုလည်း ညအချိန်တွင် ကားနှင့်ဆိုင်ကယ်များ ဖြတ်သန်းသွားလာရာ၌ သတိဖြင့် မောင်းနှင်သွားလာမှ အန္တရာယ်ကင်းမည့် နေရာတစ်ခုဖြစ်နေပါတယ်။ ဒီတံတား ဘေးတောင်နားရွက်နှင့် မြေထိန်းနံရံများ အမြန်ဆုံးပြုပြင်ပေးဖို့ ခရီးသွားပြည်သူများက မျှော်လင့်နေပါတယ်" ဟု ခရီးသွားပြည်သူတစ်ဦးက ပြောပြသည်။

**တင်စိုးလွင်**

## စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီ နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ကြေးပေး

**သထုံ ဇွန် ၇**

မွန်ပြည်နယ် သထုံမြို့နယ် လေးတိုင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ဇွန် ၅ ရက် နံနက်က မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ ၂၀၁၅-၂၀၁၆ ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကျင်းပပြီး သက်ကြီး အဖွဲ့ဝင်များအားထောက်ပံ့ကြေးများနှင့် အဖွဲ့ဝင်သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သည့်အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်ဆွေ (ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဝင် အသီးသီးတို့က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းတာဝန်ငါးရပ်ဖြစ်သည့် အမျိုးသားနိုင်ငံရေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး စီးပွားရေး လူမှုရေး၊ သက်သာချောင်ချိရေးနှင့် ပြည်သူ့အကျိုးပြုခြင်း လုပ်ငန်းများကို သထုံမြို့နယ်အတွင်း ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက် ဆောင်ရွက်မည့်ခြေအနေများကို ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြရာ မြို့နယ်ကော်မတီဥက္ကဋ္ဌက တက်ရောက်လာသူများ၏ ဆန္ဒခံယူကာ ကဏ္ဍကြီးငါးရပ်၏ ရှေ့လုပ်ငန်းစဉ်များအား အတည်ပြုပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က သထုံမြို့နယ်အတွင်းရှိ အသက် ၈၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၃၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းစီနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား၊ ကျောင်းသူ ၃၇၈ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်း ငွေကျပ် ၃၇၁၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ရက် ၁၀၀ စီမံကိန်းပါလုပ်ငန်းများအား နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ်ဆေး

**နမ့်ဆန် ဇွန် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်းနမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံကိန်းပါလုပ်ငန်းဖြစ်သော အာရမ်းပန်ကျလော့ကျောက်ချောလမ်း (၀/၅) မိုင်ပြုပြင်ခြင်းဆောင်ရွက်နေမှုကို နမ့်ဆန်မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇာနည်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်တို့ခေါင်းဆောင်သော အဖွဲ့ဝင်များသည် မေ ၃၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇာနည်ဝင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် မြို့နယ်ဦးစီးမှူးဦးကျော်ဇင်လတ်တို့ပါဝင်သော အဖွဲ့ဝင်များသည် နမ့်ဆန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်ရက်၁၀၀စီမံကိန်းလုပ်ငန်းပါ စခန်းသာကျေးရွာစိမ့်စမ်းရေသွယ်တန်းခြင်း (၂/၀) မိုင် ဆောင်ရွက်နေမှုကို မေ ၃၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးကြခဲ့ကြသည်။ အဆိုပါ ရက်၁၀၀ စီမံကိန်းလုပ်ငန်းပါ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍နမ့်ဆန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းက လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

**သီပေါကိုလတ်**

## ဝက်လက်မြို့နယ်၌ ရေဖြူကျေးရွာလမ်းဆုံတွင် မိုးရာသီသစ်ပင်စိုက်ပျိုး

**ဝက်လက် ဇွန် ၇**

၂၀၁၆ ခုနှစ် ဇွန် ၅ ရက်တွင်ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မအူတောင်(၂)ကြိုးပြင်ကာကွယ်တောအတွင်း ရေဖြူကျေးရွာ လမ်းဆုံတွင် မေ ၅ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးသိန်းဝင်းထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း၍ ယူကလစ်ပင် ၂၀၀၊ တမာပင် ၅၀၊ ကျွန်းပင် ၅၀၊ ခရေပင် ၁၅၀၊ မန်းကျည်းပင် ၅၀ စုစုပေါင်းအပင် ၅၀၀ ကို စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**



## ခိုလမ်မြို့ရှိ တောင်သူများအား ပညာပေးဆွေးနွေးပွဲပြုလုပ်

**ခိုလမ် ဇွန် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီး၍မြို့နယ်ဦးစီးမှူး ဦးလေးဝင်းနှင့် ဝန်ထမ်းများက တောင်သူများအားစိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပွဲကို အမှတ်(၁)ရပ်ကွက်နှင့် (၆)ရပ်ကွက်တို့တွင် ဇွန် ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိုးသီးနှံစိုက်ပျိုးချိန်၌ တောင်သူများ စိုက်ပျိုးနည်းစနစ်များကို ကောင်းစွာသိရှိနားလည်လာစေပြီး သီးနှံထွက်တိုးလာစေရန်နှင့် သိပ္ပံနည်းကျစိုက်ပျိုးတတ်လာစေရန်တို့ရည်ရွယ်၍ မြို့နယ်ဦးစီးမှူး ဦးလေးဝင်းက ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် တောင်သူများက သိရှိလိုသည်များမေးမြန်းပြီး စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခိုလမ်(ပြန်/ဆက်)**

## ဒီးမော့ဆိုမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ဒီးမော့ဆို ဇွန် ၇**

ကယားပြည်နယ် ဒီးမော့ဆိုမြို့ ဒေါတမကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၊ တိုက်နယ်ဆေးရုံ၊ မူလတန်းလွန်ကျောင်းတို့၌ ဇွန် ၄ ရက် နံနက် ၉ နာရီက အရိပ်ရပင်၊ လေကာပင်၊ ကျွန်းပင်၊ ခါတော်မှိုပင် စုစုပေါင်းအပင် ၁၅၀၀ တို့အား တစ်အုပ်တစ်မစိုက်ခင်းနှင့် ခြံစည်းရိုးပတ်လည် စိုက်ပျိုးခြင်းများဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါသစ်ပင်စိုက်ပွဲတော်အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်၊ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်သန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကယားပြည်နယ် တာဝန်ခံ ဦးရဲဆွေ၊ အခြေခံပညာကျောင်း၊ လွိုင်ကော်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အ. ထ. က (၂) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ မီးဖြိုးလူငယ်အဖွဲ့၊ ဒီးမော့ဆိုမြို့နယ်ရှိ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်၍ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ကနီမြို့နယ်တွင် မိုးကြိုပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင် သီးနှံပေါ်ချိန် ဈေးကောင်းရရန်တောင်သူများမျှော်လင့်



**ကနီ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် သရက်ပင်ကျေးရွာ ကွင်းအမှတ် (၁၂၈၃) (ဂ) ကွင်း၌ နှစ်စဉ် လေးလက်မပိုက်တွင်းများဖြင့် ရေများတင်ကာ မိုးကြိုမြေပဲနှင့် ပဲတီစိမ်းများကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလျက်ရှိပြီး ယခုအချိန်တွင် သီးနှံများ ရိတ်သိမ်းနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ သရက်ပင်ကျေးရွာ ကွင်းအမှတ် (၁၂၈၃) (ဂ)မှာ ဆောင်းသီးနှံများ ရိတ်သိမ်းပြီးချိန် မတ်လကုန်နှင့် ဧပြီလဆန်းမှစတင်၍ ယခင်နှစ်က မိုးကြိုမြေပဲနှင့် ရေဆင်း (၁၁) ပဲတီစိမ်းများကို ရေတင်ကာ တောင်သူအားလုံးနီပါး စိုက်ပျိုးကြပြီး ယခုနှစ်တွင် ကျွန်တော်တို့ရွာမှာ ၂၈၂ ဧကရှိ ကိုင်းကျွန်းမြေများပေါ်တွင် ရေဆင်း(၁၁)၊ ရေဆင်း(၁၄)နှင့် အိန္ဒိယပဲတီစိမ်းများအပြင် အချိန်တိုအတွင်း ဝင်ငွေများပြီး အထွက်တိုးနှမ်းမတ်ပဲကို စမ်းသပ်၍ စတင်စိုက်ပျိုးခဲ့ကြပါတယ်။ ယခု ကျွန်တော်တို့ မိုးကြို၍စိုက်ပျိုးခဲ့ရာ ဒီနှစ် အယ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးပြီးချိန်နေအလွန်ပူသဖြင့် ရေများခဏခဏတင်ခဲ့ကြရပါတယ်။ ဒီလိုရေတင်အပြီး မေလနောက်ဆုံးပတ်မှာ မုန်တိုင်းရဲ့နောက်ဆက်တွဲ မိုးများရွာသွန်း၍ စိုက်ပျိုးချိန်က နောက်ကျစိုက်ပျိုးသူအချို့ အပင်များဝါနေသော်လည်း အရင်စိုက်ပျိုးရသူများမှာ ပဲများအထွက်ကောင်းကြပါတယ်။ ဒါပေမယ့် ပဲအထွက်ကောင်းသော်လည်း ပဲဈေးက ဒီသီးနှံပေါ်ချိန်မှာ ဈေးအနည်းငယ်လျော့ကျနေသဖြင့် ကျွန်တော်တို့တောင်သူများ ဈေးကောင်းရရန် မျှော်လင့်နေကြပါတယ်" ဟု ဒေသခံပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

နွေသီးနှံစိုက်ပျိုးမှုတွင် အယ်နီညို ရာသီဥတုနှင့် မေလနောက်ဆုံးပတ်ကဖြစ်ပေါ်ခဲ့သောမုန်တိုင်းဒဏ်ကြောင့် မိုးရွာသွန်းခဲ့သဖြင့် အချို့အပင်များ အရွက်ဝါခဲ့ရာ တောင်သူများအားဆောင်ရွက်ရမည့်အချက်များကို ဇွန် ၅ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဦးစီးအရာရှိ ဦးသန့်ဇင်က ကွင်းဆင်း၍ ရှင်းလင်းပြောကြားခဲ့သည်။ **သန်းဆွေအောင်(ကနီ)**

## ကင်းတုံတံတားတည်ဆောက်ရာတွင် ခိုင်ခံ့စေရန် မြေခံနိုင်ဝန်စမ်းသပ်ခြင်းလုပ်ငန်းများဆောင်ရွက်



**စဥ့်ကိုင် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ကျေးလတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၄၈၇ သိန်း အကုန်အကျခံ၍ ကင်းတုံတံတားအား အရှည်ပေ ၁၀၀၊ အကျယ် ၆ ပေ၊ အနက် ၂၉ ပေ တည်ဆောက်မည်ဖြစ်ရာ အဆိုပါတံတားဆောက်လုပ်ရာတွင် ခိုင်ခံ့စေရန် မြေခံနိုင်ဝန်စမ်းသပ်ခြင်းလုပ်ငန်းများကို ဇွန် ၆ ရက် နံနက် ၉ နာရီက စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကင်းတုံတံတားသည် မီးသွေးဘုတ်ကျေးရွာအုပ်စု ကျေးရွာ ၁၂ ရွာမှ အိမ်ခြေ ၁၂၈၂ အိမ်၊ လူဦးရေ ၆၇၉၃ ဦးနှင့် ဒေါင့်ကြီးကွေ့ကျေးရွာအုပ်စု၊ ကျေးရွာငါးရွာမှ အိမ်ခြေ ၆၂၀ အိမ်၊ လူဦးရေ ၂၈၉၃ ဦး ဖြတ်သန်းသွားလာနေသော တံတားဖြစ်သည်။

ကင်းတုံကျေးရွာသည် ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိသောကျေးရွာဖြစ်သောကြောင့် ကျေးရွာပြည်သူများမှ ယခင်က သစ်သားတံတားကို မျှောတိုင်များဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားခဲ့ရာ မြစ်ရေတက်ပြီး ချောင်းရေကျချိန်များတွင် အကြိမ်ကြိမ်ပြုပြင်၍ သွားလာရေး လွယ်လင့်တကူသွားလာနိုင်ခြင်းမရှိသဖြင့် ယခုလို ကင်းတုံတံတား တည်ဆောက်ပြီးစီးပါက ရာသီမရွေး လျင်မြန်လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သောကြောင်း ကင်းတုံကျေးရွာဒေသခံတစ်ဦးကပြောသည်။ **တင်တင်ထွေး(စဥ့်ကိုင်)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

**နေပြည်တော် ဇွန် ၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဝေ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဝေက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းဝင်း**

## တစ်အိမ်ထောင်လျှင် ကျွန်းပင်သုံးပင်စိုက်ပျိုးခြင်း ညောင်ဦးတွင် ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇွန် ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၆ ခုနှစ် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးရေးအစီအစဉ်ဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိကျေးရွာများဖြစ်သည့် ညောင်ပင်ကန်ကျေးရွာ၊ ရွှေကဖြူကျေးရွာ၊ ယမ်းဆမ်းကျေးရွာ၊ သစ်ထောင့်ကျေးရွာနှင့် ငါ့သရောက်မြို့နယ်၊ ဖြူကြီးကျေးရွာများတွင် ကျေးလက်အိမ်ရာထူထောင်ရေးလုပ်ငန်းစီမံချက်အပြင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်ရည်ရွယ်၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာ ဇွန် ၅ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဘိနယ်တာဝန်ခံ ဦးကျော်လင်းနှင့် ဝန်ထမ်းများက ငါ့သရောက်မြို့နယ်၊ ဖြူကြီးကျေးရွာသို့ ကွင်းဆင်းသွားရောက်ပြီး ဒေသခံပြည်သူများအား တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ကျေးလက်နေပြည်သူများအား စိုက်နည်းစနစ်များကိုပါ အသိပညာပေး စိုက်ပျိုးပြသပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးရေးပွဲတော်အစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအတွက် ကျေးလက်အိမ်ရာထူထောင်ရေးလုပ်ငန်းစီမံချက်များအပြင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ညောင်ဦးမြို့နယ် သစ်ထောင့်ကျေးရွာမှ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှုန်းဖြင့် အိမ်ထောင်စု ၃၀၀ အတွက် ကျွန်းပင်အရေအတွက် စုစုပေါင်းအပင် ၉၀၀၊ ညောင်ဦးမြို့နယ် ညောင်ပင်ကန်ကျေးရွာ၊ ယမ်းဆမ်းကျေးရွာနှင့် ရွှေကဖြူကျေးရွာတို့တွင် တစ်အိမ်ထောင်လျှင် သစ်မာပင် ၂၀ နှုန်းဖြင့် စုစုပေါင်းအိမ်ထောင်စု ၂၇၀ အတွက် သစ်မာအပင်အရေအတွက် ၅၄၀၀ ပင်နှင့် ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာမှ တစ်အိမ်ထောင်လျှင် ကျွန်းပင်သုံးပင်နှုန်းဖြင့် အိမ်ထောင်စု ၂၀၀ အတွက် ကျွန်းပင် ၆၀၀ တို့အား ဒေသခံပြည်သူများ မိုးရာသီကာလအတွင်း စိုက်ပျိုးနိုင်ရေးအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာသို့ ကွင်းဆင်းသွားရောက်ပြီး ဒေသခံပြည်သူများကို ကျွန်းပင်များ ထောက်ပံ့ပေးအပ်သည့်အပြင် ကျွန်းပင်စိုက်နည်းစနစ်များကိုပါ ဒေသခံပြည်သူများသိရှိနိုင်ရန် အသိပညာပေး စိုက်ပျိုးပြသပေးနိုင်ခဲ့ကြောင်း သိရသည်။



ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာမှ ဒေသခံပြည်သူတစ်ဦးကလည်း "ကျွန်တော်တို့ကျေးရွာကို ယခုလို ကျေးလက်အိမ်ရာထူထောင်ရေးလုပ်ငန်းများအပြင် ကျေးရွာရဲ့ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်ကိုပါ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်စီ လာရောက်ပေးအပ်တဲ့အတွက် ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများကို အထူးပဲကျေးဇူးတင်မိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ကျေးရွာမှာရှိတဲ့ ဒေသခံပြည်သူတွေကလည်း သစ်တောဦးစီးဌာနမှ ထောက်ပံ့ပေးတဲ့ ကျွန်းပင်များကိုလည်း ရှင်သန်ဖွံ့ဖြိုးအောင် ဂရုတစိုက်နဲ့ စိုက်ပျိုးသွားမှာပါ။ နောက်ပြီး သစ်တောဦးစီးဌာနက တာဝန်ရှိသူအနေနဲ့ ကျွန်တော်တို့ရွာမှာရှိတဲ့ ဒေသခံပြည်သူတွေကို ကျွန်းပင်စိုက်နည်းစနစ်ကိုပါ လက်တွေ့စိုက်ပျိုးပြသပေးတဲ့အတွက် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား အထူးပင်ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ဒေသခံဦးကျော်သန်းကပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ပြည်တွင်းရေးရာ

# လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်း မောင်းနှင်မှုသင်တန်းဖွင့်လှစ်

**မုံရွာ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများနှင့် လယ်ယာသုံးစက်ကိရိယာများပြုပြင်ထိန်းသိမ်းရန် လုပ်ကိုင်လိုသူများကို တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှကြီးမှူးပြီး တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမောင်နှင်မှုတစ်လသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၆)အလတ်စားစက်ပြင်အလုပ်ရုံတွင် ဇွန် ၆ ရက် နံနက် ၈ နာရီကစတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေမှာ အဓိကအသုံးပြုနေတဲ့ ၅၀ ပါဝါထွန်စက်၊ ဆိုနာလီကာ ၉၀ ပါဝါနဲ့ ၇၀ ပါဝါထွန်စက်ကြီးတွေ၊ DKC-၈၆၅ ရိတ်သိမ်းခြွေလှေ့စက်၊ ကွန်ဘိုင်းဟာဘက်စတာ ရိတ်သိမ်းခြွေလှေ့စက်၊ တစ်လုံးထိုးအင်ဂျင်တွေ ပြုပြင်ထိန်းသိမ်းနည်းတွေ စာတွေ့၊ လက်တွေ့သင်ကြားပေးမယ်။ လက်တွေ့ မောင်းနှင်အသုံးပြုနည်းတွေကိုလည်း သင်ကြားပေးသွားမှာပါ။ သင်တန်းကာလကိုတစ်လ သတ်မှတ်ပြီး သင်ကြားပေးမှာပါ။ ကျန်တဲ့မြို့နယ်လေးခုမှာတော့ အခုလိုသင်တန်းတွေကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်နေပါတယ်။ တောင်သူတွေလယ်ယာမြေတွေမှာ လက်တွေ့အသုံးပြုနေတဲ့စက်ကိရိယာတွေ သက်တမ်းရှည်စွာအသုံးပြုနိုင်ဖို့၊ ကုန်ကျစရိတ် သက်သာစွာနဲ့ ကိုယ်တိုင်ပြုပြင်အသုံးပြုနိုင်စေဖို့အတွက် အခုလို သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးတာပါ" ဟု တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲလျက်ရှိသော ယနေ့အချိန်တွင် လယ်ယာသုံး စက်ကိရိယာဖြင့် လယ်ယာလုပ်ငန်းများလုပ်ကိုင်သော တောင်သူများနှင့် အဆိုပါလယ်ယာသုံး စက်ကိရိယာများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသူများအားလုပ်ငန်းခွင်အတွင်းအချိန်တိုစွာ ပြုပြင်ထိန်းသိမ်း နိုင်စေရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသမှတောင်သူများနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းကိုလုပ်ကိုင်လိုသူ စုစုပေါင်း ၄၀ ဦး တက်ရောက်လျက်ရှိကြောင်းနှင့် အလားတူလယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမောင်းနှင်ခြင်းသင်တန်းများကို ရွှေဘို၊ စစ်ကိုင်း၊ ယင်းမာပင်နှင့် ဘုတလင်မြို့နယ်များတွင် ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

**ဖိုးချမ်း(မုံရွာ)**



# JICA အဖွဲ့မှ ကျွန်းစုမြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေး

**ကျွန်းစု ဇွန် ၇**

ကျွန်းစုမြို့နယ်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး JICA ချေးငွေဖြင့် မြို့ပေါ်ရပ်ကွက်များအား တိုးချဲ့ရေပေးဝေရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် ပူးပေါင်း၍ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက် နံနက် ၉ နာရီခန့်က ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး (JICA) အဖွဲ့က အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုအား လာရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ MR.MORI KOJI သည် ORIENTAL CONSALTANT ကုမ္ပဏီမှ မြန်မာနိုင်ငံသား အင်ဂျင်နီယာဦးမင်းသိန်းကို လိုက်ပါလျက် အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်စိုးနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းညွန့်၊ ၎င်းရေပေးဝေရေးလုပ်ငန်းအား တာဝန်ယူဆောင်ရွက်မည့် BMG(BUILDING MYANMAR GROUP) ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ JICA ချေးငွေဖြင့် ဆောင်ရွက်မည့် ရေပေးဝေရေးလုပ်ငန်း ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အဆိုပါ ဂျပန်နိုင်ငံသား MR. MORI KOJI နှင့်အဖွဲ့က BMG(BUILDING MYANMAR GROUP) ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော အမှတ်(၃)ရပ်ကွက် ရေလှောင်ကန်နှင့် ရေစစ်ကန်များ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ကျွန်းစုမြို့၊ ကတ္တလူကျေးရွာရှိ နဝရတ်ရေအိုင်မှ ရေရရှိနိုင်မှုအခြေအနေများ၊ ရေပိုက်သွယ်တန်းမည့်ပိုက်လုံးနှင့် သွယ်တန်းမည့်အခြေအနေများအား သွားရောက်စစ်ဆေးကာ လုပ်ငန်းလို အပ်ချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

**ရန်နိုင် (ပြန်/ဆက်)**

# လမ်းစည်းကမ်း ဖောက်ဖျက်မောင်းနှင်သည့်ယာဉ်များအား ပညာပေးကာလပြီးဆုံးပါက ထိရောက်စွာအရေးယူမည်

**မိတ္ထီလာ ဇွန် ၇**

မိတ္ထီလာတွင် မြို့တွင်းလမ်းနှစ်ခုဖြစ်သည့် ရုပ်ရှင်ရုံလမ်း နှင့် စာတိုက်လမ်းတို့အား တစ်လမ်းမောင်းသတ်မှတ်ပြီး လမ်းစည်းကမ်း ဖောက်ဖျက်မောင်းနှင်သည့်ယာဉ်များကို ပညာပေးကာလပြီးဆုံးပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ဒီလဆန်းပိုင်းကစပြီး မြို့တွင်းလမ်းနှစ်ခုဖြစ်တဲ့ ရုပ်ရှင်ရုံလမ်းနဲ့ စာတိုက်လမ်းကို တစ်လမ်းမောင်းအဖြစ်သတ်မှတ်ထားပါတယ်။ တစ်လမ်းမောင်းသတ်မှတ်ထားတာကို လမ်းစည်းကမ်းဖောက်ဖျက်မောင်းနှင်တဲ့ ယာဉ်တွေကို ပညာပေးကာလ ပြီးဆုံးတဲ့နောက်မှာ ထိရောက်စွာ အရေးယူဆောင်ရွက်သွားဖို့ရှိပါတယ်။ ပညာပေးကာလကို ဒေသခံပြည်သူ တွေအနေနဲ့ ဒီလမ်းနှစ်ခုကို တစ်လမ်းမောင်းသတ်မှတ်ထားတာ ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားဖို့အတွက် ဇွန်လ လကုန်ပိုင်းအထိ အချိန်ကန့်သတ်ထားပါတယ်" ဟု ယာဉ်စည်း၊ ကမ်းလမ်းစည်းကမ်းကြီးကြပ်ရေးကော်မတီဝင်တစ်ဦးဖြစ်သည့် မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပြောသည်။

မိတ္ထီလာဈေးကြီးတောင်ဘက် ဈေးပတ်လမ်းအား ယခင်က တစ်လမ်းမောင်း အဖြစ်သတ်မှတ်ထားပြီးဖြစ်ကာ ယခုအခါမြို့တွင်းလမ်းနှစ်ခုအားတစ်လမ်းမောင်းအဖြစ် ထပ်မံသတ်မှတ်လိုက်သဖြင့် မြို့နယ်အတွင်း တစ်လမ်းမောင်းစနစ်သတ်မှတ်ထားသည့် လမ်းသုံးခုအထိရှိလာပြီဖြစ်သော်လည်း တစ်လမ်းမောင်းစနစ်အား လိုက်နာမောင်းနှင်မှုနည်းပါးလျက်ရှိသေးကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၆) သင်တန်းဖွင့်

**ထားဝယ် ဇွန် ၇**

တနင်္သာရီတိုင်းဒေသကြီး နှင့် နိုင်ငံတော်တွင်ဆောင်ရွက်နေသော လုပ်ငန်းများအားသိရှိစေရန်၊ လုပ်ငန်းခွင်တွင်အသုံးချနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းစေရန်နှင့် ပြည်သူဗဟိုပြုစီမံကိန်းများ ရေးဆွဲရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် ယနေ့ နံနက် ၇ နာရီတွင် စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၆)သင်တန်းဖွင့်ပွဲအခမ်းအနားကို ထားဝယ်မြို့ တိုင်းဒေသကြီးစီမံကိန်းဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစီမံကိန်းဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

သင်တန်းတွင် ဌာနဆိုင်ရာဝန်ထမ်းသင်တန်းသား ၁၅ ဦး၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းမှ သင်တန်းသား ၁၅ ဦး စုစုပေါင်း ၃၀ အား စီမံကိန်း၏ သဘောသဘာဝ၊ မြန်မာနိုင်ငံတွင် ရေးဆွဲသည့်စီးပွားရေးစီမံကိန်းများ၊ စီးပွားရေး ၊ လူမှုရေးဆိုင်ရာညွှန်းကိန်းများ၊ စစ်တမ်းကောက်ယူခြင်းဆိုင်ရာအခြေခံအချက်အလက်များ၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ လုပ်ငန်းများ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်း ၊ မြန်မာ့အာမခံလုပ်ငန်း ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းများ၊ ကဏ္ဍ/ဒေသန္တရစီမံကိန်းရေးဆွဲရေးနှင့် ဦးစားပေးအစီအစဉ်များ၊ ကျေးရွာ၊ ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များရေးဆွဲခြင်း၊ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွက် ချက်ခြင်း၊ ရသုံးမှန်းခြေငွေစာရင်းလုပ်ငန်းများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခြင်း၊ အာစီယံစီးပွားရေးအသိုက်အဝန်း ၊ စီမံကိန်းများအကောင်အထည်ဖော်ခြင်းနှင့်ထိန်းကျောင်းကြပ်မတ်ခြင်းများနှင့် ပတ်သက်၍ ဇွန် ၆ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

**(ထားဝယ် ပြန်/ဆက်)**

# ရေးမင်းဂွတ်သီး ဈေးကွက်အတွင်း ဈေးကောင်းရရှိနေ

**ရေး ဇွန် ၇**

မွန်ပြည်နယ် ရေးမြို့နယ်ဒေသအတွင်းမှထွက်ရှိသောရာသီပေါ်သီးနှံများအနက် ရေးမင်းဂွတ်သီးများမှာမူ ဈေးကွက်အတွင်းဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဒီနှစ်သီးနှံရာသီပေါ်အချိန်မှာ မင်းဂွတ်သီးထွက်ရှိမှု နှောင့်နှေးနေသေးသဖြင့် ယခုလက်ရှိရတဲ့ဈေးက မင်းဂွတ်သီးတစ်လုံးလျှင် ကျပ် ၈၀ အထိရပါတယ်။ ဈေးက အရင်နှစ်တွေထက်ဈေးကောင်းရရှိပါတယ်" ဟု ခြံရှင်တစ်ဦးက ပြောသည်။ ရေးမြို့နယ်သီးနှံဈေးကွက်တွင် မင်းဂွတ်သီးများမှာ ကဆုန်လမှ စတင်ဝင်ရောက်ကာ အသီးဝင်ရောက်မှုက နည်းပါးနေပြီး မော်လမြိုင်၊ ရန်ကုန်၊ မန္တလေးမြို့များအထိ အဓိကတင်ပို့ရောင်းချနေရကြောင်း သစ်သီးဒိုင်များမှသိရသည်။**ထွဋ်ထွဋ်(ရေး)**

# အုတ်တွင်းကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာကျောင်းသုံးခုအားအဆင့်မြှင့်

**သာစည် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အုတ်တွင်းကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာကျောင်းသုံးကျောင်းကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင်အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အုတ်တွင်းကျေးရွာအုပ်စုအတွင်းရှိ သာယာကုန်းကျေးရွာနှင့် နန်းတော်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းများကို အခြေခံပညာမူလတန်းလွန်ကျောင်းများအဖြစ်လည်းကောင်း၊ မြိုင်သာကျေးရွာ အခြေခံမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၈ နာရီခွဲက အဆိုပါကျောင်းများတွင် ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့် ဦးစံထွန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဇော်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူးက ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာကျေး ရွာတာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

သာယာကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ၁၉၈၆ ခုနှစ် နန်းတော်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ၁၉၉၁ ခုနှစ် မြိုင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ၁၉၇၉ ခုနှစ်တို့တွင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် မြိုင်သာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဖြစ်လာကာ ယခုပညာသင်နှစ်တွင် မူလတန်းလွန်ကျောင်းများနှင့်အလယ်တန်းကျောင်း(ခွဲ)အဖြစ်အဆင့်တိုးလာခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

# မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**သရက်ချောင်း ဇွန် ၇**

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် ဇွန်လ ၅ ရက်က သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ပန်းတောရပ်ကွက်ဘောလုံးကွင်း၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပွဲအခမ်းအနားတွင် ပျဉ်းမ၊မဟော်ဂနီ၊ ပိတောက်၊ စိန်ပန်း၊ ခရေ၊ ကျွန်း၊ ဇန်ဒါပင်နှင့် တယ်ပင်များ အပင်ပေါင်း ၃၀၀ ကျော်ကို တပျော်တပါး စိုက်ပျိုးပေးခဲ့ကြကြောင်းသိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာ ရေးနှစ်အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အထောက်အကူပြု အုတ်ရိုက်သင်တန်းဖွင့်



**မြစ်သား ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြု အုတ်ရိုက်သင်တန်းအား ဇွန် ၆ ရက်မှ ဇွန် ၁၅ ရက်ထိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိက "သင်တန်းတွင် ကျေးရွာ ၁၀ ရွာမှ သင်တန်းသားဦးရေ ၂၀ ဦး တက်ရောက်ပြီး ကျေးလက်နေလူငယ်များ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များအား နားလည်တတ်ကျွမ်းစေရေးအတွက် အုတ်ရိုက်သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောသည်။

ယင်းနောက် နည်းပြဆရာများက သင်တန်းသားများကို အုတ်ရိုက်ခြင်းနှင့် သက်ဆိုင်သော အခြေခံသဘောတရားများနှင့် လက်တွေ့ဆောင်ရွက်ခြင်းကို ဆက်လက်ပို့ချခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## တရားမဝင်ရွှေတူးဖော်နေသူများကိုဟန့်တားဖမ်းဆီးအရေးယူမည်

**ဟုမ္မလင်း ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာအုပ်စုအတွင်း တရားမဝင် ရွှေသတ္တုတူးဖော်ခြင်းများမရှိစေရေးအတွက် တရားဝင်ခွင့်ပြုချက်မရှိဘဲ ရွှေသတ္တုတူးဖော်နေသူများအနေဖြင့် လုပ်ငန်းများကို ရပ်ဆိုင်းဖြုတ်သိမ်းသွားရန်နှင့် ဇွန် ၁၀ ရက်မှစတင်၍ တူးဖော်နေသည်ကိုတွေ့ရပါက ဟန့်တားဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း ထမံသီကျေးရွာအုပ်ချုပ်ရေးမှူးက ဇွန် ၃ ရက်က တရားဝင်စာထုတ် အသိပေးထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းတွင် တရားဝင်ခွင့်ပြုထားသော ရွှေလုပ်ကွက်များစာရင်းတွင် မပါဝင်သည့် သတ္တုတူးဖော်မှုများကို တားမြစ်ဟန့်တားဖမ်းဆီးအရေးယူသွားရန် မေ ၂၂ ရက်နေ့စွဲဖြင့် ဟုမ္မလင်းမြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ အကြောင်းကြားလာသည့်အတွက် အသိပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးအရေးယူသွားမည်ဆိုသော အကြောင်းကြားခြင်းကို ဟုမ္မလင်းမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဟုမ္မလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဟုမ္မလင်းမြို့နယ်သတ္တုတွင်းစီမံကိန်းရုံး တာဝန်ခံအရာရှိ ထမံသီနယ်မြေရဲစခန်းမှူးတို့အား အသိပေးအကြောင်းကြားကာ ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## စစ်တောင်းတူးမြောင်း မြစ်ကျိုးတာထိပ်အတားအဆီးကြောင့် မိုးစပါးစိုက်ပျိုးရာတွင် အသုံးပြုမည့်လယ်ယာသုံးယာဉ်များ ဝင်ထွက်သွားလာရန် ခက်ခဲနေ

**ပဲခူး ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းမှတောင်သူလယ်သမားများ လယ်ယာသုံးစက်ပစ္စည်းများ ကြံ့ခိုင်စေရန် ပြုပြင်ပြီး လယ်ယာလုပ်ငန်းဝင်ရန် အဆင်သင့်ဖြစ်နေကြပြီဖြစ်ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရန်အတွက် တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရန် စတင်ပြင်ဆင်နေကြပြီဖြစ်သော်လည်း ဝေါမြို့နယ် တမံကြီးရွာနှင့် အဗျားရွာ စစ်တောင်းတူးမြောင်းဘေးရှိ မြစ်ကျိုးတာလမ်းထိပ်တွင် အတားအဆီးဖြင့် ကာရံထားသောကြောင့် လယ်ယာလုပ်ငန်းသုံးယာဉ်များ ဝင်ထွက်သွားလာရာ အဆင်မပြေသဖြင့် ရာသီချိန်မီ ထွန်ယက်စိုက်ပျိုးရန်အခက်အခဲဖြစ်နေကြောင်း ဒေသခံတောင်သူလယ်သမားများက ပြောသည်။

တမံကြီးရွာ မြစ်ကျိုးတာလမ်းထိပ်တွင် ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး (၁) မှ တာဖို့လမ်းအားရေရှည်ကောင်းမွန်စေရန်ရည်ရွယ်၍ ယာဉ်နှင့်ကားခြောက်တန်သာ ဝင်ထွက်ရန်နှင့် ယာဉ်ကြီးများ မဝင်ထွက်နိုင်စေရန် အမြင့်ရှစ်ပေခန့်ရှိသော အကန့်အသတ်အတားအဆီးတစ်ခု ပြုလုပ်ထားသဖြင့် လယ်ယာလုပ်ငန်းအတွက် စက်ယန္တရားများဖြင့် အချိန်မီ ထွန်ယက်စိုက်ပျိုးရာတွင် အခက်အခဲနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

"အမြင့်က ထွန်စက်နဲ့မလွတ်ဘူးဖြစ်နေတယ်။ အစောင့်ဂိတ်တဲလည်းရှိပါတယ်။ အခြားကားတွေ တားထားတာမှန်ပေမဲ့ လယ်ယာသုံးစက်ပစ္စည်းတော့ သွားခွင့်ပြုသင့်တယ်။ ဒါမှထွန်ယက်စိုက်ပျိုးဖို့ အလျင်မီမှာပါ" ဟု ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

ကားကြီးများမဝင်နိုင်ရန် အပေါ်ချုပ်တန်းဖြင့် တားထားသည့်အပြင် ဘေးနှစ်ဖက်ကိုပါ အင်္ဂတေနှင့် အသေပိတ်ထားသဖြင့် ဘေးပတ်လမ်းမှလည်း လယ်ယာသုံးပစ္စည်းများ ဝင်ရခက်ခဲနေသည်။

"ယာဉ်ကုန် ၆ တန်ကျော်မဝင်ရအောင် ကန့်သတ်ထားပေမဲ့ အခုလယ်ယာသုံးယာဉ်တွေက ယာဉ်နဲ့ကုန်ပေါင်း ခြောက်တန်မရှိတဲ့ ယာဉ်တွေပါ။ ဒါကို ဆည်မြောင်းဌာနက ဖြေလျှော့ပေးမှ လယ်ယာလုပ်သားတွေ အခက်အခဲမရှိ လယ်လုပ်နိုင်မှာပါ။ စက်မှုလယ်ယာကို နိုင်ငံတော်က အားပေးနေချိန်မှာ ဆည်မြောင်းတည်ဆောက်ရေး(၁)က အားပေးကူညီသင့်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

"စပါးစိုက်ပြီးလို့ ရိတ်သိမ်းချိန်ဆို ခြွေလှေ့စက်တွေဝင်ရပါဦးမယ်။ အဲ့ဒီအခါလည်း ဒီလိုပြဿနာတွေ ရှိနေဦးမယ်ဆို လယ်သမားတွေ နစ်နာတယ်။ အချိန်ကုန်၊ ငွေကုန်တယ်။ ဒီနှစ်ရွာထဲထားတဲ့ ကောက်ရိုးပုံ မီးလောင်တယ်။ ဒီအတားအဆီးကြောင့် မီးသတ်ကား ဝင်လို့မရဘူး။ မီးသတ်ရဲဘော်တွေ ဒီအတိုင်းလာရတယ်။ အခြားမီးမကူးလို့တော်သေးတယ်။ ဒေသခံလယ်သမားတွေ လယ်ယာသုံးစက်တွေအတွက် လမ်းဖွင့်ပေးသင့်တယ်"ဟု လယ်ဧက ၁၀၀ ကျော် လုပ်ကိုင်နေသော တမာတကေရွာမှ လယ်သမားဦးလှဌေးက ပြောသည်။

စစ်တောင်းတူးမြောင်းဘေး မြစ်ကျိုးတာလမ်းဘေးတွင် တမံကြီးရွာ၊ တမာတကေရွာ၊ ဖိုးဦးစိန်ရွာ၊ လေးအိမ်စုရွာ၊ အနောက်စုရွာ၊ မြစ်ကျိုးရွာ အပါအဝင် ရွာပေါင်းခြောက်ရွာရှိသည်။ ကျေးရွာအုပ်စုသုံးစုနှင့် အခြားရွာများလည်း ၎င်းတာလမ်းမကြီးအား အသုံးပြုနေကြပြီး လယ်ဧကသုံးသောင်းကျော်ခန့် နှစ်စဉ် စပါးစိုက်ပျိုးကြကြောင်း ဒေသခံများက ပြောသည်။

**(၄၂၈)**

## မြေတိုင်းတာခြင်းနှင့် မြေယာစီမံ ခန့်ခွဲမှုလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်လှစ်

**သရက် ဇွန် ၇**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းတာခြင်းနှင့် မြေယာစီမံကိန်းခန့်ခွဲမှုလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရှေးဦးစွာ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ရွှေက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စာရင်းအင်း ကိန်းဂဏန်းများ မှန်ကန်စေရန်နှင့် ဌာန၏မျှော်မှန်းချက်ရည်မှန်းချက်များ၊ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများတွင် စွမ်းဆောင်ရည်မြင့်မားရေးအတွက်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးမြင့်ဆန်းက သင်တန်းသား၊ သင်တန်းသူများ လုပ်ငန်းများစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် လုပ်ငန်းဆိုင်ရာများကို ဘာသာရပ်အလိုက် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ယင်းသင်တန်းသို့ မြို့နယ်အတွင်းရှိ လက်ထောက်ဦးစီးလေးဦးနှင့် စာရေးအဆင့် ဝန်ထမ်းများ စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့သည်။ သင်တန်းကာလမှာ ဇွန် ၄ ရက်မှ ၆ ရက်ထိ သင်ကြားဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ထန်းတပင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်းဝင် ကွန်ကရစ်လမ်းဖွင့်လှစ်



**ထန်းတပင် ဇွန် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဆောင်ရွက်သည့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဝါးတရာကျေးရွာရှိ ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ ကမ္ဘာ့ဘဏ်မှ Senior Director Mr.Ede Ijjasz-Vasquez နှင့် ဝါးတရာကျေးရွာ အုပ်ချုပ်ရေးမှူးတို့မှ ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားမှခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

လူထုဗဟိုပြု စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၈၀ မတည်ကူညီပံ့ပိုးပြီး၊ ချေးယူငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် (၂၀၁၅ × ၂၀၁၆) ဒုတိယနှစ်စီမံကိန်း စက်ဝန်းအတွင်းပါဝင်သည့် မြို့နယ်များထဲမှ ထန်းတပင်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖွင့်လှစ်ခဲ့သည့် ဝါးတရာကျေးရွာအုပ်စု ဝါးတရာကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာသို့ ဆက်သွယ်သော လမ်းဖြစ်ပြီး လမ်းအရှည် ၂၈၃၀ ပေ၊ အကျယ် ၁၂ ပေနှင့် လမ်းအထူ ၆ လက်မရှိသော ကွန်ကရစ်လမ်းအမျိုးအစားဖြစ်ပြီး လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၃၉၆ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၉ သိန်း စုစုပေါင်းကုန်ကျငွေကျပ် ၄၂၅ သိန်း ကုန်ကျခဲ့သည်။

အဆိုပါ လူထုဗဟိုပြု စီမံကိန်းသည် မြို့နယ် ၂၇ မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်း ၆၃ မြို့နယ်ထိ အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားကြောင်းသိရသည်။

**သူရအောင်**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလက်သမား၊ပန်းရန်သင်တန်းဖွင့်

**လင်းခေး ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန် (၁/၂၀၁၆) သင်တန်းကို ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ဖွင့်လှစ်ခဲ့သည်။

ယင်းသင်တန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေပြီး မိသားစုများ ဝင်ငွေတိုးပွားလာစေရေးအတွက် ဖွင့်လှစ်သင်ကြားပို့ချပေးနေမှုနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းရရှိသည့် နောင်လုံကျေးရွာအုပ်စု နမ့်တင်ကျေးရွာနှင့် ဟွေဆင်ကျေးရွာများသို့ ဇွန် ၅ ရက်က သွားရောက်၍ စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်နှင့် မြို့နယ်ဦးစီးမှူး ဦးစိုင်းအုန်းမောင်တို့က ရှင်းလင်းဆွေးနွေးခဲ့သည်။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ရက် ၁၀၀ စီမံချက် တံတား နှစ်စင်းတည်ဆောက်နေမှုစစ်ဆေး

**ကျိုက်ထို ဇွန် ၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ငှက်ပျောတော-ဇီးကုန်းတံတားနှင့် သိမ်ဇရပ်တံတားများ ပြီးစီးမှုနှင့် အရည်အသွေးကောင်းမွန်မှုတို့အား ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်း စစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးမိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြသည်။

အဆိုပါ တံတားများပြီးစီးပါက ကျေးရွာများရှိ ဒေသခံပြည်သူများ ရာသီချိန်ခါမရွေး လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ကျိုက်ထိုကျေးလက်)**

# လွမ်းမပြေစရာ အပန်းဖြေခရီးဖြင့် ကျိုက်ထီးရိုးဘုရား ဖူးကြပါစို့



**à** တင်အောင်ထွန်း(သုတေသန–သာသနာရေး)

**ကျိုက်ထီးရိုးစေတီတော်**

မြန်မာနိုင်ငံ တန်ခိုးကြီးစေတီပုထိုးအမျိုးမျိုးရှိကြသည့်အနက် ထူးဆန်းအံ့ဩဖွယ်အကောင်းဆုံးတည်ထားသောဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား သွားရောက်ဖူးမြော်သူများမှာ ရာသီအလိုက် များပြားလှ၏။ စေတီတော်၏တည်နေပုံ ထူးဆန်းအံ့ဩဖွယ်ရှိခြင်း၊ တောတောင်သဘာဝသာယာကြည်နူးဖွယ်ကောင်းခြင်း၊ မိသားစုမိတ်ရင်းဆွေရင်းများနှင့်အတူတကွ အပန်းဖြေခရီးတိုသဘောဆောင်ခြင်း စသည်တို့သည် ကျိုက်ထီးရိုးဘုရားဖူးခရီး၏ဆွဲဆောင်မှုအားကောင်းစေသော အချက်များဖြစ်ကြ၏။

ကျိုက်ထီးရိုးစေတီတော်သည် သမိုင်းဝင်ဆံတော်ရှင်စေတီတော်တစ်ဆူဖြစ်၏။ ဘုရားရှင်လက်ထက် သုဝဏ္ဏဘူမိ သထုံပြည်တွင် တိဿဓမ္မသီဟရာဇာမင်းစိုးစံစဉ် ဘုရားရှင်ကြွရောက်တော်မူလာ၏။ ဘုရားရှင်သီတင်းသုံးတော်မူခိုက် ရသေ့ကြီးခြောက်ဦးတို့သည် ဘုရားရှင်အားလာရောက်ဖူးမြော်ကြရာ အသီးသီးဆံတော်ဓာတ်မြတ်များရရှိလိုက်ကြ၏။ ရသေ့ခြောက်ဦးအနက် ဗုဒ္ဓဉာဏအမည်ရှိရသေ့ကြီး ပူဇော်ရရှိသည့် ဆံတော်ဓာတ်မြတ်ကို ရသေ့ကြီးကွယ်လွန်သောအခါ ရသေ့ကြီး၏ဆံကျစ်ကြားမှ ထုတ်ယူ၍ သိကြားမင်းက ရသေ့ကြီးဦးခေါင်းနှင့် သဏ္ဌာန်တူကျောက်လုံးကြီး၌ ထည့်သွင်း၌ာပနာကာ စေတီတည်ထားပေးခဲ့လေသည်။ ရသေ့ဦးခေါင်းဖြင့် ရွက်ဆောင်သောဘုရားဟူသောအဓိပ္ပာယ်ဖြင့် မွန်ဘာသာ ကျိုက်ဣသိရိုးဟု ခေါ်ဆိုခဲ့ရာမှ နောင်သောအခါ မြန်မာဝေါဟာရဘက်သို့ အသံထွက်ယိမ်းကာ ကျိုက်ထီးရိုးဟူ၍ထင်ရှားခဲ့ပါသည်။

ကျိုက်ထီးရိုးစေတီတော်သည် အရှေ့ရိုးမတောင်တန်းအပါအဝင် ပေါင်းလောင်းတောင်ကျောပေါ်တွင် တည်ရှိပြီး အုပ်ချုပ်မှုအာဏာပိုင်ဒေသအားဖြင့် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်အတွင်းကျရောက်သည်။ ကျိုက်ထီးရိုးစေတီတော်တည်ရှိရာ တောင်ထွတ်မှာ ပင်လယ်ပြင်မှပေ ၃၆၀၀ မြင့်၍ စေတီတော်ကို အစွဲပြုပြီး ထိုတောင်ကိုကျိုက်ထီးရိုးတောင်ဟု ခေါ်တွင်၏။

ကျိုက်ထီးရိုးစေတီ တည်ထားပုံမှာ အံ့ဩဖွယ်ကောင်းလှ၏။ ကြီးမားမတ်စောက်သည့် ကျောက်တောင်စွန်းပေါ်၌ လုံးပတ်ပေ ၅၀ ခန့်ရှိ ဦးခေါင်းပုံသဏ္ဌာန်ကျောက်လုံးတစ်ခုအထက်တွင် ၁၅ ပေခန့် ဉာဏ်တော်အမြင့်ဆောင်သည့်စေတီတော်ဖြစ်ပါသည်။ စေတီတော်တည်ရှိရာ ကျောက်ဆောင်နှင့် ရင်ပြင်တော်အကြား ချောက်တစ်ခုခြားနေသဖြင့် သံတံတားငယ်ဖြင့် ဆက်သွယ်ပေးထားရသည်။ အပေါ်၌ စေတီတည်ထားရာ ကျောက်လုံးကြီးသည်လည်း လူတစ်ဦး တွန်းလှုပ်ရုံမျှဖြင့် လှုပ်ရှားမှုရှိသည့်အနေအထားဖြင့် အံ့ဩဘနန်းတည်ရှိနေပါသည်။ ခြေလျင်ခရီး၊ မော်တော်ယာဉ်ခရီးတို့ဖြင့် ခက်ခဲမောပန်းစွာ တက်ရောက်လာခဲ့ရသော ဘုရားဖူးတစ်ဦးသည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား အံ့ဩဘနန်း ဖူးမြင်လိုက်ရချိန်၌ ကျေနပ်အေးချမ်းကြည်ညိုမှုက နှလုံးသို့တိုင် လှိုက်လှဲထူးခြားဝမ်းမြောက်သွားစေလေ၏။

ကျိုက်ထီးရိုးစေတီရင်ပြင်တော်မှ လှမ်းမျှော်ကြည့်ရှုရသော အဝေးရှုမျှော်ခင်းမှာ အလွန်သာယာသည်။ အနောက်ဘက်သို့ မျှော်ကြည့်လျှင် စစ်တောင်းမြစ်ကိုကျော်လွန်၍ မြင်ခင်းကြည်လင်ပါက ပဲခူးရွှေမော်ဓောစေတီတော်ကိုပင် လှမ်း၍ ဖူးမြင်နိုင်၏။ ရင်ပြင်တော်မှတောင်ဘက် မျက်စိတစ်ဆုံးခန့် အောက်အနိမ့်ဘက်သို့ကြည့်လျှင် မိမိတို့တက်ခဲ့ရာ စခန်းတစ်ထောက်ဖြစ်သောရသေ့တောင်ဘုရားစေတီတော်ကို ဖူးမြင်ရ၏။ ထိုအချိန်ထိုတစ်ခဏ ကွယ်လွန်သူ ဘိုးဘွားမိဘများ၊ အိမ်တွင်ကျန်ရစ်သူ မိဘညီအစ်ကိုမောင်နှမ၊ ဇနီး၊ ခင်ပွန်း၊ သားသမီးများ၊ မိတ်ဆွေများအား လွမ်းဆွတ်တမ်းတမိစေတော့၏။

ငယ်ငယ်က ကျိုက်ထီးရိုးဘုရားဖူးခရီး ငယ်ငယ်ကလေးဘဝ မိဘများနှင့် ကျိုက်ထီးရိုးဘုရားဖူး ရောက်ဖူး၏။ ကျောင်းပြီးတော့ သူငယ်ချင်းများနှင့် တစ်ခေါက်ရောက်သေး၏။ လူလတ်ပိုင်းနှင့် အထက်ဘုရားဖူးများ မှတ်မိကြပါသည်။ ထိုစဉ်က ကျိုက်ထီးရိုးဘုရားသို့ စစ်တောင်းမြစ်ကမ်းဘက်ကတက်ရသည့် လမ်းတစ်လမ်းရှိသည်ဆိုငြား၊ ထိုဒေသသားတို့ အသုံးပြုသော လမ်းသာဖြစ်ဖွယ်ရှိပါသည်။ လာလာသမျှ အနယ်နယ်အရပ်ရပ်က ဘုရားဖူးများကမူ ခရီးလမ်းအလျဉ်းသင့်သည့် ကင်ပွန်းစခန်းမှ စတက်သည့် ခြေလျင်လမ်းကြောင်းအတိုင်းသာ အသုံးပြုကြလေ့ရှိ၏။

ကင်ပွန်းစခန်းကနေ ဘုရားထိ ခုနစ်မိုင်ခွဲခရီးကို ရေမြောင်းကြီး၊ ရေမြောင်းကလေး၊ ရွှေရင်စို့၊ ဖိုးပုံတောင်၊ စိုင်တမော့ စသည်ဖြင့် စခန်းပေါင်း ၂၇ ခုကို ဖြတ်ကျော်ရသည့် ခြေလျင်တောင်တက်ခရီးဖြင့်သာ ချီတက်ကြရ၏။ လမ်းတွင် ဈေးဆိုင်ငယ်များက သိပ်အဆက်မပြတ်လှ။ လမ်းရှင်းကုသိုလ်ယူသူများကလည်း စေတနာလုပ်ငန်းဖြင့် ကမူများဖြေပေးထားကြ၏။ လှေကားထစ်များ ပြုပြင်ပေးထားကြ၏။ လမ်းပေါ်က အမှိုက်များကို တံမြက်စည်းဖြင့် လှည်းကျင်းပေးထားကြ၏။ ဘုရားဖူးများက ကြုံသလို ကျေးဇူးတုံ့ပြန်လျက် သန့်ရှင်းရေး ဆောင်ရွက်ပေးသူများအတွက် စွန့်ကြဲလှူဒါန်းပေးခဲ့ကြလေ၏။

ခြေလျင်လမ်းကြောင်းတစ်လျှောက် ဘုရားဖူးများကအဆက်ပြတ်လှသည်မရှိပါ။ တချို့ဆိုလျှင် ညအချိန်လသာသာ တက်ကြ၊ ဆင်းကြသူများပင်ရှိ၏။ ဘုရားဖူးပြီးပြန်ဆင်းလာသူများက မောဟိုက်ပန်းဟိုက် တက်လာသူများကိုကြည့်၍ ‘တစ်ကွေ့ဆိုရောက်ပါပြီ၊ တစ်ကုန်းကျော်ရောက်ပါပြီ”ဟု ပြုံးစိစိပြု၍ အားပေးသွားကြ၏။ သူတို့အားပေးသွားသော တစ်ကုန်းတစ်ကွေ့သည် အမောပြေရေအေးတစ်ခွက်မျှသာဖြစ်ပြီး မဆုံးနိုင်သော တစ်ကွေ့တစ်ကုန်းများသာဖြစ်၏။ နောက်ဆုံးပုံမှန်အားဖြင့် ၇ နာရီခွဲ ၈ နာရီခန့် ကြိုးစားတက်ရောက်ပြီးမှသာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို ဖူးမြော်ခွင့်ရရှိခဲ့ကြပါသည်။ ကင်ပွန်းစခန်းတွင် နံနက်စာထမင်းစားပြီး စတက်ကြသူများ ညနေ ၅ နာရီ၊ ၆ နာရီခန့်အချိန်မှသာ စေတီရင်ပြင်တော်ပေါ်သို့ ဆိုက်ရောက်ကြလေ့ရှိပါသည်။

ယနေ့ အသက်အရွယ်အရ လူလတ်ပိုင်းနှင့် အထက်များသည် ငယ်ရွယ်စဉ်က ကျိုက်ထီးရိုး ဘုရားဖူးခရီးစဉ်၏ မောမောပန်းပန်း ပျော်စရာကောင်းပုံကို တမ်းတလျက်ရှိကြ၏။ သို့သော်လည်း ယနေ့ ကျိုက်ထီးရိုးဘုရားဖူး ခရီးစဉ်က ယခင်နှင့် လုံးဝခြားနားသွားပါပြီ။ ၁၉၉၅ ခုနှစ်က ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်ကို တောင်တက်ကားလမ်း ဖောက်လုပ်၍ရသေ့တောင်အထိ စခန်းထောက်ပြုလုပ်နိုင်ခဲ့၏။ ကင်ပွန်းစခန်းမှ အနောက်ဘက်လမ်းကြောအတိုင်း ယာဉ်လတ်များအသုံးပြု၍ ဘုရားဖူးခရီးသည်များအား ပို့ဆောင်ပေးခဲ့၏။ တစ်ဖန်ရသေ့တောင်မှ ကျိုက်ထီးရိုးတောင်ခြေ ခြသေ့်နှစ်ကောင်ထိ တောင်တက် ကားလမ်းဆက်လက်ဖောက်လုပ်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် အများပြည်သူအသုံးပြုနိုင်သည်အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ယခင်ခြေလျင်ခရီးဖြင့် ၇ နာရီ၊ ၈ နာရီအချိန်ကြာမြင့်သည့် ခရီးစဉ်ကို တောင်တက်မော်တော်ယာဉ်ခရီးစဉ်ဖြင့် အချိန်တစ်နာရီခွဲ နှစ်နာရီခန့်ဖြင့် တောင်ထိပ်အရောက် ပို့ဆောင်ပေးနိုင်ပြီဖြစ်ရာ သဘာဝတောတောင်ရှုမြင်ခင်းများကိုလည်း ဖြတ်သွားဖြတ်လာ လျှပ်တစ်ပြက်ခံစားမှုမျိုးသို့ ပြောင်းလဲစေခဲ့ပါသည်။

စာရေးသူသည် ဤမျှဘက်ခေတ် မော်တော်ယာဉ်ခရီးစဉ်ဖြင့် ကျိုက်ထီးရိုးဘုရားဖူးသို့ သုံးကြိမ်မျှ သွားရောက်ဖူးမြော်ခဲ့ပါပြီ။ လူလတ်ပိုင်းတစ်ဦးအနေဖြင့် ငယ်ငယ်က ခြေလျင်ခရီးစဉ်ကို တမ်းတဆဲဖြစ်၍ တစ်ကြိမ်တွင် အတူပါအဖော်ကို စည်းရုံး၍ ယခင်ခြေလျင်ခရီးစဉ်ဖြင့် ကြိုးစားတက်ကြည့်ရန် ခြေဦးလှည့်ဖူးပါသည်။ ကင်ပွန်းစခန်းမှ သိပ်မဝေးမီပင် ပြန်လှည့်ခဲ့၏။ ထိုခြေလျင်ခရီးကို အသုံးပြုမည့်သူမတွေ့ရှိဘဲ လူပြတ်လှ၏။ မိုးတွင်းအခါက ပျက်စီးနေသောလမ်းကို ပြုပြင်မည့်သူမရှိ။ သစ်ပင်သစ်ကိုင်းအတားအဆီးအချို့ပင် သည်အတိုင်းရှိနေ၍ လွဲရှောင်သွားနေရ၏။ ရှေ့ဆက်ရန် မဝံ့တော့ဘဲ တပ်ခေါက်ခဲ့ရ၏။

ပြောင်းလဲချိန်တန်ပြီဖြစ်သော အခြေအနေကို လက်မခံချင်၍ မရပါ။ အထက်တစ်ရက်၊ တောင်ပေါ်တစ်ညအိပ်နှင့် အဆင်းတစ်ရက်ခရီး ရေးဆွဲစီစဉ်ရသည့် ဘုရားဖူးများစွာတို့၏ အချိန်များစွာကို တစ်နေ့တစ်ည သို့မဟုတ် နေ့ချင်းပြန်ခရီးစဉ်သို့ ပြောင်းလဲနိုင်ခဲ့ပါပြီ။ ဘုရားရင်ပြင်တော်ပေါ် တစ်ညတာ ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများသည် ခြေခင်းလက်ခင်းသာ၍ ချမ်းအေးသော ဆောင်းရာသီကာလဖြစ်၏။ ထိုအချိန်သည် ကျိုက်ထီးရိုးစေတီတော်သို့ အများဆုံး ဘုရားဖူးလာရောက်သည့် ကာလဖြစ်၏။ စေတီတော်အနီး ဟိုတယ်၊ တည်းခိုခန်းများနှင့် ကုန်းတော်ပေါ်ရှိ တည်းခိုဆောင်များတွင် တစ်ညတာနေရာမရဖြစ်ကြရ၏။ စေတီတော်ရင်ပြင်တစ်ခုလုံး ဘုရားဖူးများနှင့် ပြည့်ညပ်နေပြီး ကျောက်ပြားပေါ် တုံးလုံးလှဲ အိပ်စက်ရန်နေရာ မဆံ့သဖြင့် ငုတ်တုတ်အိပ်ငိုက်ကြရသည့် အခြေအနေမျိုးပင် ကြုံဆုံဖူးကြရ၏။

ထိုအခြေအနေမျိုးတွင် ရေလည်း မလုံလောက်တော့။ ရေချိုးသန့်စင်ဖို့နေနေသာ မျက်နှာသစ်ဖို့ပင် အခက်ခဲရှိ၍ ရေသန့်ဘူးရေဖြင့် ပွတ်သက်သန့်စင်ရသည့် အနေအထားမျိုးဖြစ်၏။ စားသောက်စရာရှားပါး၍ ဈေးကြီးပေးရပြီး မတန်မရာတွေ ဖြစ်ကုန်ကြတော့၏။ အဆိုးဆုံးကား ဤမျှများပြားသော ဘုရားဖူးများ၏ စွန့်ပစ်အမှိုက်သရိုက်နှင့် တစ်ညတာ အပေ့ါအလေးကျန်းမာရေးကိစ္စကို မည်သို့သန့်ရှင်းအောင် ဆောင်ရွက်နိုင်ကြပါမည်နည်း။ စွန့်ပစ်အညစ်အကြေး မသန့်ရှင်းမှုတို့ကြောင့် ရင်ပြင်တော်တစ်ဝိုက်တွင် တစ်နေရာမဟုတ်တစ်နေရာ အနံ့အသက်ဆိုးရှူရှိုက်ရမှုများသည် ဘုရားဖူးရဟန်းရှင်လူတို့အား အင်္ဂါရဝမှုနှင့် အမနာပမှုကို တိုးပွားစေကြပေ၏။

ကျိုက်ထီးရိုးရင်ပြင်တော်နှင့် ဆက်စပ်လျက် အဆောက်အအုံများတိုးချဲ့ဆောက်လုပ်မှုကို တားမြစ်ထားသော်လည်း အနီးပတ်ဝန်းကျင်၌ ဟိုတယ်များ၊ ပုဂ္ဂလိကတည်းခိုခန်းများ၊ ဈေးဆိုင်များ တစ်စတစ်စ တိုးပွားနေကာ ကျိုက်ထီးရိုး တောင်သာယာရှုမောဖွယ်သည် တစ်နေ့တခြား ဆုတ်ယုတ်လျော့ပါးလာနေသကဲ့သို့ ခံစားမိပါသည်။

**ဘုရားဖူး အပန်းပြေ စိမ်းလန်းသည့်မြေ**

ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်သည် ဘုရားလည်းဖူးရ၍ အပန်းလည်းပြေစေသော ခရီးဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှု အတန်ရှိလာသည့် ဤမျှဘက်ခေတ်တွင် ပြည်ပမှ မြန်မာနိုင်ငံသို့လာရောက်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များလည်း မြန်မာနိုင်ငံအထက်ပိုင်း ပုဂံ၊ ပုပ္ပါးဒေသအပြင် ကျိုက်ထီးရိုးဘုရားဖူးအပန်းဖြေခရီးစဉ်ကိုပါ စိတ်ဝင်စားလာကြ၏။ ၂၀၁၆ ခုနှစ် ပထမလေးလအတွင်း နိုင်ငံခြားသားငါးသောင်းခန့် ကျိုက်ထီးရိုးစေတီသို့ သွားရောက်ဖူးမြော်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

ကျိုက်ထီးရိုးတောင်အောက်ဘက် စခန်းတစ်ထောက်နားရာ ရသေ့တောင်အတက်တွင် အပန်းဖြေစခန်းတစ်ခုကို စိတ်ကူးဖြင့် တည်ဆောက်ကြည့်မိပါသည်။ တစ်ဆက်တည်း ရသေ့တောင်အပန်းဖြေစခန်းမှ ကျိုက်ထီးရိုးတောင်ကြော ခြသေ့်နှစ်ကောင်အနီးသို့ ဝေဟင်ရထား (Sky Train) ခေါ်ခေါ်၊ ကောင်းကင်ကား (Cable Car) ခေါ်ခေါ် ညင်သာမြန်ဆန်၍ အချိန်မရွေးတက်ဆင်းနိုင်သည့် အစီအစဉ်လည်း ပါဝင်ရမည်ဖြစ်ပါသည်။

အပန်းဖြေစခန်းမှသည် ဝေဟင်လမ်းကြောင်းတစ်လျှောက် စိမ်းလန်းသော သစ်ပင်တောတောင်များကိုဖြန့်ကြက်ကြည့်ရှု၍ လမ်းကြောင်းအောက်၌ ရေတံခွန်စမ်းချောင်းများနှင့် ဥယျာဉ်ပန်းမန် မြက်ခင်းတို့ကို ရှုစားဖြတ်သန်းကြရမည့် အပန်းဖြေခရီးမျိုးဖြစ်ပါသည်။ ထိုသို့အံ့ဩကျေနပ်ဖွယ်ရာခရီးကို ဖြတ်သန်းပြီး ပိုမိုအံ့ဩဖွယ်ရာကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြရပါမည်။

ရသေ့တောင် အပန်းဖြေစခန်းထောက် တည်ရှိသွားခြင်းအားဖြင့် စေတီတော်ရင်ပြင်၌ တစ်ညတာအိပ်စက်နားနေမှုကို လျော့ကျစေနိုင်ပါသည်။ စေတီတော်နှင့် အပန်းဖြေစခန်း ဝေးထားသော်လည်း လွယ်ကူလျင်မြန်သော ဆက်သွယ်ရေးကြောင့် အနီးလေးပင် ဖြစ်စေသည်။ တောင်အောက်အပန်းဖြေစခန်း၌ အပန်းဖြေနားနေသူများလာသလောက် ဘုရားပေါ်၌လည်း အတက်အဆင်းမပျက် စည်ကားလျက်ပင် ရှိနေမည်ဖြစ်ပါသည်။ အပန်းဖြေစခန်း၌အဆောက်အအုံပြည့်ပြည့်စုံစုံထားရှိခြင်း၊ သဘာဝတောတောင် မပျက်စီးစေဘဲ ဥယျာဉ်တည်ဆောက်ခြင်း၊ ဝေဟင်ရထား၊ (ကောင်းကင်ကား) လမ်းတစ်လျှောက် သံတိုင်များနှင့် Cable ကြိုးများသာရှိ၍ သစ်ပင်များကို ရှောင်ကွင်းလျက် သွားလမ်းတည်ဆောက်ထားခြင်း၊ မြေပြင်လမ်းကြောင်းတစ်လျှောက် ရာသီမရွေး ပန်းဥယျာဉ်စိုက်ပျိုးထားခြင်းကိုလည်း စီမံကိန်းတွင် ပါဝင်စေရမည်ဖြစ်ပါသည်။ ဘုရားဖူးများသည် သဘာဝတောတောင်ဥယျာဉ်ကြီးတစ်ခုပေါ်မှ ပတ်ဝန်းကျင်သစ်တော ရှုခင်းများကို အဝေးအနီးကြည့်ရှုခံစားရင်း ဖြတ်သန်းရသော အံ့ဩဖွယ်ပျော်ရွှင်ဖွယ်ခရီးစဉ် ၌ မိန်းမောလိုက်ပါ နိုင်ကြမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာဘုရားဖူးများ တွေ့ကြုံခံစားဖူးကြပါသည်။ ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်ကြောပေါ်ရှိ ဂျပန်ဗုဒ္ဓဘာသာများတည်ထားသည့် ဝိသျှန္တိစေတီသို့ Cable Car ဖြင့် ပို့ဆောင်ပေးပါသည်။ Cable Car ဆိုသော်လည်း ဘုရားပွဲရဟတ်များတွင် အသုံးပြုသော တစ်ယောက်စီးပုခက်ဖြင့် ကုလားထိုင်သဘောမျိုး လိုက်ပါစီးနင်းရသည်။ ပတ်ဝန်းကျင်တောတောင် စိမ့်စမ်းလည်းမရှိ။ တောတန်းအနည်းငယ်နှင့် ကုန်းခြောက်ခြောက်ကို ဖြတ်သန်းပြီး မိနစ်အနည်းငယ်နှင့် ရောက်ရှိသွားသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်စရာလည်း မတွေ့ရပါ။

**စာမျက်နှာ (၂၀) သို့**

# ကွမ်းစားခြင်းမှပေးနေသော ဘေးထွက်ဆိုးကျိုးများ



**à မြန်ဂုဏ်ဆောင်**

ကွမ်းစားခြင်းက ကျန်းမာရေးကို ထိခိုက်စေနိုင်စွမ်းသည်။ ကွမ်းက ပါးစပ်နှင့်သွားများကို ညစ်ပတ်စေသည်။ ကွမ်းချိုးများကြောင့် သွားများနီရဲလာသည်။ သွားဖုံးရောဂါဖြစ်သည်။ ခံတွင်းရောဂါဖြစ်သည်။ ပါးစောင်တွင် ကြာမြင့်စွာငုံထားပါက ခံတွင်းအမြေးပါးများပျက်စီးရသည်။

ကွမ်းယာတွင်ထည့်စားသော ဆေးရွက်ကြီးတွင် နီကိုတင်းဓာတ်ပါရှိသောကြောင့် ဘေးထွက်ဆိုးကျိုး ခံစားရသည်။ ညအိပ်ရာဝင်တွင် ကွမ်းငုံ၍အိပ်သောလူတစ်ဦး နိုင်ငံခြားသို့ သွားရောက်ဆေးဝါးကုသခံရကြောင်း၊ ကုန်ကျစရိတ် သိန်း ၅၀၀ ကျော်မှ ကင်ဆာရောဂါပျောက်ကြောင်း သိခဲ့ရသည်။

လမ်းဘေးဈေးဆိုင်၊ ကွမ်းယာဆိုင်များတွင် ကွမ်းနှင့်အတူ ထုံး၊ ဆေးရွက်ကြီး၊ ရှားစေး၊ စမုန်စပါး၊ နွယ်ချို၊ ဖာလာ၊ လေးညှင်း၊ ဂုံခါး၊ အာမွေး၊ ဆေးရွက်ကြီးအမှုန့်၊ စင်ဂနယ်၊ နှပ်ဆေးများနှင့်အတူ အိန္ဒိယမှ ဝင်ရောက်လာသော ဆေးပေါင်းစုံတို့ကို မိမိကြိုက်နှစ်သက်သလို မှာစားနိုင်ကြသည်။

ကွမ်းစားခြင်းကြောင့် သွားများအားပိုးမဝင်နိုင်သော်လည်း ဘေးထွက်ဆိုးကျိုးအရ သွားဖုံးများပျက်စီးကြရသည်။ ကျောက်ကပ်ကျန်းမာရေး ပျက်ပြားရသည်။

လမ်းဘေးကွမ်းယာဆိုင်များ နေရာတိုင်းတွင် တွေ့ကြရသည်။ ကွမ်းစားသူများလည်း ပိုများလာသည်။ နေ့စဉ်ကွမ်းဖိုး ၅၀၀၊ ၁၀၀၀၊ ၂၀၀၀ကျပ်အထိ နေ့စဉ်အသုံးပြုကြသည်။

ကွမ်းယာဆိုင်များတွင် မှိုသတ်ဆေးဖြင့်ပိုးသတ်ထားသော ကွမ်းသီးများ၊ ဆေးရွက်ကြီး၊ ဆေးသကြား၊ ပျားရည်၊ အရက်ဦးရည်၊ နှပ်ဆေးရည်၊ ထုံး၊ ထုံးရည်၊ နိုင်ငံခြားကွမ်းဆေးများကို အသုံးပြုမှု နေရာတိုင်းတွင် တွေ့ကြရသည်။

နိုင်ငံခြားကွမ်းစားဆေးများတွင် နိုင်တီတူး၊ ဟန်ဒရက်၊ စစ်ဂနယ်၊ ဘုရင်မ၊ ဆာဂါ၊ ဖော်တီဖိုက်၊ ပါရာဂျက်ဆေး၊ ဓာတုဆေးဝါးများက တစ်ဖက်နိုင်ငံမှဝင်ရောက်လာသော ပစ္စည်းများဖြစ်သည်။ နိုင်ငံ၏ နိုင်ငံခြားထွက်ငွေ တိုးမြင့်လာရသည်။

ကွမ်းယာဆိုင်မှကွမ်းယာသူက စားသုံးသူစိတ်ကြိုက်အတိုင်း ကွမ်းကို ယာပေးကြသည်။ "နိုင်တီတူး၊ ထုံးလေးလေး၊ ပါရာဂျက်ပါးပါး၊ စပ်ကြား၊ နှပ်ဆေး၊ ထုံးလေးလေးဗမာဆေး၊ ဟန်ဒရက်၊ ဖာလာ" တို့ကို စားသုံးသူများစိတ်ကြိုက် မှာကြားသည့်အတိုင်း ကွမ်းယာဆိုင်မှ ကွမ်းယာပေးကြသည်။

ကွမ်းရောင်းသူများက ရော်ဘာလက်အိတ်စွပ်၍ ကွမ်းယာပြီး ပလတ်စတစ်အိတ်ငယ်အတွင်းသို့ ထည့်ပေးကြသည်။ နေ့စဉ် အချိန်ကုန်ကွမ်းယာကြသောသူများ ထုံးနှင့် နှပ်ဆေးကြောင့် လက်ချောင်းကလေးများ အနာဖြစ်ကြရသည်။

ကွမ်းစားသူကလည်း ပါးစပ်အတွင်း ကွမ်းယာကိုထည့်ပြီး သမအောင် လျှာဖြင့်မွှေနှောက်စားကြရသည်။ ပါးစောင်နှစ်ဖက်အား ဘယ်၊ ညာပြောင်း၍ ကွမ်းဝါးစားသည်။ ပါးစပ်၌ ကွမ်းတံတွေးများလာပါက အပြင်သို့ထွေးထုတ်လိုက်ကြသည်။ အချို့က ကွမ်းတံတွေးကို မျိုချကြသေးသည်။

အိန္ဒိယဆေးထဲတွင်ပါဝင်သော နီကိုတင်း (Nicotine) ဓာတ်က စားသုံးသူ၏စိတ်ကို စွဲလန်းစေသည်။ ခေါင်းထဲတွင် ရီဝေဝေဖြင့် စိတ်ကိုဖီလင်ဖြစ်စေသည်။ ကွမ်းယာကို တစ်ယာပြီးတစ်ယာ ထပ်ခါထပ်ခါစားချင်စိတ် ဖြစ်စေသည်။

ကွမ်းစားခြင်း၏ ဘေးထွက်ဆိုးကျိုးများက ကွမ်းစားသူ၊ ကွမ်းဝါးသူတို့၏ အခြေအနေ၊ အနေအထား၊ အဆင့်ပေါ်မူတည်၍ ခံစားကြရသည်။

တစ်ခါတစ်ရံမှသာ ကွမ်းစားသူက ချွေးထွက်လွန်သည်။ ရင်တုန်သည်၊ ခန္ဓာကိုယ်ပူနွေးလာသည်။ စားပြီးနောက်နေ့ အိပ်ရာမှအထ၌ ခံတွင်းချဉ်နေပြန်သည်။ လျှာနှင့်ပါးစောင်တို့၌ ထုံး၏ဘေးထွက်ဆိုးကျိုးကြောင့် ထူပိန်းနေသည်။ လည်ချောင်းယားယံပြီး ချောင်းဆိုးလာသည်။

